DAWEI DEVELOPMENT ASSOCIATION

TRIP NET
Tenasserim River & Indigenous People Networks

Southern Youth Development Organization

Myeik Lawyers Network

Green Network Mergui Archipelago



# “အရင်းအမြစ်ဝေမျှ ပူးပေါင်းအဖြေရှာ” စီမံကိန်း - မြန်မာ

## စုပေါင်းအစီရင်ခံစာ

## တနင်္သာရီ

## ၂၀၁၇ ~ ၂၀၂၁

ဇော်ထက်အောင်

ဧပြီလ
၂၀၂၁

Supported by -
IUCN National Committee of The Netherlands

**“အရင်းအမြစ်ဝေမျှ ပူးပေါင်းအဖြေရှာ” စီမံကိန်း (SRJS) - မြန်မာ**
စုပေါင်းအစီရင်ခံစာ - တနင်္သာရီ (၂၀၁၇ ~ ၂၀၂၀)

ဇော်ထက်အောင်
ဧပြီလ ၂၀၂၁

မိတ်ဘက်အဖွဲ့များ၏ လုပ်ငန်းများ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရလဒ်များကို မှတ်တမ်းပြုထားနိုင်ရန်၊ အဆိုပါရလဒ်များရေရှည်တည်တံ့ရေးအတွက် ဆက်လက်လုပ်ဆောင်သင့်သည့်အကြံဉာဏ်များကို နှီးနှောနိုင်ရန် ရည်ရွယ်၍ ဤအစီရင်ခံစာကိုပြုစုရခြင်းဖြစ်ပါသည်။

**မျက်နှာဖုံးပုံ** (ရှေ့) - တနင်္သာရီမြို့နယ်၊ သိန္နော့ကျေးရွာသို့သွားရာလမ်းတွင် မြင်တွေ့ရသည့် မြင်ကွင်း။ ဓါတ်ပုံ - ဇော်ထက်။

**မျက်နှာဖုံးပုံ** (*နောက်၊ ဝဲ*) - မော်ကင်းမိသားစုဝင်များအား တွေ့ရစဉ် (၂၀၂၀-မတ်လ) ဓါတ်ပုံ - ဇော်ထက်။

**မျက်နှာဖုံးပုံ** (*နောက်၊ ယာ*) - ရပ်ရွာလူထုကထိန်းသိမ်းထားသည့် သစ်တောအတွင်းမှ ကျောက်တုံးတစ်ခုတွင် ‘We Love forest’ စာတမ်းအား ရေးသားထားသည်။ ဓါတ်ပုံ - SY

**ကျေးဇူးတင်လွှာနှင့် ရှင်းလင်းချက်** -
ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် IUCN-NL မှ ပံ့ပိုးပေးထားပါသည်။

ဤအစီရင်ခံစာတွင်ပါဝင်သည့်အကြောင်းအရာများမှာ SRJS မြန်မာမိတ်ဘက်အဖွဲ့များနှင့်သာ သက်ဆိုင်ပြီး IUCN-NL ၏ သဘောထားများဖြစ်သည်ဟု မှတ်ယူရန်မလိုပါ။

မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့်အခြေအနေများကြောင့် မိတ်ဘက်အဖွဲ့များအနေနှင့် ဤအစီရင်ခံစာကို ပြန်လည်စစ်ဆေးအတည်ပြုခြင်း မပြုလုပ်နိုင်ခဲ့ပါ။

**Dawei Development Association (DDA)**
dda.dawei@gmail.com, aungphyo.tvy@gmail.com
FACEBOOK: /DaweiDevelopmentAssociation/

**Tenasserim River and Indigenous Peoples’ Network (TRIP NET)**
tripnet14@gmail.com, franktheera@gmail.com
FACEBOOK: /Tenasserim-River-Indigenous-People-Network-146293022727390/

**Southern Youth Development Organization (SY)**
sanngwe11@gmail.com, hsernaythar747@gmail.com
FACEBOOK: /Southern-Youth-Development-Organization-196347737738727/

**Myeik Lawyers’ Network (MLN)**
ayar007@gmail.com,
FACEBOOK: /myeiklawyersnetwork/

**Green Network Mergui Archipelago (GN)**
ironpoem@gmail.com,
FACEBOOK: /greenmyeik/

# Shared Resources Joint Solutions (SRJS) – Myanmar

# "အရင်းအမြစ်ဝေမျှ ပူးပေါင်းအဖြေရှာ" စီမံကိန်း - မြန်မာ

# စုပေါင်းအစီရင်ခံစာ

၂၀၁၇ ~ ၂၀၂၀

**ဇော်ထက်အောင်**

တနင်္သာရီ
ဧပြီ ၂၀၂၁

# မာတိကာ


**၁။ နိဒါန်း ........ 1**

၁.၁။ SRJS ကမ္ဘာ့အစီအစဉ် ........ 2

၁.၂။ SRJS မြန်မာ ........ 4

**၂။ မိတ်ဘက်များ၏ ပံ့ပိုးပါဝင်မှုများ (လုပ်ငန်းများ) ........ 7**

၂.၁။ ရပ်ရွာလူထုများကိုစည်းရုံးခြင်းနှင့် အားကောင်းစေခြင်း ........ 8

၂.၂။ ဌာနေတိုင်းရင်းသားအခွင့်အရေးများနှင့် သစ်တောထိန်းသိမ်းရေး ........ 11

၂.၃။ မြေ၊ သတ္တုထုတ်လုပ်ရေးနှင့် ငါးလုပ်ငန်းများ ........ 13

၂.၄။ ချိတ်ဆက်မှုနှင့် လှုပ်ရှားမှုဘောင် ........ 15

၂.၅။ ဥပဒေအထောက်အကူပြုများ ........ 18

**၃။ ရလဒ်များနှင့် အောင်မြင်မှုများ ........ 21**

၃.၁။ ရပ်ရွာလူထုနှင့် လူငယ်ခေါင်းဆောင်များကို အားကောင်းစေခြင်း ........ 22

၃.၁.၁။ လူငယ်ခေါင်းဆောင်များ ........ 22

၃.၁.၂။ ရပ်ရွာအခြေပြုအစုအဖွဲ့များ ........ 23

၃.၁.၃။ အားကောင်းလာသောရပ်ရွာလူထုများ ........ 25

၃.၂။ မူဝါဒနှင့် အလေ့အထပြောင်းလဲမှုများ ........ 27

၃.၃။ ဆွေးနွေးမှုများနှင့် မိတ်ဖွဲ့ဆောင်ရွက်မှုများ ........ 30

၃.၄။ ရေရှည်တည်တံ့သောစီမံခန့်ခွဲမှုနှင့် ပါဝင်မှုရှိသော ထိန်းသိမ်းစောင့်ရှောက်ရေး ........ 33

၃.၄.၁။ လူထုစီမံခန့်ခွဲမှုစနစ်များ ........ 33

၃.၄.၂။ လူထုပါဝင်မှုရှိသောထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ထပ်ပိုးကာကွယ်ခြင်း ........ 36

၃.၄.၃။ သစ်တောပြုန်းစေသည့်တွန်းအားများနှင့် ရင်ဆိုင်ခြင်း ........ 37

၃.၅။ အဖွဲ့တွင်းစွမ်းဆောင်ရည်များ ........ 40

၃.၆။ ဖြစ်ရပ်များ ........ 42

**၄။ ပူးပေါင်းဆောင်ရွက်မှုများ ........ 55**

၄.၁။ ပူးပေါင်းဆောင်ရွက်မှုအဆက်အစပ် ........ 56

၁။ ပေါင်းစည်းပံ့ဖော်သည့် စီမံကိန်းလုပ်ငန်းများ ........ 56

၂။ လုပ်ငန်းကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများ ........ 57

၃။ လူပ်ရှားမှုဘောင်ကို ထိန်းထားခြင်း ....58
၄.၂။ နိုင်ငံတကာအစီအစဉ်နှင့် ထိတွေ့မှုများ ....59

**၅။ အကန့်အသတ်များနှင့် စိန်ခေါ်မှုများ ....61**
၅.၁။ ပြင်ပ ပတ်ဝန်းကျင် ....62
၅.၁.၁။ အရပ်ဘက်လူပ်ရှားမှုဘောင် ....62
၅.၁.၂။ မူဝါဒများနှင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များ ....62
၅.၁.၃။ ဥပဒေမူဘောင်နှင့် လွှမ်းခြုံထိရောက်မှု ....63
၅.၁.၄။ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ....64
၅.၁.၅။ မိတ်ဘက်အဖွဲ့များ၏ လိုက်လျောညီထွေပြုမှုမှ ....65
၅.၂။ ရင်းမြစ်များနှင့် အဖွဲ့တွင်းစွမ်းရည်များ ....66
၅.၂.၁။ ရင်းမြစ်အကန့်အသတ်များ ....66
၅.၂.၂။ အဖွဲ့တွင်းစွမ်းရည်များ ....67
၅.၃။ အခြားအခက်အခဲများနှင့်စိန်ခေါ်မှုများ ....68
၅.၃.၁။ ဇာတ်ကောင်အသီးသီးနှင့်အတူ လုပ်ငန်း ဆောင်ရွက်ခြင်း ....68
၅.၃.၂။ ကိုဗစ် ....68

**၆။ နိဂုံးနှင့် ဆက်လက်ဆောင်ရွက်ရန်များ ....69**
၆.၁။ နိဂုံး ....70
၆.၂။ ဆက်လက်ဆောင်ရွက်ရန်များ ....71
၆.၂.၁။ ရလဒ်များအား ရေရှည်တည်တံ့စေခြင်း ....71
၆.၂.၂။ ရှေ့ဆက်ချိတက်ခြင်း ....71
၆.၂.၃။ ပြောင်းလဲနေသည့်ရပ်ဝန်းအလိုက် ပြုပြင်ပြောင်းလဲခြင်း ....72

**နောက်ဆက်တွဲများ ....75**
နောက်ဆက်တွဲ-၁။ မိတ်ဘက်အဖွဲ့များအကြောင်း ....76
နောက်ဆက်တွဲ-၂။ အဓိကပံ့ပိုးထုတ်ဝေမှုများ ....81
နောက်ဆက်တွဲ-၃။ သတင်းမီဒီယာများ၏ ကိုးကားချက်များ ....82

## အတိုကောက်စာလုံးများ

ALARM: Advancing Life and Regenerating Motherland
CAT: Conservation Alliance of Tanawtharyi
CBO: Community-based organization
CBT: Community Based Tourism
CF: Community Forest/ Community Forest Group
CSO: Civil Society Organization
DDA: Dawei Development Association
ECD: Environmental Conservation Department
EITI: Extractives Industries Transparency Initiatives
EMP: Environmental Management Action Plan
FUA: Forest Users Association
GAD: General Administration Department
GN: Green Network [*Full-name: Green Network Mergui Archipelago*]
ICCA: Indigenous and Community Conserved Areas
ICCA-NEWS: ICCA from the North, East, West and South
IP: Indigenous People
IPG: International Public Goods (Water, Land/Forest)
IPLCs: Indigenous and Local Communities
JMC: Joint Monitoring Committee
KNU: Karen National Union
LIOH: Land in Our Hands
MATA: Myanmar Alliance for Transparency and Accountability
MIC: Myanmar Investment Commission
MLN: Myeik Lawyers Network
MMG: Mining Monitoring Group
MOALI: Ministry of Agriculture, Livestock and Irrigation
MONREC: Ministry of Natural Resource and Environmental Conservation
MP: Member of Parliament
MSG: Multi-stakeholder Group
SNU: Sub-National Coordination Unit
SRJS: Shared Resources Joint Solution
SY: Southern Youth [*Full-name: Southern Youth Development Organization*]
TLF: Tanintharyi Land Forum
TOC: Theory-of-Change
TN: TRIP NET [*Full-name: Tenasserim River and Indigenous Peoples' Network*]
VFV/VFVL: The Vacant, Fallow and Virgin Land Management Law

**မှတ်ချက်။**

*တွက်ချက်မှုအားလုံးကို အနီးစပ်ဆုံးကိန်းဂဏန်းဖြင့် သတ်မှတ်ဖော်ပြပါသည်။*
*အလေးချိန်အတွက် မူရင်းသုံးစွဲသည့်ယူနစ်မှာ ပိဿာနှင့် ကျပ်သားဖြစ်သည်။ (၁ ပိဿာ = ၁၀၀ ကျပ်သား = ၃၆ ပေါင် = ၁.၆၃ ကီလို)*
*ငွေကြေးလဲလှယ်နှုန်းကို အမေရိကန် ၁-ဒေါ်လာလျှင် မြန်မာငွေ ၁,၃၀၀ ကျပ်ဖြင့် တွက်သည်။*
*ဧရိယာတွက်ချက်မှုများအတွက် တစ်ဧကလျှင် ၀.၄၀၅ ဟက်တာနှုန်းဖြင့် တွက်သည်။*

# ၁။ နိဒါန်း

တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ တောင်ဘက်တွင်တည်ရှိပြီး ရပ်သပ်ရှုမောဖွယ်ရာ ကမ်းခြေများ၊ တောင်တန်းများ၊ သစ်တောကြီးများဖြင့် အလှဆင်ထားသည်။ ဇီဝစုံလင်ကွဲပြားမှု၊ သယံဇာတကြွယ်ဝမှုတို့ဖြင့် တည်ရှိလျက်ရှိရာ ရင်းနှီးမြှုပ်နှံမှုများ၊ စီးပွားရေးလုပ်ငန်းများအတွက် မျက်စိကျရာဒေသတစ်ခုလည်း ဖြစ်နေသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများ (ဥပမာ - မြေသိမ်းခြင်း၊ အဓမ္မနှင်ထုတ်ခြင်းနှင့် ဓလေ့ထုံးတမ်းစနစ်များကို ပျက်စီးစေခြင်း စသဖြင့်)၊ သဘာဝပတ်ဝန်းကျင်အခွင့်အရေးချိုးဖောက်မှုများ (ဥပမာ - သစ်တောပြုန်းစေခြင်း၊ လေ/ရေထုများကို ညစ်ညမ်းစေခြင်းနှင့် သယံဇာတ အလွန်အကျွံထုတ်ယူခြင်း စသဖြင့်) ကို ယခုအချိန်ထိ ကြုံတွေ့ရလျက်ရှိသည်။

ထိုသို့သော အခွင့်အရေးချိုးဖောက်မှုများကို တားဆီးနိုင်ရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝအမျိုးစုံလင်ကွဲပြားမှုကို ထိန်းသိမ်းနိုင်ရန်၊ ဓလေ့ထုံးတမ်းစနစ်များကို ကျင့်သုံးလျက်ရှိနေကြသည့် ဌာနေတိုင်းရင်းသားများ၏ အခြေအနေများ တိုးတက်ကောင်းမွန်လာစေရန်အတွက် ထားဝယ်ဖွံ့ဖြိုးရေးအသင်း (Dawei Development Association)၊ Tennasserim River and Indigenous Peoples’ Network (TRIP NET)၊ တောင်ပိုင်းလူငယ်ဖွံ့ဖြိုးရေးအဖွဲ့ (Southern Youth Development Organization)၊ Green Network Mergui Archipelago နှင့် မြိတ်ရှေ့နေများကွန်ရက် (Myeik Lawyers Network) တို့က SRJS စီမံကိန်း (“အရင်းအမြစ်ဝေမျှပူးပေါင်းအဖြေရှာ”) (မြန်မာ) မိတ်ဘက်များအဖြစ် ၂၀၁၇-၂၀၂၀ ခုနှစ်များအတွင်း ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။ မိတ်ဘက်အဖွဲ့များ၏ မတူညီသော လုပ်ငန်းစဉ်။ ကြိုးစားအားထုတ်မှုများမှတဆင့် ပိုမိုကောင်းမွန်သောပတ်ဝန်းကျင်တစ်ခုဆီသို့ ပံ့ပိုးပေးခဲ့ကြပြီးဖြစ်သည့်အပြင် ၎င်းတို့ယုံကြည်သည့် မျှော်မှန်းချက်များအတိုင်း ဆက်လက်ချီတက်လျက်ရှိနေပါသည်။

သက္ကရာဇ်၂၀၂၀-ခုနှစ်ကုန်ဆုံးချိန်တွင် SRJS စီမံကိန်း၏ ပိတ်သိမ်းနေချိန်လည်း ဖြစ်သည်။ မြန်မာနိုင်ငံမှမိတ်ဘက်အဖွဲ့များသည်လည်း ၎င်းတို့၏ ဆိုင်ရာလုပ်ငန်းများကို အဆုံးသတ်လျက်ရှိကြသည်။ စီမံကိန်းဆောင်ရွက်ခဲ့သည့်နှစ်များအတွင်း ရည်ရွယ်ထားသည့်/ မရွယ်ရွယ်ပါပဲရရှိခဲ့သည့် ရလဒ်များမှာ မိတ်ဘက်အဖွဲ့များအားလုံး၏ ကြိုးစားမှုများပင်ဖြစ်သည်။ အဆိုပါကြိုးစားအားထုတ်မှုများသည် ဒီမိုကရေစီကူးပြောင်းမှု ကနဦးအဆင့်၌ပင်ရှိနေသေးသည့် မြန်မာနိုင်ငံအတွက် အထူးအရေးကြီးပါသည်။

သို့ဖြစ်ရာ မိတ်ဘက်အဖွဲ့များ၏ လုပ်ငန်းများ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရလဒ်များကို မှတ်တမ်းပြုထားနိုင်ရန်၊ အဆိုပါရလဒ်များရေရှည်တည်တံ့ရေးအတွက် ဆက်လက်လုပ်ဆောင်သင့်သည့် အကြံဉာဏ်များကိုနှီးဆွေးနိုင်ရန် အလွန်အရေးကြီးပါသည်။ ထို့အတွက် ဤအစီရင်ခံစာကို ပြုစုရခြင်းဖြစ်ပါသည်။

ဤအစီရင်ခံစာကို အောက်ပါရည်ရွယ်ချက်များဖြင့် ပြင်ဆင်ပါသည် -

၁။ မိတ်ဘက်အဖွဲ့များပါဝင်ပံ့ပိုးခဲ့ကြသည့် ရလဒ်များကို မှတ်တမ်းပြုရန်

၂။ ဖြစ်မြောက်သည့်/မဖြစ်မြောက်သည့် လုပ်ငန်းများကို သုံးသပ်ဆင်ခြင်နိုင်ရန်နှင့် အနာဂတ် စီမံကိန်းများအတွက် အကြံပြုနိုင်ရန်

၃။ ပိုမိုကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံကိန်းများ၊ စိတ်ကူးအကြံဉာဏ်များ ပေါ်ထွက်လာစေရန်

ရန်ကုန်၊ ဇန်နဝါရီ ၂၀၂၁


# ၁.၁။ SRJS ကမ္ဘာ့အစီအစဉ်

“အရင်းအမြစ်ဝေမျှ ပူးပေါင်းအဖြေရှာ” (SRJS) စီမံကိန်းသည် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ IUCN-နယ်သာလန် နှင့် WWF-နယ်သာလန် တို့အကြား ၅-နှစ်တာ မိတ်ဘက်ပြုဆောင်ရွက်သည့် စီမံကိန်းဖြစ်သည်။ စီမံကိန်းအတွင်း ဝင်ငွေနည်းနိုင်ငံများနှင့် အလယ်အလတ်ဝင်ငွေရှိသည့် နိုင်ငံပေါင်း ၁၆-နိုင်ငံမှ အဲန်ဂျီအို ၅၀-ကျော်နှင့် အရပ်ဘက်အဖွဲ့အစည်းများစွာ ပါဝင်သည်။ စီမံကိန်း၏ ရည်ရွယ်ချက်မှာ ရာသီဥတုပြောင်းလဲမှုကို ကာကွယ်နိုင်ရန်၊ ရေနှင့် စားနပ်ရိက္ခာ ဖူလုံရန်အတွက် ဇီဝအမျိုးစုံလင်မှုနှင့် ဂေဟစနစ်များကို ကာကွယ်ရန်ဖြစ်သည်။ စီမံကိန်းလုပ်ငန်းများအတွင်း အစိုးရများနှင့် စီးပွားရေးလုပ်ငန်းများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်း/ဥပဒေများကို လေးစားလိုက်နာမှု၊ ပွင့်လင်းမြင်သာမှုတို့အတွက် ဦးတည်ဆောင်ရွက်ကြမည့် အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များကို တိုးမြှင့်စေခြင်းများလည်း ပါဝင်သည်။

သဘာဝဂေဟစနစ်များသည် သားရိုင်းမျိုးစိတ်များအားလုံးနှင့် လူတို့ အသက်ရှင်မှီခိုရာနေအိမ်ဖြစ်သကဲ့သို့ ရေချိုနှင့် ရာသီဥတု စသည့် အရေးကြီးသည့် အရာများကိုလည်း ပံ့ပိုးပေးလျက်ရှိနေသည်။ တရားလွန်ထုတ်ယူသုံးစွဲမှုပုံစံများနှင့် ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များသည် ကမ္ဘာတစ်ဝှမ်းရှိ ဂေဟစနစ်များအပေါ် ဖိအားပေးလျက်ရှိနေသည်။ ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးရေးဟူသည် စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးတန်ဖိုးများအကြား မျှခြေကိုထိန်းထားခြင်းပင်ဖြစ်သည်။ အဆိုပါဦးတည်ချက်ကို မျှော်ရည်မှန်းသည့် SRJS စီမံကိန်းသည် အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကဒေသများရှိ နိုင်ငံ ၁၆-နိုင်ငံတွင် အရပ်ဘက်အဖွဲ့အစည်းပေါင်း ၂၀၀-နီးပါးဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့သည်။ မြစ်ကြီး ၁၉-စင်း၏ မြစ်ညာနှင့် မြစ်ဝကျွန်းပေါ်ဒေသများကဲ့သို့သော အဓိကနေရာများတွင် အဆိုပါဂေဟစနစ်များ၏ဝန်ဆောင်မှုများကို အမှီပြုလျက်ရှိကြသည့် ၁၉-သန်းကျော်သော လူထုများအတွက် နေအိမ်ပင်ဖြစ်သည်။ အဆိုပါနေရာများသည် ကမ္ဘာ့စီးပွားရေးလုပ်ငန်းကြီးများ၏ ဖိအားများစွာကို ခံနေရသည့်နေရာများလည်းဖြစ်သည်။ ဤအခြေအနေသည် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်နိုင်သကဲ့သို့ မတူညီသည့် ပါဝင်ပတ်သက်နေသူများအကြား အရင်းအမြစ်လုယက်မှုကြီးထွားလာမည့်အခြေအနေတစ်ရပ်လည်းဖြစ်သည်။

ရေရှည်တည်တံ့သည့်သယံဇာတစီမံအုပ်ချုပ်မှုအတွက် ပါဝင်ပတ်သက်နေသူများ တာဝန်ခံနိုင်ရေး ဒေသအသီးသီးရှိ အရပ်ဘက်အဖွဲ့အစည်းများ၏ ဆောင်ရွက်မှုကို SRJS က အားပေးသည်။ ကဏ္ဍစုံပါဝင်ချိတ်ဆက်မှုဖြစ်စေရန်အတွက် အားလုံးပါဝင်ပူးပေါင်းမှုနှင့် အချက်အလက်ကိုအခြေခံသည့် ချဉ်းကပ်မှုကို အသုံးပြုသည်။ ထို့အတွက် ရလဒ်ကောင်းများလည်း ထွက်ပေါ်ခဲ့သည်။ ၂၀၁၈-ခုနှစ်တွင် အစိုးရ၊ ကုမ္ပဏီ၊ လူထုနှင့် အခြားပါဝင်ပတ်သက်သူများအကြား မူဝါဒပိုင်းနှင့် အပြုအမူပိုင်းဆိုင်ရာ ပြောင်းလဲမှု ၃၅၀-ကျော်ကို တွေ့ရှိခဲ့ရသည်။ ရှုပ်ထွေး၍ (တခါတရံ) အန္တရာယ်များသော အခြေအနေများအတွင်းမှာပင် ကျွန်ုပ်တို့မိတ်ဘက်အဖွဲ့များ၏ ခိုင်မာသောကတိကဝတ်များဖြင့် ကြိုးစားအားထုတ်မှုများကို အဆိုပါရလဒ်များက သက်သေခံလျက်ရှိသည်။ မိတ်ဘက်အဖွဲ့များသည် ရပ်ရွာဒေသရှိလှုပ်ရှားမှုများနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို ပံ့ပိုးပေးခြင်းအပြင် နိုင်ငံတွင်းနှင့် နိုင်ငံတကာ အဝန်းအဝိုင်းအတွင်း ပြောင်းလဲရေးများအတွက် အစဉ်တစိုက်ဆောင်ရွက်လျက်ရှိနေကြသည်။ မိတ်ဘက်များအတူပူးပေါင်း၍ ယူဆမြင်မှတ်ပုံကွဲပြားသည့် ပါဝင်ပတ်သက်သူအသီးသီးနှင့် ချိတ်ဆက်ကာ ကျွန်ုပ်တို့၏ အကန့်အသတ်များကို ဖြန့်ထွက်ကျော်လွှားခဲ့ကြပြီးဖြစ်ပါသည်။

*SRJS ၏ နောက်ဆုံးရသတင်းအချက်အလက်များကို ဤနေရာတွင်ကြည့်ပါ -*
*https://www.iucn.nl/en/partnership/shared-resources-joint-solutions*
https://mailchi.mp/srjs/video




ပုံ-၁။ SRJS စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာနေရာများနှင့် အဓိကဆောင်ရွက်ချက်များ (၂၀၁၆~၂၀၂၀)


## ၁.၂။ SRJS မြန်မာ

SRJS စီမံကိန်းအတွင်း မြန်မာနိုင်ငံမှ အရပ်ဘက်အဖွဲ့အစည်း(၅)ဖွဲ့က ပါဝင်ဆောင်ရွက်ခဲ့သည်။ ထားဝယ်အခြေစိုက်အဖွဲ့များဖြစ်ကြသည့် DDA နှင့် TRIP NET ၊ မြိတ်အခြေစိုက်အဖွဲ့များဖြစ်ကြသည့် တောင်ပိုင်းလူငယ်ဖွံ့ဖြိုးရေးအဖွဲ့ (Southern Youth Development Organization)၊ Green Network Mergui Archipelago နှင့် မြိတ်ရှေ့နေများကွန်ရက် (Myeik Lawyers Network) တို့ ပါဝင်ခဲ့ကြသည်။ SRJS-မြန်မာ မိတ်ဘက်အဖွဲ့များတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဓလေ့ထုံးတမ်းစနစ်ကျင့်သုံးကြသူများနှင့် ဌာနေတိုင်းရင်းသားတို့၏ အခွင့်အရေးများအတွက် မတူကွဲပြားသည့်လုပ်ငန်းစဉ်များနှင့် ချဉ်းကပ်မှုများရှိကြသည်။ တစ်ဖွဲ့ချင်းစီ၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များကွဲပြားကြသော်လည်း ငြိမ်းချမ်း၍ ဒီမိုကရေစီညီညွတ်သည့် ပြည်ထောင်စုတည်ဆောက်ရေးမှ ပိုမိုကောင်းမွန်သော ကမ္ဘာ့ရပ်ဝန်းတစ်ခုဖြစ်လာရေးအတွက် ပံ့ပိုးဆောင်ရွက်လျက်ရှိကြသည်။ မိတ်ဘက်အဖွဲ့များအတွင်း အချို့မှာ ကရင်အဖွဲ့အစည်းများဖြစ်ကြပြီး (TN & SY) ၎င်းတို့ လုပ်ငန်းဆောင်ရွက်ရာ ဒေသများတွင် ကေအဲန်ယူထိန်းချုပ်နယ်မြေများပါဝင်သည့်အပြင် ဌာနေတိုင်းရင်းသားဆိုင်ရာ ကိစ္စရပ်များလည်း ပါဝင်သည်။ ထိုသို့ နယ်မြေအခြေအနေကွဲပြားခြင်း၊ အစိုးရယန္တရားများ၏ ထိရောက်လွှမ်းမိုးမှုပုံစံ ကွဲပြားခြင်းများက မိတ်ဘက်အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု၊ ချဉ်းကပ်မှုပုံစံများကိုလည်း ကွဲပြားစေသည် -- ဥပမာအားဖြင့် သစ်တောထိန်းသိမ်းရေးပုံစံများ။ မိတ်ဘက်အဖွဲ့များ၏ လုပ်ငန်းအမျိုးအစားများကိုလည်း အကြမ်းအားဖြင့် အုပ်စုခွဲ၍ရှုမြင်နိုင်သည် -- ကျယ်ပြန့်သည့် လုပ်ငန်းကဏ္ဍအတွင်း လှုပ်ရှားမှုများကိုအဓိက ထားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဒုတိယအလေးပေးသည့်ပုံစံ (DDA & MLN) နှင့် ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးရေးအတွက် အောက်ခြေအဆင့်၌ ခိုင်မာစွာ စွာတည်ဆောက်ရေးကို ဦးစားပေးသည့်ပုံစံ (TN, SY & GN)။ (မိတ်ဘက်အဖွဲ့ များ၏ လုပ်ငန်းများခြုံငုံသုံးသပ်ချက်ကို ဇယား-၁ တွေ့နိုင်သည်)။ မြန်မာမိတ်ဘက်အဖွဲ့များသည် ၂၀၁၆-နှစ်ကုန်ပိုင်းမှစ၍ SRJS နှင့် လက်တွဲဆောင်ရွက်ခဲ့ကြပြီး ၄-နှစ်တာကာလအတွင်း ထိန်းသိမ်းရေးလုပ်ငန်းများ၊ ဌာနေတိုင်းရင်းသားအရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ SRJS ၏မူဘောင်အရ မိတ်ဘက်အဖွဲ့တစ်ဖွဲ့ချင်း၏ လုပ်ငန်းများနှင့် သက်ဆိုင်သည့် အခြားသော မိတ်ဖွဲ့ဆောင်ရွက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အသိအမှတ်ပြုအားပေးသည်။ ပူးပေါင်းဆောင်ရွက်မှုများအားလုံးသည် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ "ဌာနေတိုင်းရင်းသားများအနေနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးဆောင်ကဏ္ဍမှပါဝင်နိုင်ရန်" ရည်ရွယ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဌာနေတိုင်းရင်းသားတို့၏ဘဝများ တိုးတက်စေရေးအတွက် စီမံကိန်းလုပ်ငန်းများ၊ ချဉ်းကပ်မှုများတွင် အောက်ခြေမှ အထက်သို့ တွန်းအားပေးပြီး လူထုကဦးဆောင်သည့် ထိန်းသိမ်းရေးပုံစံဖြစ်ရန် လိုအပ်သည်။ လူနှင့်သစ်တော၏အပြန်အလှန်ဆက်နွယ်မှုကို အလေးထားစဉ်းစားဆောင်ရွက်ရန်လိုသည်။ အဆိုပါချဉ်းကပ်မှုနှင့် ထိန်းသိမ်းရေးပုံစံကို အသုံးပြုသည့် နိုင်ငံတကာစီမံကိန်းအနည်းငယ်တွင် SRJS လည်း ပါဝင်သည်။ ထို့အတွက် ဌာနေတိုင်းရင်းသား အခွင့်အရေးများအတွက်၊ မြေအငြင်းပွားမှုများနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာပြဿနာများ ဖြစ်ပေါ်စေသော ဖွံ့ဖြိုးရေးအမည်ခံစီမံကိန်းများ/ထိန်းသိမ်းရေးစီမံကိန်းများကို ဆန့်ကျင်တိုက်ပွဲဝင်လျက်ရှိကြသည့် မိတ်ဘက်အဖွဲ့များ၏ ယုံကြည်လက်ခံမှုကို ရရှိခြင်းဖြစ်သည်။ SRJS-မြန်မာစီမံကိန်းအတွက် လုပ်ငန်းအစီအစဉ်ကို မိတ်ဘက်များအတူတကွ ရေးဆွဲခဲ့ကြပြီး ၄-နှစ်တာကာလအတွင်း ရလဒ်များစွာရူးဆွတ်နိုင်ခဲ့သည်။ ရလဒ်များသည် လုပ်ငန်းတစ်ခု၊ အဖွဲ့တစ်ဖွဲ့ကြောင့်မဟုတ်ပဲ မိတ်ဘက်အဖွဲ့များ အစဉ်တစိုက်ဆောင်ရွက်ခဲ့သည့် ကြိုးစားအားထုတ်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ၊ မိတ်ဖွဲ့ဆောင်ရွက်မှုများကြောင့်သာဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ၂၀၂၀-နှင့်အတူ အပြီးသတ်ခဲ့သည့် စီမံကိန်းတစ်ခုသည် ဆက်လက်ချီတက်နေရဦးမည့် ခရီးရှည် တစ်ခုအတွင်းမှ မှတ်ကျောက်တစ်ခုပင် ဖြစ်ပါသည်။

ပုံ-၂။ ကမ္ဘာ့မြေပုံ (ဝဲ)နှင့်
ပုံ-၃။ တနင်္သာရီတိုင်းဒေသကြီးမြေပုံနှင့် SRJS-မြန်မာ မိတ်ဘက်အဖွဲ့များ အခြေပြုနေရာပြပုံ (ယာ)။









*ပုံ-၄။ SRJS မြန်မာ၏ စီမံကိန်းဆောင်ရွက်မှုမူဘောင် (Theory-of-Change)*

# ၂။ မိတ်ဘက်များ၏ ပံ့ပိုးပါဝင်မှုများ (လုပ်ငန်းများ)




(the outco… successes are described in chapter 3)

ပုံ-၅။ အတူရေးဆွဲထားသော စီမံကိန်းလုပ်ငန်းစဉ်(နှင့် TOC) အတွင်း မိတ်ဘက်အဖွဲ့များ၏ ပံ့ပိုးပါဝင်မှုသရုပ်ဖော်ပုံ

# ၂.၁။ ရပ်ရွာလူထုများကိုစည်းရုံးခြင်းနှင့် အားကောင်းစေခြင်း

*IPLCs များ အားကောင်းရေးအတွက် SRJS မိတ်ဘက်များက ၎င်းတို့ဒေသအသီးသီးတွင် ၎င်းတို့ကိုယ်ပိုင်ချဉ်းကပ်မှုပုံစံများဖြင့် ဆောင်ရွက်ကြသည်။*

**ရပ်ရွာအခြေပြုအဖွဲ့များ (GN)**

GN အနေနှင့် သစ်တောနှင့် ငါး(ရေ)သယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့ရေးအတွက် ဦးတည်ဆောင်ရွက်သည်။ ရပ်ရွာလူထုများ၏ စုပေါင်းတောင်းဆိုခြင်းနှင့် ၎င်းတို့၏အခွင့်အရေးများကို ကာကွယ်ခြင်းများအတွက် ရပ်ရွာအခြေပြုအဖွဲ့များ ဖြစ်လာစေရန် ပံ့ပိုးပေးသည်။ ဒီရေတောထိန်းသိမ်းရေးအတွက် အစုအဖွဲ့ပိုင် သစ်တောထိန်းသိမ်းရေးအဖွဲ့များ (CFs) ဖွဲ့စည်းခြင်း၊ ရေရှည်တည်တံ့သော သစ်တောထိန်းသိမ်းမှုနှင့် ဝင်ငွေရလုပ်ငန်းများစီမံခန့်ခွဲရေးအတွက် သစ်တောအသုံးပြုသူများအသင်း (FUAs) ဖွဲ့စည်းခြင်း၊ သတ္တုလုပ်ကွက်စောင့်ကြည့်ရေးအဖွဲ့များ (MMGs) ဖွဲ့စည်းခြင်း/၎င်းတို့ကို ပံ့ပိုးခြင်းများအတွက် DDA, MATA[1] တို့နှင့် လက်တွဲဆောင်ရွက်ခြင်း၊ ရေလုပ်သားမိတ်ဖက်အဖွဲ့များ(FAs) ကို ပံ့ပိုးပေးခြင်းများ ပါဝင်သည်။

SY သည် ရပ်ရွာလူထုများ၏ အင်အားကို ယုံကြည်သည့်အလျောက် ရပ်ရွာအခြေပြုအဖွဲ့များ ပေါ်ပေါက်လာရန် တိုက်တွန်းနှိုးဆော်ခြင်းများ၊ ပံ့ပိုးခြင်းများ၊ လူငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းများကို ပြုလုပ်သည်။ SY ၏ လုပ်ငန်းဆောင်ရွက်ရာနေရာများအတွင်း ရပ်ရွာအခြေပြုအဖွဲ့ ၄-ဖွဲ့ ရှိနေပြီး ဦးဆောင်မှု/ စီမံခန့်ခွဲမှု၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဂျန်ဒါ၊ ပူးပေါင်းပါဝင်မှုဖြင့် သုတေသနပြုလုပ်ခြင်း စသည့် သင်တန်းများကိုလည်း ပံ့ပိုးပေးထားသည်။

လုပ်ငန်းများအားလုံးတွင် ကျားမညီမျှစွာပါဝင်နိုင်ရန်နှင့် လူငယ်များ၏ စွမ်းဆောင်ရည်များ တိုးမြှင့်နိုင်ရန် ထည့်သွင်းစဉ်းစားပြီး လက်တွေ့လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို သက်ဆိုင်ရာဒေသအသီးသီးရှိ ရပ်ရွာအဖွဲ့များနှင့်ဆွေးနွေးတိုင်ပင်ဆောင်ရွက်သည်။ မူဝါဒနှင့် အပြုအမူပြောင်းလဲရေးအတွက် အစိုးရဌာနများ၊ ပါဝင်ပတ်သက်သူများကို ချိတ်ဆက်တွန်းအားပေးရသည့် လုပ်ငန်းများ၌လည်း ရပ်ရွာအဖွဲ့များ၏ ဦးဆောင်မှုကို ပေါ်လွင်စေသည်။

ဆီအုန်းကဏ္ဍအတွင်း အောင်မြင်စွာဆောင်ရွက်နိုင်သည့်ဖြစ်ရပ်များ၊ အထက်မှအောက်သို့ တွန်းအားပေးစီစဉ်သည့် ထိန်းသိမ်းရေးစီမံကိန်းများအား ဟန့်တားနိုင်ခဲ့သည့်ဖြစ်ရပ်များ၊ သစ်တောထိန်းသိမ်းခြင်းများသည် ရပ်ရွာလူထုများ၏ အင်အားများ၊ ရပ်ရွာအခြေပြုအဖွဲ့များ၏ပေါင်းစည်းအားများဖြင့် ဖြစ်မြောက်စေခြင်းဖြစ်သည်။



*ပုံ-၆။ သင်တန်း/ဆွေးနွေးပွဲတစ်ခုတွင် လူထုအခြေပြုသစ်တောဆိုင်ရာ ဆွေးနွေးချက်များကို အမျိုးသမီးတစ်ဦးက ပြန်လည်တင်ပြနေစဉ်။ ဓါတ်ပုံ - GN*

**TCVS အစီအစဉ် (TN)[2]**

TRIP NET (TN) သည် လူထုများ၏ ကြံ့ကြံ့ခံနိုင်မှုနှင့် စွမ်းဆောင်နိုင်မှုများကို ယုံကြည်သည့်အလျောက် TCVS အစီအစဉ်ကို ၂၀၁၇-ခုနှစ်မှစ၍ ဒီဇိုင်းရေးဆွဲ အကောင်အထည်ဖော်ခဲ့သည်။ အနာဂတ်ခေါင်းဆောင်များဖြစ်လာမည့် လူငယ်များကို ဦးတည်ရည်ရွယ်သော ၈-လတာ ကြာမြင့်သည့် သင်တန်းဖြစ်သည်။ TCVS အစီအစဉ်ကို စာသင်ခန်းသင်ယူမှုအပြင် ရပ်ရွာလူထုအတွင်းလက်တွေ့ ကွင်းဆင်းလေ့ကျင့်မှုများနှင့် ပေါင်းစပ်ထားသည်။ သင်ရိုးအတွင်း ရပ်ရွာလူထုဖွံ့ဖြိုးရေး၊ သုတေသနနည်းနာများနှင့် ဆက်သွယ်ဆက်ဆံရေး၊ ရာသီဥတု ပြောင်းလဲမှုနှင့် လူထုသစ်တောစီမံခန့်ခွဲမှု၊ မြေ/ကုန်သွယ်ရေး/EITI တို့နှင့်ဆက်နွယ်သည့် ဥပဒေ/မူဝါဒလေ့လာခြင်းများ ပါဝင်သည်။ ရပ်ရွာတွင်းကွင်းဆင်းလေ့ကျင့်ခြင်းများအတွက် လူမှုစီးပွားဆန်းစစ်ခြင်း၊ ရပ်ရွာအသိပညာအခြေပြုသုတေသနပြုခြင်း၊ သစ်တောသုတေသနပြုခြင်း၊ သစ်တော/မြစ်ချောင်းနှင့် ဂေဟစနစ်များစောင့်ကြည့်ခြင်း၊ သားရိုင်းသဘာဝများလေ့လာခြင်းနှင့် ဂေဟစနစ်နှင့်ညီသည့် စိုက်ပျိုးရေးများကို လေ့ကျင့်ခြင်းများပါဝင်သည်။ သင်တန်းပြီးမြောက်အောင်မြင်သူများကို အလုပ်သင်များအဖြစ် TN ၏ လုပ်ငန်းဆောင်ရွက်မှုများတွင် ပါဝင်ခြင်း၊ ကလေးများအားအသိပညာပေးခြင်းတို့ကိုဆက်လက်ဆောင်ရွက်ခွင့်ပြုထားသည်။ TCVS သင်တန်းသားများကို (၂၀၁၇-၂၀၁၉ ခုနှစ်များအတွင်း) နှစ်စဉ်ခေါ်ယူခဲ့ပြီး သင်တန်းအပတ်စဉ် စုစုပေါင်း(၃)ကြိမ်မှ လူငယ်ခေါင်းဆောင် ၃၆-ဦးကို မွေးထုတ်ပေးခဲ့သည်။ သင်တန်းပြီးမြောက်သူများသည် ၎င်းတို့၏ သက်ဆိုင်ရာဒေသများ၌ ရပ်ရွာလူထုအကျိုးအတွက် ဆောင်ရွက်လျက်ရှိကြသည်။ ၎င်းတို့အနက် မလိကျွန်းများမှ သာဓကတစ်ခုမှာ သင်တန်းပြီးမြောက်ခဲ့သူတစ်ဦးသည် MAC-D ဟု အမည်ရသော မလိဒေသထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ၊ သစ်ခိုးထုတ်မှုများကို စောင့်ကြည့်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ TCVS သင်တန်းဆင်းပွဲများကို တိုင်းဒေသကြီးအစိုးရအရာရှိများ၊ ကေအဲန်ယူမှအရာရှိများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့များ၊ သင်တန်းသားများ၏ မိဘများ၊ မိတ်ဆွေများ ပါဝင်တက်ရောက်မှုဖြင့်ပြုလုပ်လေ့ရှိသည်။ သင်တန်းဆင်းပွဲများမှတဆင့်လည်း သက်ဆိုင်ရာ မူဝါဒရေးဆွဲသူများ၏ သဘာဝပတ်ဝန်းကျင်၊ သစ်တောနှင့် ဌာနေတိုင်းရင်းသားအခွင့်အရေး များအပေါ် အာရုံစိုက်မှုကို ရရှိစေခြင်းဖြစ်သည်။

**ဂျဲန်ဒါနှင့် လူငယ်များအတွက်အစီအစဉ်များ (DDA)**

Point B[3] နှင့် ပူးပေါင်း၍ပြုလုပ်သည့် SRJS ၏ ဂျဲန်ဒါနှင့် သယံဇာတစီမံခန့်ခွဲမှုသင်တန်းမှစ၍ DDA ၏ လုပ်ငန်းဆောင်ရွက်မှုများအတွင်း ကျားမပါဝင်မှုအချိုးကို အလေးပေးခြင်း၊ အမျိုးသမီးများပိုမိုပါဝင်နိုင်ရေးကို ထည့်သွင်းစဉ်းစားခြင်းများ ပြုလုပ်ခဲ့သည်။ သင်တန်း၊ ဆွေးနွေးပွဲနှင့် လုပ်ငန်းအစီအစဉ်များတွင် အသက်(၃) နှစ်အောက်ကလေးရှိသည့် အမျိုးသမီးများပါဝင်ပါက လိုအပ်သည့် ထပ်ဆောင်းကုန်ကျစရိတ်များကို ခွင့်ပြုနိုင်မည့်မူဝါဒကို DDA ၏ မူဝါဒများအတွင်း ၂၀၁၉-ခုနှစ်တွင် ပြောင်းလဲအတည်ပြုခဲ့သည်။ DDA အနေနှင့် အနာဂတ်ခေါင်းဆောင်များဖြစ်လာမည့်၊ နိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အဓိကကျသူများဖြစ်လာမည့် လူငယ်များ၏ စွမ်းဆောင်ရည်များနှင့်လုပ်နိုင်စွမ်းများ ပိုမိုကောင်းမွန်စေရေးကို အလေးထားသည်။ လူငယ်များအတွက် ၂-လကြာ စွမ်းဆောင်ရည်မြှင့်သင်တန်းအစီအစဉ်နှင့် လူငယ်များအကြား လေ့လာရေးခရီးစဉ် ၃-ခုကို SRJS စီမံကိန်းနှင့်အတူဆောင်ရွက်ခဲ့သည်။ သင်တန်းပြီးဆုံးသူများမှ ၄-ဦးသည် ယခုအခါ MATA လုပ်ငန်းအဖွဲ့တွင်ပါဝင်လာ နိုင်ပြီး တစ်ဦးမှာ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်လျက်ရှိသည်။ DDA အနေနှင့် တိုင်းအတွင်းလူငယ်ကွန်ရက်အားကောင်းရေးအတွက်လည်း ပံ့ပိုးလျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်၊ သယံဇာတနှင့် လူတို့အကြားဆက်နွယ်နေမှု၊ ကျေးလက် ဘဝများအတွင်း လူမှုသဟဇာတဖြစ်မှု၊ သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာ အလေ့အထ ကောင်းများ၏ အရေးပါမှုတို့ကို လက်တွေ့ကွင်းဆင်းလေ့လာနိုင်ရန်အတွက် ထားဝယ်တက္ကသိုလ်ကျောင်းသားများ၏ လေ့လာရေးအစီအစဉ်ကိုလည်း WWF ၊ ထားဝယ်တက္ကသိုလ် (အထူးသဖြင့် သတ္တဗေဒနှင့် ရုက္ခဗေဒဌာနများ) နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ထို့အပြင် မတူညီသောနောက်ခံအခြေအနေများနှင့် ယဉ်ကျေးမှုများကို ဖလှယ်လေ့လာနိုင်ရန်အတွက် နိုင်ငံတဝှမ်းရှိလူငယ်များနှင့် ထိုင်းနိုင်ငံမှ လူငယ်များအကြားလေ့လာရေးအစီအစဉ်တစ်ခုကိုလည်း ၂၀၁၉-ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည်။

**ဥပဒေအထောက်အကူပြုသင်တန်းများနှင့် ပံ့ပိုးကူညီမှုများ (MLN)**

SRJS မိတ်ဘက်အဖွဲ့များနှင့် ရပ်ရွာအတွင်း ဥပဒေအမြင်ဖွင့်သင်တန်းများကို MLN ပံပိုးပေးခဲ့ပြီး ရပ်ရွာလူထုလိုအပ်သည့် ဥပဒေရေးရာအကူအညီပေးခြင်းများကို ပံ့ပိုးဆောင်ရွက်သည်။ ဥပဒေအမြင်ဖွင့်သင်တန်းများကို ရပ်ရွာလူထု၏ လိုအပ်

ချက်များနှင့် မိတ်ဖက်အဖွဲ့များ၏ အဆိုပြုချက်များအလိုက် ပြင်ဆင်ခြင်းဖြစ်သည်။ အကြီးစားမြေယာရယူ/ချပေးသည့်ကိစ္စများ၊ မြေသိမ်းအမှုများ၊ လယ်နှင့်သီးနှံများ ပျက်စီးဆုံးရှုံးရသည့်ကိစ္စများ၊ တရားဆွဲခံရသည့်ကိစ္စများတွင် ဒေသခံလူထုလိုအပ် လျက်ရှိသည့် အကြံဉာဏ်များနှင့် ဥပဒေရေးရာအထောက်အကူများကို MLN က ပံ့ပိုးပေးသည်။

၂၀၁၈-၂၀၁၉ ခုနှစ်များအတွင်း မိတ်ဘက်အဖွဲ့များအတွက် ရည်ရွယ်ပြုလုပ်သည့် "သဘာဝပတ်ဝန်းရေးရာဥပဒေ" သင်တန်း/အလုပ်ရုံဆွေးနွေးပွဲကို MLN က စီစဉ် ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါသင်တန်းကို (IUCN ၏) ပတ်ဝန်းကျင်ရေးရာ ဥပဒေစင်တာနှင့် ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ အခွင့်အရေးများအတွက် ဆောင်ရွက်နိုင်မည့် အကြံဉာဏ်နှင့် နည်းလမ်းများ ရရှိပံ့ပိုးနိုင်ရန်၊ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် သဘောတူညီချက်များနှင့် လမ်းညွှန်ချက်များကို လေ့လာသိရှိနိုင်ရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။

*ပုံ-၇။ ဆီအုန်းကုမ္ပဏီ၏ တရားစွဲဆိုခြင်းခံရသည့် ချောင်းမွန်ငါးကျေးရွာမှ ဒေသခံများနှင့် တွေ့ဆုံစဉ်။ ဓါတ်ပုံ - MLN*



# ၂.၂။ ဌာနေတိုင်းရင်းသားအခွင့်အရေးများနှင့် သစ်တောထိန်းသိမ်းရေး

*သစ်တောနှင့်သဘာဝဇာတများထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများသည် ပြုမူဆောင်ရွက်သူအလိုက် (အစိုးရ၊ လူထု၊ အရပ်ဘက်အဖွဲ့အစည်းနှင့် နိုင်ငံတကာအဖွဲ့များ) ကွဲပြားသည်။*

**TRIP NET ၏ ချဉ်းကပ်မှု**

ယနေ့ကာလတွင် သစ်တောနှင့်သစ်တောသဘာဝဇာတများ ထိန်းသိမ်းရေးအတွက် အစိုးရ၊ ရပ်ရွာလူထုများ၊ ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ချဉ်းကပ်မှုပုံစံများစွာဖြင့် ပြုလုပ်လာကြသည်။ ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်မည့်သူများအတွက် TRIP NET ၏ အဓိကတိုက်တွန်းမှုမှာ ဌာနေတိုင်းရင်းသားများနှင့် သစ်တောသည် တစ်သားတည်းဖြစ်သည်၊ ဌာနေတိုင်းရင်းသားများသည် မြေ-သစ်တော-မြစ်ချောင်း-တောတောင်တို့နှင့် အပြန်အလှန်အမှီသဟဲပြုလျက်ရှိသည် ဟူသည့် အချက်ဖြစ်သည်။ တနည်းအားဖြင့် သစ်တောများထိန်းသိမ်းရေးအတွက် အဓိက အရေးကြီးသူမှာ ဌာနေတိုင်းရင်းသားဖြစ်ခြင်းဟု ဆိုလိုသည်။ ဌာနေတိုင်းရင်းသားအခွင့်အရေးများ ကာကွယ်မြှင့်တင်နိုင်ရန်နှင့် သစ်တောများထိန်းသိမ်းရန်အတွက် ကမိုသွေးဒေသတွင် သစ်တောနှင့် သဘာဝသယံဇာတများအတွက် လူထုစီမံခန့်ခွဲမှုစနစ်တစ်ခုကို TRIP NET က ထူထောင်ပေးခဲ့သည်။ ၂၀၁၈-ခုနှစ် မေလ၊ နေပြည်တော်တွင်ပြုလုပ်ခဲ့သည့် ဌာနေတိုင်းရင်းသားများနှင့် သစ်တောဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတစ်ခုတွင် ရှေ့ပြေးသုတေသနပြုလုပ်မည့် နေရာများရွေးချယ်ရာ၌ ကမိုသွေးဒေသသည် တစ်နေရာအဖြစ်ရွေးချယ်ခံခဲ့ရပြီး ကဏ္ဍစုံပါဝင်သည့်ဆွေးနွေးပွဲနှင့် ကွင်းဆင်းလေ့လာခြင်းများကို ဩဂုတ်လအတွင်း ကမိုသွေးဒေသ၌ပင် ပြုလုပ်ခဲ့ကြသည်။

အစိမ်းရောင်လုယက်မှုများမှ ကာကွယ်ခြင်း၊ ဌာနေတိုင်းရင်းသားအခွင့်အရေးများ မြှင့်တင်ခြင်းနှင့် သစ်တော/သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းများအတွက် အခြားအဖွဲ့အစည်းများနှင့် မိတ်ဘက်ပြုဆောင်ရွက်ခြင်းများကိုလည်း ပြုလုပ်သည်။ ဥပမာအားဖြင့် CAT[4] မိတ်ဖွဲ့ဆောင်ရွက်မှုတွင် TRIP NET အနေနှင့် ပါဝင်ဆောင်ရွက်ခြင်း။ (CAT မိတ်ဖွဲ့ဆောင်ရွက်မှုကို ၂၀၁၈-ခုနှစ်တွင် စတင်ခဲ့ပြီး လူထုကိုအသိပေးခြင်းမရှိသည့်၊ အထက်မှအောက်သို့ တွန်းအားပေးသည့်ပုံစံဖြင့် ချဉ်းကပ်သည့် ထိန်းသိမ်းရေးလုပ်ငန်းများအား တုံ့ပြန်နိုင်ရန်၊ လူထု၏အသံများကို ဖော်ထုတ်အားကောင်းစေရန် ရည်ရွယ်သည်။

ဌာနေတိုင်းရင်းသားများ စီမံထိန်းသိမ်းသည့်နေရာများ (ICCA) ဆိုင်ရာကိစ္စရပ်များအတွက် စီမံအုပ်ချုပ်မှုစနစ်များကို တရားဝင်ချိတ်ဆက်တွန်းအားပေးမည့် ၂၀၁၉-ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် ICCA NEWS[5] တွင်လည်း TRIP NET အနေနှင့် အကြံပေးလျက်ရှိသည်။ ICCA NEWS သည် အမျိုးသားအဆင့် စုစည်းထားသည့် စင်္ကြံတစ်ခုဖြစ်ပြီး တိုင်းဒေသကြီးအဆင့်တွင်စုစည်းထားသည့် ICCA အလုပ်အဖွဲ့[6] မှတဆင့် ဆက်လက်ပေါ်ထွက်လာခြင်းဖြစ်သည်။

**SY ၏ ချဉ်းကပ်မှု**

SY အဓိကဦးတည်သည့်လုပ်ငန်းကဏ္ဍများတွင် ဆီအုန်း၊ သစ်တောနှင့် သတ္တုကဏ္ဍများပါဝင်ပြီး ရပ်ရွာလူထုကိုအားကောင်းစေခြင်း၊ ရပ်ရွာအခြေပြုအဖွဲ့များ ပေါ်ပေါက်စေခြင်း၊ ဂျန်ဒါနှင့် လူငယ်များ၏ဆောင်ရွက်နိုင်စွမ်းများတိုးတက်စေခြင်း၊ ဌာနေတိုင်းရင်းသားအခွင့်အရေးများကို ကာကွယ်မြှင့်တင်ခြင်း၊ ဓလေ့ထုံးတမ်းမြေစနစ်များကိုမှတ်တမ်းပြုခြင်းနှင့် လူထုပါဝင်ဆောင်ရွက်သည့်သုတေသနပြုခြင်း စသည်တို့ကို ဆောင်ရွက်သည်။ SY ၏ လုပ်ငန်းဆောင်ရွက်ရာနယ်ပယ်သည် SRJS စီမံကိန်းနှင့်အတူ ကျယ်ပြန့် လာပြီး အပြန်အလှန်ချိတ်ဆက်လျက်ရှိသည့် ထိန်းသိမ်းရေးရှုမြင်ပုံများ၊ ဦးတည်ချက်များဖြင့် လုပ်ငန်းများပိုမိုဆောင်ရွက်နိုင်ခဲ့သည်။ SY အနေနှင့် တိုင်းအဆင့် ICCA အလုပ်အဖွဲ့တွင်လည်းကောင်း၊ အမျိုးသားအဆင့် ICCA NEWS တွင် လည်းကောင်း ချိတ်ဆက်ပါဝင်လျက်ရှိပြီး ဌာနေတိုင်းရင်းသားအခွင့်အရေးများ အတွက် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၉-ခုနှစ်တွင် လေညာနှင့် မနီးရုံးဒေသများရှိ ဓလေ့ထုံးတမ်းမြေစနစ်များကို မှတ်တမ်းပြုရန်၊ ကာကွယ်နိုင်ရန်အတွက် လူထုကိုယ်တိုင်ဆောင်ရွက်သည့် သုတေသနတစ်ခုကိုပြုလုပ်ခဲ့သည်။ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းသည် ဓလေ့ထုံးတမ်းစနစ်ကျင့်သုံးလျက်ရှိကြသည့် ရပ်ရွာလူထုများ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်ပြီး ယုံကြည်သက်ဝင်မှု၊ ယဉ်ကျေးမှုများ၊ သစ်တောထိန်းသိမ်းသည့်ပုံစံများဖြင့် ဆက်နွယ်လျက်ရှိကြောင်း သက်သေခံနိုင်ရန်အတွက် အဆိုပါသုတေသနကို ပြုလုပ်ခြင်းဖြစ်သည်။

## အစုအဖွဲ့ပိုင်သစ်တောများ (GN)

ကျွန်းစုမြို့နယ်တွင် အစုအဖွဲ့ပိုင်သစ်တောများထူထောင်ရေးအတွက် GN အနေနှင့် ၂၀၁၅-ခုနှစ်မှစတင်ကာ တိုက်တွန်းအားပေးခဲ့ပြီး ယခုအခါ သစ်တောဧက ၈,၀၀၀ ကျော်အတွက် အစုအဖွဲ့ပိုင်သစ်တောထိန်းသိမ်းရေးအဖွဲ့ ၅-ဖွဲ့ ဖွဲ့စည်းထားရှိပြီးဖြစ်သည်။ အဆိုပါပမာဏတွင် အစိုးရ၏အသိအမှတ်ပြုလက်မှတ်ရရှိထားပြီးသည့် ဧရိယာ ၁,၅၀၀ နီးပါးပါဝင်သည်။

အစုအဖွဲ့ပိုင်သစ်တောထိန်းသိမ်းရေးအတွက် ပံ့ပိုးမှုများတွင် အဖွဲ့များဖွဲ့စည်းခြင်း၊ စည်းမျဉ်းများချမှတ်ခြင်း၊ ပျိုးဖောက်/အပင်စိုက်ခြင်း၊ ပျက်စီးသည့်အပင်များအား အစားထိုးစိုက်ပျိုးခြင်း၊ ထိန်းသိမ်းဧရိယာအတွင်း တရားမဝင်ငါးဖမ်းခြင်းနှင့် သစ်ခိုးခုတ်ခြင်းများကိုကာကွယ်နိုင်ရေးအတွက် ကင်းလှည့်ခြင်းများပါဝင်သည်။ အစုအဖွဲ့ပိုင် သစ်တောများထူထောင်ရသည့်ရည်ရွယ်ချက်များတွင် သစ်တောများကာကွယ်ထိန်းသိမ်းရန်၊ ရေ(ငါး)သယံဇာတများကြွယ်ဝလာစေရန်နှင့် မြေသိမ်းမှုများမှ ကာကွယ်နိုင်ရန်တို့ပါဝင်သည်။





*ပုံ-၈။ ဆေးတံဖွာလျက် စကားစမြည်ပြောနေသည့် ကရင်အမျိုးသမီးကြီးတစ်ဦး (အပေါ်ပုံ)။*
*ပုံ-၉။ ကဘန်းလှေအတွင်းမှ မော်ကင်းကလေးငယ်များ (အောက်ပုံ)။ ဓါတ်ပုံ - ဇော်ထက်။*

# ၂.၃။ မြေ၊ သတ္တုထုတ်လုပ်ရေးနှင့် ငါးလုပ်ငန်းများ

*ဂေဟာအဖိုးတန်ရတနာများကို မြိမ်းခြောက်လျက်ရှိနေသည့်တွန်းအားများတွင် သတ္တုလုပ်ငန်း၊ ငါးလုပ်ငန်းနှင့် စက်မှုသီးနှံကဏ္ဍများပါဝင်သည်။*

### မြေယာဖိုရမ် (DDA)

DDA သည် သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာကောင်းမွန်သော စီမံအုပ်ချုပ်မှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဟူသည့် စီမံကိန်းကြီး(၂)ခုကို အကောင်အထည်ဖော်လျက်ရှိသည်။ SRJS စီမံကိန်းလုပ်ငန်းများသည် သယံဇာတဆိုင်ရာစီမံကိန်းနှင့်များစွာဆက်နွယ်လျက်ရှိပြီး လုပ်ငန်းကဏ္ဍများတွင် သတ္တုကဏ္ဍ၊ မြေကဏ္ဍ၊ အရပ်ဘက်အဖွဲ့များ၏လှုပ်ရှားမှုဘောင်၊ မီဒီယာ၊ ဂျဲန်ဒါနှင့် လူငယ်များအတွက်အစီအစဉ်များပါဝင်သည်။ မြေယာအရေးဆောင်ရွက်ကြသည့် အဖွဲ့အစည်းများနှင့် တက်ကြွလှုပ်ရှားသူများအကြား ဆွေးနွေးညှိနှိုင်းပေးသည့်ကဏ္ဍ၌လည်း DDA က ဆောင်ရွက်နေသည်။ တနင်္သာရီတိုင်းအတွင်းလှုပ်ရှားမှုများကို ချိတ်ဆက်ညှိနှိုင်းပေးခြင်း၊ မြေပြဿနာနှင့် ဥပဒေသုံးသပ်ချက်ဆိုင်ရာ အချက်အလက်များကို ဝေမျှပေးခြင်း၊ မြေအသုံးချမြေပုံရေးဆွဲခြင်းနှင့် အချက်အလက်များကောက်ယူခြင်းကဲ့သို့သော နည်းပညာအထောက်အကူများကို ပံ့ပိုးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။


DDA အနေနှင့် မြေယာအရေးလှုပ်ရှားသည့် အရပ်ဘက် အဖွဲ့အစည်းများ၊ တက်ကြွလှုပ်ရှားသူများ အချက်အလက်ဝေမျှခြင်း၊ အပြန်အလှန် ဆွေးနွေးမှုများအတွက် "တနင်္သာရီမြေယာဖိုရမ်" တစ်ခုကို အစပြုခဲ့သည်။ အဆိုပါ ဖိုရမ်သည် စုပေါင်း အဖြေတစ်ခုရှာဖွေရန်၊ ပူးတွဲလုပ်ငန်းများဖြစ်မြောက်လာရန် ရည်ရွယ်ခြင်းမဟုတ်သော်လည်း မြေကဏ္ဍပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအတွင်း ချိတ်ဆက်ကြမည့်အဖွဲ့များ၊ တက်ကြွလှုပ်ရှားသူများအကြား နားလည်မှုတည်ဆောက်နိုင်ရန် အထောက်အကူဖြစ်စေပါသည်။ SRJS စီမံကိန်းလုပ်ငန်းကာလအတွင်း လူထုကဦးဆောင်သည့် မြေအသုံးချမြေပုံ ရေးဆွဲခြင်းအတွက် DDA က နည်းပညာပံ့ပိုးပေးခဲ့သည့် အထင်ကရဖြစ်ရပ်(၂)ခု ရှိခဲ့သည့်။ ပထမဖြစ်ရပ်မှာ ရွှေကမ္ဘောဇဆီအုန်းကုမ္ပဏီနှင့် ဒေသခံများအငြင်းပွားမှုများကို ဖြေရှင်းမည့် စုံစမ်းစစ်ဆေးရေးကော်မတီအား နည်းပညာပံ့ပိုးပေးခဲ့ခြင်းဖြစ်ပြီး ဒုတိယတစ်ခုမှာ လူထုအခြေပြုခရီးသွားလုပ်ငန်းအတွက် ရေငုပ်ပြေးလုပ်ငန်းများဆောင်ရွက်ရန်နေရာအဖြစ် အစိုးရကအသိအမှတ်ပြုပေးထားသည့်နေရာတစ်ခုဖြစ်သည့် ကလုန်းထာကျေးရွာလူထုအား ပံ့ပိုးပေးခြင်းဖြစ်သည်။

### သတ္တုလုပ်ငန်းကဏ္ဍအတွင်း ဆောင်ရွက်မှုများ (DDA)

DDA သည် ၂၀၁၃-ခုနှစ်တပိုက်မှစတင်ကာ သယံဇာတထုတ်လုပ်ရေးကဏ္ဍအတွင်း ဥပဒေမူဘောင်များ၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုများပိုမိုကောင်းမွန်လာရေးကို စတင်ဆောင်ရွက်ခဲ့သည်။ DDA သည် မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ (MATA) တွင် တက်ကြွစွာပါဝင်လျက်ရှိပြီး လူထုအခြေပြုစောင့်ကြည့်ရေးယန္တရားများ ပေါ်ပေါက်လာရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။ သတ္တုလုပ်ကွက်စောင့်ကြည့်ရေးအဖွဲ့ (MMG) ၁၅-ဖွဲ့သည် ၂၀၁၆-ခုနှစ်မှစတင်ကာ အစိုးရအသိအမှတ်ပြုအဖွဲ့များဖြစ်လာကြပြီး လူထုအခြေပြုစောင့်ကြည့်ရေးယန္တရားများ၏ အဓိကအစိတ်အပိုင်းများဖြစ်လာကြသည်။ အဆိုပါအဖွဲ့များသည် သက်ဆိုင်ရာနယ်မြေအတွင်းရှိ သတ္တုလုပ်ကွက်အတွင်းသို့ တစ်ရက်တာဝင်ရောက်စစ်ဆေးခွင့်ရှိပြီး တွေ့ရှိချက်များကို အစိုးရထံသို့ တိုက်ရိုက်တင်ပို့နိုင်သည်။ တိုင်းဒေသကြီးအစိုးရနှင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (SNU) တို့က MMG ၏ အစီရင်ခံချက်များကိုအခြေခံ၍ ဆက်လက်ဆောင်ရွက်ရမည့် ဆုံးဖြတ်ချက်များ၊ ညှိနှိုင်းမှုများကိုပြုလုပ်ကြသည်။ ၂၀၁၈-ခုနှစ်နှောင်းပိုင်းတွင် MMG များအားပြန်လည်သုံးသပ်ခြင်းကိုပြုလုပ်ခဲ့ပြီး တွေ့ရှိချက်များပေါ်အခြေခံ၍ ၂၀၁၉-ခုနှစ်အတွင်း ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခဲ့ပါသည်။ ပိုမိုထိရောက်သည့် လုပ်ငန်းဆောင်ရွက်မှုများဖြစ်လာရန်နှင့် အဖွဲ့များအကြား ချိတ်ဆက်မှုအားကောင်းစေရန်အတွက် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခြင်းဖြစ်သည်။

## ငါးလုပ်ငန်းကဏ္ဍအတွင်းဆောင်ရွက်မှုများ (GN)

GN ၏ အဓိကဦးတည်ဆောင်ရွက်သည့်လုပ်ငန်းများတွင် ဒီရေတောများ ထိန်းသိမ်းခြင်းအပြင် ငါးလုပ်ငန်းကဏ္ဍလည်းပါဝင်သည်။ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းများ၊ အကြီးစား/အလတ်စား၊ တစ်ပိုင်တစ်နိုင်ငါးဖမ်းလုပ်ငန်းများ အတွက် မူဝါဒ/ဥပဒေများပိုမိုကောင်းမွန်လာရေးအတွက် ပါဝင်ဆောင်ရွက်လျက် ရှိသည်။ ငါးလုပ်ငန်းကဏ္ဍအတွင်း စည်းကြပ်မှုလျော့ရဲခြင်းများကြောင့် ငါး/ရေ သယံဇာတ အလွန်အကျွံဖမ်းယူ/ထုတ်ယူခြင်း၊ တားမြစ်ထားသည့်ပစ္စည်းများ/ နည်းလမ်းများအသုံးပြုခြင်း၊ (ကမ်းနီး/ကမ်းဝေး) ငါးဖမ်းနယ်နိမိတ်အငြင်းပွားမှု ပြဿနာများနှင့် (အကြီးစား၊ အလတ်စား၊ အသေးစား) ခွင့်ပြုလုပ်ငန်းလိုင်စင် ပြဿနာများစွာကိုတွေ့ရှိရသည်။ ထို့အပြင် အချို့သောငါးလုပ်ငန်းများသည် ဒီရေတောများအတွင်း ဝင်ရောက်၍ သစ်ခုတ်သည့်ကိစ္စရပ်များကိုလည်း ကြုံတွေ့ရသည်။ ဥပမာ - "ကျားပါးစပ်" ဟုခေါ် သည့် လုပ်ငန်းများတွင် ငါး/ပုစွန်ငယ်များကို အခြောက်ခံရန် ထင်းမီးကိုအသုံးပြုကြပြီး လိုအပ်သည့်ထင်းများရရှိရန်အတွက် နီးစပ်ရာဒီရေတောများအတွင်း ဝင်ရောက်ခုတ်ယူလေ့ရှိကြသည်။ အဆိုပါကိစ္စရပ်သည် အစုအဖွဲ့ပိုင် သစ်တောများအတွက်လည်း ပြဿနာတစ်ရပ်ပင်ဖြစ်သည်။





*ပုံ-၁၀။ မနီးရုံးကျေးရွာ မြေအသုံးချမှုမြေပုံ (အပေါ်ပုံ)။*
*ပုံ-၁၁။ ရွှေပြောင်းတောင်ယာအနီးရှိ စမ်းချောင်းတစ်ခုတွင် ငါးမျှားနေသည့် အမျိုးသမီးတစ်ဦး (အောက်ပုံ)။ ဓါတ်ပုံ - SY*

# ၂.၄။ ချိတ်ဆက်မှုနှင့် လှုပ်ရှားမှုဘောင်

*မိတ်ဘက်အဖွဲ့များသည် အစိုးရပိုင်းနှင့် (ဌာနဆိုင်ရာများနှင့် လွှတ်တော်များ) ချိတ်ဆက်နိုင်ရန်အတွက် အရပ်ဘက်လှုပ်ရှားမှုဘောင်အတွင်း၊ လွှတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် မှုဘောင်များအတွင်းမှ ဆောင်ရွက်ကြသည်။*

**ထောက်ကူပံ့ပိုးမှုရှိသည့်ရပ်ဝန်းဖြစ်လာရေး - DDA ၏ ချဉ်းကပ်မှု**

DDA အနေနှင့် မတူကွဲပြားသည့် အရပ်ဘက်အဖွဲ့အစည်းများနှင့်အတူ ချိတ်ဆက်တွန်းအားပေးမည့်လုပ်ငန်းများ၊ အသိပေးဆွေးနွေးမည့် လုပ်ငန်းများ (Lobby & advocacy) အားကောင်းရေး၊ အရပ်ဘက်လှုပ်ရှားမှုဘောင်ကိုထိန်းနိုင်ရေးများကို အလေးပေးဆောင်ရွက်ပါသည်။ အရပ်ဘက်အဖွဲ့အစည်းများအကြား သတင်းအချက်အလက်ဝေမျှခြင်းနှင့် ညှိနှိုင်းခြင်း၊ အစိုးရ၏ ဒီမိုကရေစီအလေ့အထများ ပိုမိုကောင်းမွန်လာရေး စသည့်လုပ်ငန်းများပါဝင်သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းသည့်ကာလအစဦးပင်ရှိနေသေးသည့် မြန်မာနိုင်ငံတွင် အရပ်ဘက်လှုပ်ရှားမှုဘောင်ကို ထိန်းထားနိုင်ရန်အတွက် ချိတ်ဆက်တွန်းအားပေးသည့် လုပ်ငန်းများ၏ အားကောင်းမှုလိုအပ်သကဲ့သို့ အထူးသဖြင့် မူဝါဒ/ဥပဒေများ ရေးဆွဲသည့်လုပ်ငန်းစဉ်များအတွင်း ကောင်းမွန်သောအလေ့အထများဖြစ်တည်လာရေးသည် အလွန်အရေးကြီးသည်။

လွှတ်တော်အမတ်များ၊ တိုင်းဒေသကြီးအစိုးရတာဝန်ရှိသူများနှင့် ချိတ်ဆက်ခြင်း၊ လိုအပ်သည့် နည်းပညာအထောက်အကူများပံ့ပိုးပေးခြင်းဖြင့် တိုင်းအတွင်း ဥပဒေရေးဆွဲရေးလုပ်ငန်းများ၌ လူထုနှင့်ဆွေးနွေးညှိနှိုင်းမှုဖြစ်စဉ်များကို လက်တွေ့ကျင့်သုံးရန် တွန်းအားပေးခဲ့ပါသည်။ ရလဒ်အနေဖြင့် တနင်္သာရီတိုင်းအစိုးရသည် ဥပဒေ ၄-ခု (ရေချိုငါးလုပ်ငန်းဥပဒေ၊ သတ္တုတွင်းဥပဒေ၊ အသေးစားချေးငွေဥပဒေ၊ မြေခွန်ဥပဒေ) နှင့် လုပ်ငန်းအစီအစဉ် ၁-ခု (သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းအစီအစဉ်) အတွက် ကျယ်ပြန့်သည့် လူထုဆွေးနွေးပွဲများကို ပြုလုပ်ပေးခဲ့သည်။ ၂၀၁၇-မတိုင်မီ ဥပဒေပြုရေးဖြစ်စဉ်များတွင် ကျယ်ပြန့်သော လူထုဆွေးနွေးပွဲပြုလုပ်ခြင်းများ မတွေ့ခဲ့ရပါ။ DDA သည် အဆိုပါ ဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်များအတွင်း လူထုဆွေးနွေးပွဲများအတွက် စီစဉ်ပေးခြင်း၊ နည်းပညာပံ့ပိုးပေးခြင်းနှင့် အချို့သောကုန်ကျစရိတ်များအတွက် ကျခံပေးခြင်းများလည်း ပြုလုပ်ခဲ့သည်။

ရပ်ရွာလူထုလိုအပ်သည့် အချက်အလက်များပံ့ပိုးပေးခြင်းနှင့် နည်းပညာအကူအညီ ပေးခြင်းများလည်းရှိသည် (ဥပမာ - လူထုမြေအသုံးချမှုစနစ်များနှင့် မြေအသုံးချမှုပြေပုံရေးဆွဲခြင်း)။ ထိုသို့ပံ့ပိုးပေးခြင်းဖြင့် ရပ်ရွာလူထုကိုယ်တိုင် ၎င်းတို့စည်းမျဉ်းများကို ချမှတ်နိုင်ခြင်း၊ ၎င်းတို့၏အခွင့်အရေးများကို ကိုယ်တိုင်တောင်းဆိုနိုင်မည့် ကိရိယာ/နည်းလမ်းများ ရရှိခြင်း၊ တရားဝင်လုပ်ငန်းစဉ်များအတွင်း ထိထိရောက်ရောက် ပါဝင်ချိတ်ဆက်နိုင်ခြင်းစသည့် အကျိုးများဖြစ်စေသည်။ DDA က ပံ့ပိုးပေးသည့် နည်းပညာအကူအညီ၊ စီစဉ်ပေးမှုများသည် ကောင်းမွန်သောလုပ်ငန်းစဉ်တည်ဆောက်ရေးကို ဦးစားပေးခြင်းဖြစ်သည်။

**ဆန်းသစ်သည့်နည်းလမ်းများကို နှီးဆွခြင်း - TRIP NET ၏ ချဉ်းကပ်မှု**

အုပ်ချုပ်ရေးစနစ်ရောယှက်လျက်ရှိသည့်ဒေသတွင် (အများအားဖြင့် ကေအဲန်ယူ ထိန်းချုပ်နယ်မြေများတွင်) လုပ်ငန်းဆောင်ရွက်ရသည့်အပြင် မြန်မာအစိုးရ၏ ဗျူရိုကရေစီယန္တရားအတွင်း ဒီမိုကရက်တစ်စံနှုန်းများ/အလေ့အကျင့်များ အပြည့်အဝ ကျင့်သုံးမှုမရှိသေးသည့်အခြေအနေဖြစ်သည့်အတွက် TRIP NET သည် ၎င်း၏ လုပ်ငန်းဆောင်ရွက်မှုများ အမှားအယွင်းနည်းရန် ပို၍အလေးထားရသည်။

သစ်တောများထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရပ်ရွာလူထုများ အားကောင်းနေရေးတို့အတွက် လိုအပ်သည့် အချက်အလက်များ ပံ့ပိုးပေးရမည်၊ တုံ့ပြန်အံ့တုနိုင်မှုအားကောင်းနေရမည်၊ အခြေအနေနှင့်လျော်ညီသော နည်းလမ်းအသစ်များ ရှာဖွေနေရန်လိုအပ်သည်ဟု TRIP NET က ရှုမြင်သည်။ ချိတ်ဆက်တွန်းအားပေးသည့်

လုပ်ငန်းများသည် (အထူးသဖြင့် အုပ်ချုပ်ရေးစနစ် ၂-ခုအကြား) ပိုမို၍ပူးပေါင်းဆောင်ရွက်နိုင်သည့် အခင်းအကျင်းကိုဖန်တီးရန်လိုအပ်သည်။ ရပ်ရွာလူထုကို ကောင်းမွန်စွာအသိပေးပြီး ဆန်းသစ်သည့်နည်းလမ်း ပေါ်ထွက်စေသည့်ဖြစ်ရပ် ၂-ခုလည်း ရှိခဲ့သည်။

ပထမဖြစ်ရပ်မှာ ဘန်းချောင်းကျောက်မီးသွေးကိစ္စဖြစ်သည်။ Eastern ကုမ္ပဏီ၏ ကျောက်မီးသွေးတူးဖော်ရေးလုပ်ငန်းနှင့်ဆက်စပ်လျက် ဘန်းချောင်းကျေးရွာနှင့် အနီးတဝိုက်ရှိ လေနှင့်မြစ်ချောင်းများ ညစ်ညမ်းခြင်းကိစ္စအတွက် ရပ်ရွာလူထု၏ စိုးရိမ်ပူပန်မှုများမြင့်တက်နေခဲ့သည်။ TRIP NET အနေနှင့် ကျောက်မီးသွေးမိုင်းဆိုင်ရာအချက်အလက်များ၊ ကောင်းကျိုးဆိုးပြစ်များနှင့် စွမ်းအင်အရင်းအမြစ်ရှာဖွေနိုင်သည့် နည်းလမ်းများကို ရပ်ရွာလူထုများထံ ပံ့ပိုးပေးခဲ့သည်။ ထို့အပြင် ရပ်ရွာလူထု၏ စိုးရိမ်ပူပန်မှုများ ပြေလည်စေရန်အတွက် ဘန်ချောင်းကျေးရွာ၊ ကုမ္ပဏီနှင့် ကေအဲန်ယူမှတာဝန်ရှိသူများအကြား သုံးပွင့်ဆိုင်ညှိနှိုင်းဆွေးနွေးပွဲကို TRIP NET က ဦးဆောင်ပေးခဲ့သည်။ ဆွေးနွေးမှုများအပြီး ၂၀၁၇-ခုနှစ်အတွင်းမှာပင် ကျောက်မီးသွေးတူးဖော်ရန်နေရာအား ရွာလူထုများနှင့်ဝေးရာနေရာသို့ ရွှေ့ပြောင်းနိုင်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ဒုတိယဖြစ်ရပ်မှာ ၂၀၁၉-ခုနှစ်နှောင်းပိုင်း တနင်္သာရီတိုင်းဒေသကြီးတွင်ပြုလုပ်ကျင်းပခဲ့သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဖိုရမ်အပြီးတွင်ဖြစ်သည်။ အဆိုပါဖိုရမ်တွင် စွမ်းအင်ကဏ္ဍလည်းပါဝင်ရာ တနင်္သာရီမြစ်မကြီးနှင့် ၎င်းကို အမှီပြုအသက်ရှင်နေကြသည့် ဌာနေတိုင်းရင်းသားများ၏ဘဝများကို ခြိမ်းခြောက်လာဖွယ်ရှိသည့် ရေကာတာစီမံကိန်းများအတွက် ဆွေးနွေးမှုများလည်းပါဝင်ခဲ့သည်။ ထို့အတွက် TRIP NET သည် ရေအားလျှပ်စစ်စီမံကိန်းအဆိုပြုလွှာများကို တွန်းအားပေးကြမည့် ပုဂ္ဂလိကကဏ္ဍများနှင့် ၎င်းအဆိုပြုလွှာများအပေါ် မှတ်ချက်ပြုဆုံးဖြတ်ကြရမည့် တိုင်းဒေသကြီးလွှတ်တော်တို့ ထည့်သွင်းစဉ်းစားသင့်သည့် ခိုင်မာမှန်ကန်သည့် အချက်အလက်များ ပံ့ပိုးနိုင်ရန် သုတေသနတစ်ခုကို ပြုလုပ်ခဲ့ပါသည်။ သုတေသနခေါင်းစဉ်ကို "ရေစီမံအုပ်ချုပ်မှု" ဟု အမည်ပေးထားပြီး မြစ်ချောင်းများ၏ အရေးကြီးပုံ၊ မြစ်ချောင်းများနှင့် လူ၊ ဂေဟစနစ်တို့၏ ဆက်စပ်ပုံ၊ စွမ်းအင်အတွက် အခြားရွေးချယ်စရာများ စသဖြင့် ထည့်သွင်း၍ သုတေသနပြုလုပ်ခဲ့သည်။ ကိုဗစ်ကာလကန့်သတ်ချက်များကြောင့် ကွင်းဆင်းအချက်အလက်ကောက်ယူရသည့်ကိစ္စများ နှောင့်နှေးခဲ့သော်လည်း ၂၀၂၀-နှစ်ကုန်ပိုင်းတွင် အစီရင်ခံစာထွက်ရှိလာမည်ဟု မျှော်လင့်ထားသည်။

ရပ်ရွာလူထုအနေနှင့်လည်း အဆိုပြုရေကာတာကိစ္စများအပေါ် စိုးရိမ်ပူပန်မှုဖြစ်လျက်ရှိရာ အဆိုပါသုတေသနကို ဝမ်းမြောက်ဝမ်းသာလက်ခံ ကြိုဆိုကြသည်။ လွှတ်တော်အနေနှင့်လည်း စိတ်ဝင်စားလျက်ရှိနေပြီး တွေ့ရှိချက်များအား ကြိုဆိုမည်ဖြစ်ကြောင်း သိရသည်။ ဤသို့သော အောင်မြင်မှုသည် ရေကာတာစီမံကိန်းများအား ဆန့်ကျင်သည်ဆိုခြင်းထက် မြစ်ချောင်းများ၏တန်ဖိုးကိုအလေးပေး၍ ပြောခြင်း၊ အခြားရွေးချယ်နိုင်သည့်နည်းလမ်းများကိုပေးခြင်းဖြင့် ရရှိခြင်းဖြစ်သည်။

အလားတူပင် သစ်တောများကိုကာကွယ်ထိန်းသိမ်းခြင်း၊ ရပ်ရွာလူထုကိုယ်တိုင်ထိန်းသိမ်းကာကွယ်သည့်နေရာများကို အားပေးမြှင့်တင်ခြင်းများတွင် TRIP NET အနေနှင့် မည်သည့်ပြဿနာရှိနေသည်ဆိုသည်ကို အလေးပေးပြောဆိုခြင်းထက် မည်သည့်အရာက ဖြစ်မြောက်နိုင်သည်ကို ပို၍ဦးတည်သည်။ မြန်မာအစိုးရနှင့် ကေအဲန်ယူတို့၏ သစ်တောဌာနများအကြား နစ်ဘက်လေ့လာရေးခရီးစဉ်များဖြစ်မြောက်စေရန် ၂၀၁၉-ခုနှစ်အတွင်း TRIP NET က ကြိုးစားခဲ့သည်။ ပထမအကြိမ် နေပြည်တော်၌ဖြစ်မြောက်ခဲ့ပြီး ဒုတိယအကြိမ်၌ ကမိုသွေးဒေသတွင်ဖြစ်မြောက်ခဲ့သည်။ တတိယအကြိမ်တွေ့ဆုံညှိနှိုင်းမှုအတွက် အစီအစဉ်များရှိပြီးဖြစ်သော်လည်း ကိုဗစ်ကာလကန့်သတ်ချက်များဖြင့် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

## အသိပေးဆွေးနွေးခြင်း (GN ၏ ချဉ်းကပ်မှု)

အစုအဖွဲ့ပိုင်သစ်တောထူထောင်ခြင်း၊ သစ်ခိုးခုတ်မှုများအားကာကွယ်ခြင်းနှင့် ငါးလုပ်ငန်းကိစ္စများတွင် ဥပဒေစည်းကြပ်ခြင်းများအတွက် ပါဝင်ပတ်သက်နေသူအသီးသီးထံ အသိပေးဆွေးနွေးခြင်း၊ တွန်းအားပေးခြင်းများကို GN ၏လုပ်ငန်းများအတွင်း ထည့်သွင်းဆောင်ရွက်သည်။ ဒေသခံလူထု၏အသံများ၊ အချက်အလက်များအား ကောက်ယူခြင်း၊ လွှတ်တော်အမတ်များနှင့် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများပါဝင်သည်။ အစုအဖွဲ့ပိုင်သစ်တောအဖွဲ့များ၊ ငါးလုပ်သားများကို လွှတ်တော်အမတ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တိုက်ရိုက်ထိတွေ့ပြောဆိုနိုင်မည့် အစီအစဉ်များကို GN က စီစဉ်ဆောင်ရွက်ပေးသည်များ

ရှိခဲ့သည်။ ထို့အပြင် GN ၏လုပ်ငန်းများတွင် ရပ်ရွာအဖွဲ့များ၏ စွမ်းဆောင်ရည်များ တိုးတက်လာစေရေးအတွက် ပံ့ပိုးခြင်းများလည်းပါဝင်သည်။ GN သည် သယံဇာတလုပ်ငန်းကဏ္ဍပွင့်လင်းမြင်သာမှုနှင့်တာဝန်ယူမှုတာဝန်ခံမှုဆိုင်ရာ အမျိုးသားအဆင့်ကွန်ရက်ဖြစ်သည့် MATA နှင့်အတူ သတ္တုလုပ်ကွက်စောင့်ကြည့်ရေးအဖွဲ့ (MMG) အားကောင်းလာရေးအတွက် လက်တွဲဆောင်ရွက်လျက်ရှိသည်။

## မီဒီယာဗျူဟာ (DDA ၏ ချဉ်းကပ်မှု)

အသိပေးဆွေးနွေးခြင်းနှင့် ချိတ်ဆက်တွန်းအားပေးလုပ်ငန်းများပိုမိုထိရောက်ရန်အတွက် အရပ်ဘက်အဖွဲ့များအကြား ညှိနှိုင်းဆောင်ရွက်ခြင်း၊ ရပ်ရွာလူထုများ လိုအပ်သည့်နည်းနာများပံ့ပိုးပေးခြင်းအပြင် မီဒီယာအားဖြင့်လည်း ချဉ်းကပ်သည်။ သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတကိစ္စများအပေါ် ဆောင်းပါးများစဉ်ဆက်မပြတ်ထွက်ရှိနေရေးအတွက် *Dawei* Watch (http://www.daweiwatch.com) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထွက်ရှိပြီးဆောင်းပါးများကို စုစည်း၍ စာအုပ်အဖြစ်ပုံနှိပ်ထုတ်ဝေခဲ့ရာ ယနေ့အထိတွင် နှစ်ကြိမ်ရှိခဲ့ပြီဖြစ်သည်။ ဖော်ပြခဲ့ပြီး ဆောင်းပါးများတွင် ဒီရေတောဆိုင်ရာဆောင်းပါးတစ်ပုဒ်ကို Yangon Journalist School က "*Environmental Reporting Award*" (သဘာဝပတ်ဝန်းကျင်ရေးရာသတင်းဆု) ကို ချီးမြှင့်ခဲ့သည်။

မီဒီယာကိုအသုံးပြုသည့် ချဉ်းကပ်မှုသည် လူထုအာရုံစိုက်မှုကို မြှင့်တင်နိုင်ပြီး အရေးယူဆောင်ရွက်ကြရမည့်သူများအပေါ် တွန်းအားများဖြစ်စေသည်။ အထူးသဖြင့် သတ္တု၊ ဆီအုန်း၊ သစ်တောကဏ္ဍများအတွင်းမှ လူထု၏ အောင်မြင်မှုဖြစ်ရပ်များစွာတွင် မီဒီယာကိုထိရောက်စွာအသုံးပြုနိုင်ခြင်းများလည်း ပါဝင်သည်။ ရပ်ရွာလူထုကြုံတွေ့ရသည့်ပြဿနာများ၊ စိန်ခေါ်မှုများအပေါ် အများပြည်သူ၏ အာရုံစိုက်မှုရနိုင်ရန်အတွက် မီဒီယာခရီးစဉ်များ၊ သတင်းစာရှင်းလင်းပွဲများ စီစဉ်ပြုလုပ်ပေးခြင်းကို DDA က ပံ့ပိုးခဲ့သည့် ထူးခြားဖြစ်စဉ် ၂-ခု ရှိခဲ့သည်။ ပထမတစ်ခုမှာ ၂၀၁၈-ခုနှစ်တွင် မြေလွတ်မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေ ပြင်ဆင်ချက်အတည်ပြုပြီးချိန်၊ ကျေးလက်လူထုများနှင့် ဒေသခံအရပ်ဘက်အဖွဲ့အစည်းများ၏ စိုးရိမ်ပူပန်မှုများမြင့်နေချိန်ဖြစ်သည်။ ဒုတိယဖြစ်စဉ်မှာ LNG power plant တည်ဆောက်နိုင်ရေးအတွက် စမ်းသပ်ယာဉ်အနီး 'ငါးမဖမ်းရ' ဇရိယာကန့်သတ်ချက်ကြောင့် တံငါရွာများအခက်အခဲကြုံခဲ့ရသည့် ဖြစ်ရပ်ဖြစ်သည်။

၂၀၂၀-ခုနှစ် အထွေထွေရွေးကောက်ပွဲအတွင်း ပါဝင်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများ၏ ပတ်ဝန်းကျင်နှင့်သယံဇာတရေးရာကိစ္စများအပေါ် ထားရှိမည့် ကတိကဝတ်များကို မှတ်တမ်းပြုနိုင်ရန်အတွက် DDA သည် ဒက္ခိဏ (*Dekkhina* Insight - https://dakkhina.org/ )အပါအဝင် အွန်လိုင်းမီဒီယာ(၃)ခုနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ၅-မိနစ်စာ အမေးအဖြေရုပ်သံရိုက်ကူးမှုအတွင်း အရပ်ဘက်အဖွဲ့အစည်း(၇)ဖွဲ့မှ ခေါင်းဆောင်(၈)ဦးနှင့် ကိုယ်စားလှယ်လောင်း ၂၄-ဦး ပါဝင်ဖြေဆိုခဲ့သည်။ အွန်လိုင်းမီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်မှုသည် "*အနာဂတ်တနင်္သာရီ - သူတို့အတွေး၊ သူတို့အမြင်*" ဟူသည့်အမည်ဖြင့် ပတ်ဝန်းကျင်နှင့် သယံဇာတရေးရာကိစ္စရပ်များအတွက် လူထု၏အသံများကို ဖော်ထုတ်ပေးနေမည့် စင်္ကြံ တစ်ခုအဖြစ် ဆက်လက်တည်ရှိလျက်ရှိသည်။.

# ၂.၅။ ဥပဒေအထောက်အကူပြုများ

*ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးခရီးဆက်လျက်ရှိနေသော်လည်း အားကြီးသူများ၏ ဥပဒေကိုတလွဲသုံးမှုများ၊ တရားစီရင်ရေးစနစ်၏အားနည်းမှုများ၊ လူ့အခွင့်အရေး/သဘာဝပတ်ဝန်းကျင်အရေးလှုပ်ရှားသူများအတွက် ဥပဒေအရအကာအကွယ်ပေးမှုများမှာ အားနည်းနေဆဲဖြစ်သည်။*

## MLN ၏ ဥပဒေအထောက်အကူပြုများ

မြစ်ရေ့နေများကွန်ရက် (MLN) ၏ အဓိကလုပ်ငန်းများတွင် ရပ်ရွာလူထုများအား ဥပဒေအမြင်ဖွင့်သင်တန်းများပေးခြင်းနှင့် ဥပဒေရေးရာအထောက်အကူပြုမှုများ ပံ့ပိုးပေးခြင်းများ ပါဝင်သည်။ ရပ်ရွာလူထုအနေနှင့် ၎င်းတို့၏အခွင့်အရေးများကို ကာကွယ်တောင်းဆိုနိုင်ရန်၊ ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှု/ပြဿနာများအား ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်မည့် အသိပညာဗဟုသုတများ၊ ကျွမ်းကျင်မှုများနှင့် နည်းလမ်းများရရှိနိုင်ရန်နှင့် လိုအပ်သည့်ဥပဒေဝန်ဆောင်မှုများရရှိနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါထောက်ကူပံ့ပိုးမှုများနှင့် ဝန်ဆောင်မှုများသည် တက်ကြွလှုပ်ရှားသူများအတွက် ဥပဒေအရကာကွယ်ပေးမှုနည်းပါးခြင်း၊ ဥပဒေကို အားကြီးသူက ပို၍အသုံးချနိုင်ခြင်းနှင့် ထိရောက်မှုနည်းပါးသည့် တရားစီရင်ရေး အခြေအနေများရှိနေခြင်း စသည့် အခြေအနေများရှိနေသည့် မြန်မာနိုင်ငံအတွင်းရှိ ရပ်ရွာလူထုများ၊ လူငယ်ခေါင်းဆောင်များနှင့် SRJS မိတ်ဘက်အဖွဲ့များအတွက် အထူးအရေးပါသည်။ MLN သည် ဥပဒေအထောက်အကူပြုသင်တန်း ၁၃-ကြိမ်မှ paralegal ၃၀၀-နီးပါးမွေးထုတ်ပေးခဲ့ပြီး ၂၀၁၉-ခုနှစ် ဧပြီလအတွင်းတွင် Paralegal Forum ကျင်းပပြုလုပ်နိုင်ခဲ့သည်။ အဆိုပါ ဖိုရမ်တွင် Paralegal ၂၀၀-ခန့် တက်ရောက်ခဲ့ပြီး တစ်မြို့နယ် ၂-ဦးနှုန်းဖြင့် Focal person အယောက်-၂၀ ကို အများသဘောတူ ရွေးချယ်ခဲ့ကြသည်။ ရည်ရွယ်ချက်မှာ Paralegal များအကြား ဆက်သွယ်ဆက်ဆံရေး ပိုမိုခိုင်မာစေရန်အတွက်ဖြစ်သည်။

## မဟာဗျူဟာမြောက်တရားစွဲဆိုခြင်း

၂၀၁၈-ခုနှစ်နှောင်းပိုင်းတွင် MLN သည် ICJ (International Commission of Jurists)၊ MELN (Myanmar Environmental Lawyers Network)၊ နှင့် အခြား ရှေ့နေကွန်ရက်များနှင့်အတူ မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းကိစ္စများအတွက် စတင်ဆွေးနွေးခဲ့ကြသည်။ အဆိုပါ မဟာဗျူဟာမြောက် တရားစွဲဆိုခြင်းဆိုင်ရာ ဆွေးနွေးမှုများသည် SRJS စီမံကိန်းနှောင်းပိုင်းကာလများအတွက်လည်း အကျိုးဖြစ်ထွန်းစေခဲ့သည်။ အထူးသဖြင့် ဆီအုန်းကုမ္ပဏီ၏တရားစွဲဆိုမှုကိုခံရသော ဒေသခံ တောင်သူများအတွက် အထောက်အကူ ဖြစ်စေခဲ့သည်။




*ပုံ-၁၂။ Paralegal Forum တက်ရောက်ကြသူများ။ ဓါတ်ပုံ - MLN*

ဇယား-၁။ SRJS မိတ်ဘက်အဖွဲ့များ၏ လုပ်ငန်းများအားခြုံငုံဖော်ပြသည့်ဇယား

| | DDA | TN | SY | GN | MLN |
|---|---|---|---|---|---|
| နယ်မြေအခြေအနေ | | | | | |
| . . . အုပ်ချုပ်မှု(၂)ရပ်ရှိခြင်း | | ✓ | ✓ | | |
| . . . ဌာနေတိုင်းရင်းသားအရေးကိစ္စပါဝင်ခြင်း | | ✓ | ✓ | | |
| အသိပေးဆွေးနွေးခြင်းနှင့် ချိတ်ဆက်တွန်းအားပေးခြင်း | | | | | |
| . . . ဒေသန္တရအစိုးရ | | ✓ | ✓ | ✓ | |
| . . . တိုင်းအစိုးရ | ✓ | ✓ | ✓ | ✓ | ✓ |
| . . . ဗဟိုအစိုးရ | ✓ | ✓ | | | ✓ |
| . . . ကဏ္ဍစုံပါဝင်သည့်စကြံ့များ | ✓ | | ✓ | ✓ | |
| . . . တွန်းအားပေးနိုင်သည့်စကြံ့များ (Rule of Law & JMC) | | | | ✓ | ✓ |
| မူဝါဒအတွက်ပြင်ဆင်ခြင်းနှင့် လူထုနှင့်ဆွေးနွေးခြင်း | | | | | |
| . . . အချက်အလက်ကောက်ယူခြင်းနှင့် ပံ့ပိုးပေးခြင်း | ✓ | ✓ | | ✓ | |
| . . . မူဝါဒများ/အဆိုပြုချက်များပြင်ဆင်ခြင်း | ✓ | | | ✓ | ✓ |
| . . . လူထုဆွေးနွေးပွဲများ | ✓ | | ✓ | ✓ | |
| ရပ်ရွာလူထုကိုအားကောင်းစေခြင်း | | | | | |
| . . . ရပ်ရွာအခြေပြုအဖွဲ့များဖွဲ့စည်းခြင်း | | | ✓ | ✓ | |
| . . . လူငယ်ခေါင်းဆောင်များနှင့် ရပ်ရွာလူထုအတွက်သင်တန်းများ | ✓ | ✓ | ✓ | ✓ | ✓ |
| . . . လူထုကစီမံခန့်ခွဲသည့်စနစ်များ | | ✓ | ✓ | ✓ | |
| . . . လူထုကစောင့်ကြည့်သည့်စနစ်များ | ✓ | | | ✓ | |
| ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပံ့ပိုးကူညီခြင်း | | | | | |
| . . . အရပ်ဘက်အဖွဲ့များအကြား | ✓ | | | | |
| . . . အစိုးရများအကြား | | ✓ | | | |
| . . . ကုမ္ပဏီနှင့် ရပ်ရွာလူထုအကြား ပဋိပက္ခဖြေရှင်းပေးခြင်း | ✓ | ✓ | ✓ | ✓ | ✓ |
| လုပ်ငန်းကဏ္ဍ | | | | | |
| . . . သတ္တု | ✓ | | | | |
| . . . ဆီအုန်း | ✓ | | ✓ | | |
| . . . သစ်တောနှင့် သစ်ခုတ်ခြင်း | | ✓ | | ✓ | |
| . . . မြေနှင့် မြေပုံရေးဆွဲခြင်း | ✓ | | ✓ | | |
| . . . ရေ/ငါးသယံဇာတ | | | | ✓ | |
| . . . ဥပဒေအထောက်အကူပြုများ | | | | | ✓ |

မှတ်ချက်။ ။ ဖော်ပြပါဇယားသည် SRJS စီမံကိန်းအတွင်း မိတ်ဘက်အဖွဲ့များ၏ အဓိကဦးတည်ဆောင်ရွက်သည့်လုပ်ငန်းများကို အလွယ်တကူရည်ညွှန်းနိုင်ရန် အတွက်သာ ရည်ရွယ်ပါသည်။ ဇယားအတွင်း အမှန်မခြစ်ထားသော်လည်း တစ်ဖွဲ့ချင်းစီ၌ ဆောင်ရွက်နေသည့် လုပ်ငန်းများလည်း ရှိနေနိုင်ပါသည်။

ပုံ-၁၃။ ဒီရေတောကင်းလှည့်လမ်းကြောင်းပြမြေပုံ (အပေါ်ပုံ)။
ပုံ-၁၄။ အစုအဖွဲ့ပိုင်သစ်တောအတွင်း ကင်းလှည့်နေပုံ
(အောက်ပုံ)။ ဓါတ်ပုံ - GN






# ၃။ ရလဒ်များနှင့် အောင်မြင်မှုများ



ပုံ-၁၅။ ဒေသခံရွာသားနှစ်ဦးမှ ၎င်းတို့ထိန်းသိမ်းထားသည့်သစ်တောအတွင်းရှိ သစ်ပင်တစ်ပင်၏အရွယ်အစားအား နှိုင်းယှဉ်ပြနေပုံ။ ဓါတ်ပုံ -SY

# ၃.၁။ ရပ်ရွာလူထုနှင့် လူငယ်ခေါင်းဆောင်များကို အားကောင်းစေခြင်း

ရပ်ရွာလူထုကိုအားကောင်းစေခြင်းနှင့် စွမ်းဆောင်ရည်များမြှင့်တင်ပေးခြင်းသည် SRJS စီမံကိန်း၏ဦးတည်ချက်များတွင်ပါဝင်သကဲ့သို့ မြန်မာမိတ်ဘက်အဖွဲ့များ၏ ယုံကြည်ချက်လည်းဖြစ်သည်။ မိတ်ဘက်အဖွဲ့တစ်ဖွဲ့ချင်း၏ အဓိကဦးတည်၍ ဆောင်ရွက်သည့်လုပ်ငန်းကဏ္ဍနှင့် ရပ်ရွာလူထုများရင်ဆိုင်ရသည့် ကိစ္စရပ်များကို မူတည်၍ ရပ်ရွာလူထုနှင့် လူငယ်ခေါင်းဆောင်များအား အားကောင်းစေရန် ပံ့ပိုး ဆောင်ရွက်သည့်နည်းလမ်းများမှာ ကွဲပြားကြသည်။ သို့သော် အဖွဲ့များအားလုံး၏ တူညီသည့်အချက်မှာ ရပ်ရွာလူထုများနှင့် လူငယ်ခေါင်းဆောင်များသည် ၎င်းတို့ ရပ်ရွာဒေသများ၌ ရင်ဆိုင်ကြုံတွေ့ရသည့် သယံဇာတနှင့် အသက်မွေးဝမ်းကြောင်း ဆိုင်ရာ စိန်ခေါ်မှုများကိုပြန်လည်တုံ့ပြန်နိုင်မည့် အသိပညာ၊ ကျွမ်းကျင်မှုနှင့် နည်းလမ်းများ ရရှိနိုင်ရေးဖြစ်သည်။

## ၃.၁.၁။ လူငယ်ခေါင်းဆောင်များ

- ❖ TRIP NET ၏ ၈-လကြာ TCVS အစီအစဉ်မှ လူငယ်ခေါင်းဆောင် ၃၆-ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့၏ရပ်ရွာဒေသဖွံ့ဖြိုးရေးများအတွက် ပြန်လည် ပါဝင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။ မလိကျွန်းစုများမှ သင်တန်းဆင်းပြီး သူတစ်ဦးသည် MAC-D ဟုခေါ်သည့် ရပ်ရွာအခြေပြုအဖွဲ့ကို တည်ထောင်နိုင် ခဲ့ပြီး သဘာဝပတ်ဝန်းကျင်အရေး၊ သစ်တောထိန်းသိမ်းရေးနှင့် တရားမဝင် သစ်ခုတ်ခြင်းကာကွယ်ရေးများကို ဆောင်ရွက်လျက်ရှိသည်။
- ❖ DDA ၏ ၂-လတာ လူငယ်သင်တန်းအစီအစဉ်ပြီးမြောက်သူ ၁၉-ဦးမှ ၄-ဦး သည် MATA working group တွင် ပါဝင်ဆောင်ရွက်လာနိုင်ပြီး တစ်ဦးမှာ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံခဲ့ရသည်။
- ❖ DDA က စီစဉ်ဆောင်ရွက်ခဲ့သည့် တက္ကသိုလ်ကျောင်းသူ/သားများအတွက် ကွင်းဆင်းလေ့လာရေး အစီအစဉ်သည် စာသင်ခန်းပြင်ပသင်ယူမှုပုံစံကို အထောက်အကူပြုခဲ့ပြီး လူနှင့် သဘာဝပတ်ဝန်းကျင်အကြား ဆက်နွယ်မှုကို လက်တွေ့လေ့လာခွင့်ရရှိစေခဲ့သည်။ လေ့လာရေးအစီအစဉ်အတွင်း ရက္ခ ဗေဒဥယျာဉ်တစ်ခုကိုလည်း ကူညီထူထောင်ပေးခဲ့သည်။ လေ့လာရေးခရီးစဉ် ဖြစ်မြောက်ခဲ့သည့် ကလုန်းထာရွာသည် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများ အတွက်ရှေ့ပြေးဆောင်ရွက်ရန် အတည်ပြုနေရာတစ်ခုဖြစ်သည်။
- ❖ DDA က စီစဉ်ဆောင်ရွက်ခဲ့သည့် လူငယ်လေ့လာရေးအစီအစဉ် တစ်ခု သည်လည်း နိုင်ငံအဝှမ်းမှ နောက်ခံအခြေအနေမတူကြသည့်လူငယ်များနှင့် အိမ်နီးချင်းနိုင်ငံ(ထိုင်း)မှ စေတနာ့ဝန်ထမ်းလူငယ်များအကြား ယဉ်ကျေးမှု ဖလှယ်ခြင်းများ၊ ဆွေးနွေးလေ့လာသင်ယူခြင်းများကို ဖြစ်မြောက်စေခဲ့သည်။ အဆိုပါ တွေ့ဆုံမှုမှတဆင့် တနင်္သာရီတိုင်းအတွင်း သတင်းအချက်အလက် ဖလှယ်ရာစကြံ့ တစ်ခုဖြစ်သည့် - ‘We love Dawei’ ကဲ့သို့ အစပြုလှုပ်ရှားမှု များ ပေါ်ထွက်လာစေခဲ့သည်။
- ❖ SRJS စီမံကိန်းကာလအတွင်း MLN သည် Paralegal ၃၀၀-ကျော်ကို လေ့ကျင့်ပေးနိုင်ခဲ့သည်။ ၂၀၁၉-ခုနှစ်အတွင်း Paralegal အယောက် ၂၀၀-ကျော် တက်ရောက်ခဲ့သည့် ဖိုရမ်တစ်ခုပြုလုပ်နိုင်ခဲ့ပြီး တနင်္သာရီတိုင်းအတွင်း ၁၀-မြို့နယ်မှ အဓိကချိတ်ဆက်ဆက်သွယ်နိုင်မည့် ကိုယ်စားလှယ် ၂၀-ဦးကို ရွေးချယ်ခဲ့ပြီး ကွန်ရက်ချိတ်ဆက်မှုကို အားကောင်းစေခဲ့သည်။ Paralegal များသည် ၎င်းတို့၏ရပ်ရွာဒေသများတွင် ရင်ဆိုင်ရသည့်စိန်ခေါ်မှုများ၊ ပဋိပက္ခ များကို ချက်ချင်းတုံ့ပြန်နိုင်မည့်၊ ဥပဒေရေးရာအထောက်အကူများလိုအပ် လာပါက ချိတ်ဆက်ဆောင်ရွက်နိုင်မည့် လူငယ်များဖြစ်သည်။

# ၃.၁.၂။ ရပ်ရွာအခြေပြုအစုအဖွဲ့များ

## အစုအဖွဲ့ပိုင်သစ်တောများနှင့် သစ်တောအသုံးပြုသူများအသင်း (GN)

ကျွန်းစုမြို့နယ်အတွင်း ကျေးရွာ(၅)ရွာရှိ ဒီရေတောဧရိယာစုစုပေါင်း ၈,၆၂၂-ဧကကို ထိန်းသိမ်းစောင့်ရှောက်မည့် အဖွဲ့(၅)ဖွဲ့တွင် အဖွဲ့ဝင် ၂၅၅-ဦး (ကျား-၁၇၉၊ မ-၇၆)ရှိနေပြီဖြစ်သည်။ ဒီရေတောများကို ၂၀၁၅-ခုနှစ်မှစ၍ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများကို ရပ်ရွာလူထုကိုယ်တိုင်ချမှတ်၍ လုပ်ငန်းတာဝန်များခွဲဝေကာ ထူထောင်ခဲ့ကြသည်။ အဓိကလုပ်ငန်းများတွင် ပျိုးဖောက်ခြင်း၊ အပင်ကွက်လပ်ဖြည့်ဆည်းစိုက်ပျိုးခြင်း၊ ကင်းလှည့်ခြင်းများပါဝင်သည်။ ၂၀၁၇-ခုနှစ် မတ်လတွင် အစိုးရ၏အသိအမှတ်ပြုလက်မှတ်များရရှိခဲ့ပြီး စုစုပေါင်း ၁,၄၆၉-ဧကအတွက် နှစ်-၃၀ ထိန်းသိမ်းစောင့်ရှောက်ခွင့်ရရှိပြီးဖြစ်သည်။ (ဇယား-၃ တွင်ကြည့်ပါ)

ထိုမှတဆင့် CF အဖွဲ့ဝင်များတိုးပွားရေး၊ အခြားဒေသများမှ CF အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ အစုအဖွဲ့ပိုင်သစ်တောဆိုင်ရာ အသိပေးဆွေးနွေးမှုလုပ်ငန်းများ ပိုမိုထိရောက်စေရေး၊ တန်ဖိုးမြှင့်သစ်တောထွက် ပစ္စည်းများထုတ်လုပ်နိုင်ရေးတို့အတွက် သစ်တောအသုံးပြုသူများအသင်း (FUA) ကို ဖွဲ့စည်းခဲ့ကြသည်။ FUA ၏ လုပ်ငန်းများတွင် သစ်တောများထိန်းသိမ်းစောင့်ရှောက်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးနိုင်ရန်၊ သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊ အစုအဖွဲ့ပိုင်သစ်တောထူထောင်လိုသည့်ကျေးရွာများအတွက် နည်းပညာအကူအညီပေးနိုင်ရန်၊ လှည့်ပတ်ရန်ပုံငွေထိန်းသိမ်းရန်၊ တန်ဖိုးမြှင့်သစ်တောထွက်ပစ္စည်းများဖော်ထုတ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်နိုင်ရန်နှင့် လိုအပ်သည့် အရင်းအမြစ်များရှာဖွေနိုင်ရန်တို့ ပါဝင်သည်။

FUA တွင် CF ကျေးရွာ များမှ စုစုပေါင်း ၂၁-ဦး (ကျား-၁၃၊ မ-၈) ပါဝင်ပြီး ထိန်ချောင်းကျေးရွာတွင် ရုံးခန်း ဖွင့်လှစ်ထားပြီး ဥက္ကဋ္ဌ၊ အကြံပေး၊ အတွင်းရေးမှူး၊ စာရင်းစစ်၊ စာရင်းကိုင်နှင့် အဖွဲ့ ဝင် ၁၅-ဦး ပါဝင်သည်။ ၂၀၁၈-ခုနှစ် ဧပြီလတွင် FUA သည် အစိုးရ၏ တရားဝင် အသင်းအဖွဲ့လက်မှတ် ရရှိခဲ့ပြီးဖြစ်သည်။

GN ၏ နည်းပညာပံ့ပိုးမှုများဖြင့် FUA သည် အစုအဖွဲ့ပိုင်သစ်တောထူထောင်ထားသည့်ကျေးရွာများအတွင်း ဝင်ငွေရလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့သည်။ ဝင်ငွေရလုပ်ငန်းများတွင် ဝါးပရိဘောဂလုပ်ငန်း၊ အသေးစားငါး/ပုစွန်ကန်များ စမ်းသပ်ထူထောင်ခြင်းများ (ဂဏန်း၊ ဂျင်း စသဖြင့်) ပါဝင်သည်။ ဝင်ငွေရလုပ်ငန်းများ၏ ရည်ရွယ်ချက်များတွင် အစုအဖွဲ့ပိုင်သစ်တောထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရန်၊ တိုးချဲ့ဆောင်ရွက်နိုင်ရန်လည်း ပါဝင်သည်။ စမ်းသပ်မွေးမြူသည့်လုပ်ငန်းများအနက်[7] ထိန်ချောင်းကျေးရွာရှိ ဂဏန်းကန်သည် အလားအလာကောင်းများရှိနေသည်ဟု ဆိုနိုင်ပြီဖြစ်သည်။ (ဖြစ်ရပ်-၉)။




*ပုံ-၁၆။ (ထိန်ချောင်း)အစုအဖွဲ့ပိုင်သစ်တောအတွင်း အချက်အလက်ပြဆိုင်းဘုတ်တပ်ဆင်နေစဉ်။ ဓါတ်ပုံ - GN*

## လေညာနှင့်မနီးရိုးဒေသများရှိ သစ်တောများနှင့် အဖွဲ့များ (SY)

ရပ်ရွာလူထု၏ သယံဇာတစီမံခန့်ခွဲမှုစနစ်များအတွင်း စည်းမျဉ်းများ/အလေ့အထများပိုမိုကောင်းမွန်လာရန်၊ လူထုစီမံခန့်ခွဲမှုစနစ်များအား ဥပဒေကြောင်းအရ ပိုမိုအသိအမှတ်ပြုစေရန်၊ လူထုဖွံ့ဖြိုးရေးနှင့် ဌာနေတိုင်းရင်းသားအရေးကိစ္စများအပေါ် ခြိမ်းခြောက်နေသည့်ပြဿနာများကို ပြန်လည်တုံ့ပြန်နိုင်ရန် ရည်ရွယ်သည့် SY ၏အသိပေးဆွေးနွေးသည့် လုပ်ငန်းများတွင် ရပ်ရွာအခြေပြုအဖွဲ့များမှ လူငယ်ခေါင်းဆောင်များ တက်ကြွစွာပူးပေါင်း ဆောင်ရွက်လျက်ရှိကြသည်။

ရပ်ရွာအခြေပြုအဖွဲ့များဖြစ်ကြသည့် အလင်းသစ္စာ (မနီးရိုးဒေသ)၊ အနာဂတ်အလင်း (လေညာဒေသ)၊ အလင်းရောင်ပန်းတိုင် (ကျွန်းစုဒေသ) နှင့် ခိုင်မြဲသစ္စာ (သာရဘွင်ဒေသ) တို့သည် ဒီရေတောများ၊ ရေဝေရေလဲတောများ၊ ပရဆေးနှင့် ဓလေ့ထုံးတမ်းများအရ အလေးအမြတ်ပြုရသည့်သစ်တောများ၊ မြစ်ချောင်းများကို လူထုစီမံခန့်ခွဲမှုစနစ်များဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။[8] ဒေသကြီး(၄) ခုမှ စုစုပေါင်းဧက ၂၃,၈၈၆ (၉,၆၇၄ ဟက်တာ) အကျယ်အဝန်းရှိသည့် သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး ၂၀၁၉-ခုနှစ် ဖွန်လတွင် ကေအဲန်ယူ၏ အသိအမှတ်ပြုမှတ်တမ်းရရှိထားပြီးဖြစ်သည်။ (ဇယား-၂)။



*ပုံ-၁၇။ လူထုထိန်းသိမ်းသည့်သစ်တောအတွင်းမှ သစ်ပင်တစ်ပင်အား အမှတ်အသားပြုနေစဉ်။ ဓါတ်ပုံ - SY*

## လူထုအခြေပြုစောင့်ကြည့်ရေးစနစ် (သတ္တုလုပ်ငန်း) (DDA)

သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်ဒေသများတွင် ရပ်ရွာလူထုများက သတ္တုလုပ်ကွက်စောင့်ကြည့်ရေးအဖွဲ့ (MMG) များအဖြစ် စုစည်းခဲ့ကြသည်။ MMG များ၏ အစီရင်ခံစာများအပေါ် ပြန်လည်တုံ့ပြန်အရေးယူသည့်အခြေအနေ နည်းပါးနေသေးသော်လည်း[9] ရပ်ရွာလူထု၏ယုံကြည်မှုကို MMG များရရှိထားဆဲဖြစ်သည်။

လက်ရှိတွင် တနင်္သာရီတိုင်းအတွင်း လူထုအခြေပြုစောင့်ကြည့်ရေးယန္တရားအဖြစ် MMG ၁၅-ဖွဲ့က ဆောင်ရွက်လျက်ရှိသည်။ MMG အနေနှင့် ၃-ရက် ကြိုတင်အကြောင်းကြား၍ သတ္တုလုပ်ကွက်အတွင်း တစ်ရက်တာ ဝင်ရောက်စစ်ဆေးခွင့်တရားဝင်ရရှိထားသည်။ ရည်ရွယ်ချက်မှာ သတ္တုတူးဖော်ရေးလုပ်ငန်းအတွင်း သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိသည့်အခြေအနေများကို အချက် ၃၂-ချက်ပါဆန်းစစ်ရန်ဇယားနှင့် တိုက်ဆိုင်စစ်ဆေး၍ အစိုးရထံသို့ တရားဝင်အစီရင်ခံစာတိုက်ရိုက်ပေးပို့ရန်ဖြစ်သည်။ သတ္တုလုပ်ငန်းများကြောင့် ထိခိုက်ခံရသည့် နစ်နာမှုများအတွက် ရပ်ရွာလူထုကိုယ်စား ညှိနှိုင်းပေးခြင်းကိုလည်း ဆောင်ရွက်ကြသည်။ ယမုံ MMG အဖွဲ့၏ (ငွေကမ္ဘာ၊ ရွှေပင်လယ်ကုမ္ပဏီတို့နှင့်) ညှိနှိုင်းပေးမှုကြောင့် ၂၀၁၇-ခုနှစ် ဩဂုတ်လအတွင်း အိမ်ထောင်စု ၁၀၁-ခုအတွက် လျော်ကြေးငွေကျပ် ၁၂၅,၀၀၀,၀၀၀ ကျော် ပြန်လည်ရရှိခဲ့သည့်သာဓကလည်း ရှိခဲ့သည်။

ဘဝပင် MMG သည် ထားဝယ်မြေကုမ္ပဏီ၏ လုပ်ကွက်အတွင်း ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) မရှိခြင်း၊ တားမြစ်ထားသည့် ယန္တရားများကို အသုံးပြုလျက်ရှိနေခြင်းများအပေါ် အထောက်အထားများနှင့်တကွ အစီရင်ခံတင်ပြနိုင်ခဲ့သည့်အတွက် ၂၀၁၈-ခုနှစ် အောက်တိုဘာလအတွင်း ကုမ္ပဏီ၏ တားမြစ်ယန္တရားအသုံးပြုနေမှုများကို ရပ်တန့်နိုင်ခဲ့သည်။

# ၃.၁.၃။ အားကောင်းလာသောရပ်ရွာလူထုများ

(SRJS မိတ်ဘက်အဖွဲ့များအားလုံး)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးများ အတွက် အားကောင်းသောရပ်ရွာလူထုများရှိနေရန်လိုအပ်သည်။ SRJS မြန်မာ မိတ်ဘက်အဖွဲ့များသည် တနင်္သာရီတိုင်းအတွင်းရှိ ကျေးလက်လူထုများ (အထူး သဖြင့် ပြည်တွင်းစစ်နှင့် စစ်အုပ်ချုပ်ရေးများအောက်မှ ရှင်သန်ခဲ့ကြသူများ) အားကောင်းလာရေးအတွက် ချဉ်းကပ်မှုပုံစံအမျိုးမျိုးဖြင့် ဆောင်ရွက်ကြသည်။ SRJS စီမံကိန်းကာလအတွင်း လူထုအားကောင်းမှုပုံစံအမျိုးမျိုးကိုလည်း ခိုင်မာစွာ တွေ့ရှိခဲ့ရသည် -- အဓိကအားဖြင့် ရပ်ရွာလူထုများသည် ၎င်းတို့၏အခွင့်အရေးများ အတွက် ပိုမိုခိုင်မာရဲရင့်စွာ ထုတ်ဖော်ပြောဆိုလာကြခြင်းဖြစ်သည်။

- ❖ အထက်မှအောက်သို့ ဖိအားပေးဆောင်ရွက်သည့် ထိန်းသိမ်းရေးစီမံကိန်း များနှင့် ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းများကြောင့် သစ်တောပြုန်းတီးရခြင်း များကို တုံ့ပြန်ဆောင်ရွက်နိုင်ခဲ့ခြင်းများသည် ရပ်ရွာလူထု၏အင်အားများကို ပြသနိုင်ခဲ့ခြင်းဖြစ်သည် (ဖြစ်ရပ်-၄ နှင့် ၅)။
- ❖ TCVS သင်တန်းဆင်းတစ်ဦးသည် ရပ်ရွာအခြေပြုအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး သစ်တောထိန်းသိမ်းရေး လုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်လျက် ရှိသည်။
- ❖ ၂၀၁၈-ခုနှစ် မေလမှစတင်၍ မနီးရန်းဒေသမှ ဒေသခံများက ဆီအုန်းစီမံကိန်း ဆောင်ရွက်ရန် သိမ်းယူထားသည့်ဧရိယာအတွင်းရှိ ၎င်းတို့၏တောင်ယာ လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည် (ဖြစ်ရပ်-၆)။
- ❖ သာရဘွင်နှင့် မနီးရန်းဒေသများရှိ ရပ်ရွာလူထုများသည် ဆီအုန်းစီမံကိန်း များနှင့် ဆက်နွယ်သည့် ပြဿနာများကို ဆယ်စုနှစ်တစ်ခုနီးပါး ရင်ဆိုင်ခဲ့ရ ပြီးချိန်တွင် ပိုမိုကျယ်ပြန့်သည့် ဆီအုန်းလုပ်ငန်းကဏ္ဍအတွင်း ပြောင်းလဲမှု များကို ပံ့ပိုးပေးနိုင်ခဲ့သည်။
- ❖ ပြည်ကြီးမဏ္ဍိုင်မြို့နယ်၊ ချောင်းမွန်ငါးကျေးရွာရှိ ရပ်ရွာလူထုသည် ၂၀၁၉- ခုနှစ် စက်တင်ဘာလအတွင်း လက်ခံရရှိခဲ့သည့် အာဏာပိုင်များ၏ နှင်ထုတ် သည့်စာကို အခြေပြု၍ ပြန်လည်တုံ့ပြန်နိုင်ရန် စုစည်းခဲ့ကြသည် (ဖြစ်ရပ်-၇)။
- ❖ ဘန်းချောင်းဒေသရပ်ရွာလူထု၏ ၎င်းတို့ဒေသအတွင်း လေထု/မြစ်ချောင်း များ ညစ်ညမ်းလာမှုအပေါ် စိုးရိမ်ပူပန်မှုများကို စုစည်းနိုင်ခဲ့သည့်အတွက် ၂၀၁၇-ခုနှစ်အတွင်း ကျောက်မီးသွေးလုပ်ကွက်ကို နေရာရွှေ့ပြောင်းစေနိုင် ခဲ့သည်။
- ❖ လက်ရှိပြဿနာများကို ဖြေရှင်းခြင်းမပြုပဲ လုပ်ငန်းလိုင်စင်အသစ်ထပ်မံ ချထားခြင်းမပြုရန် ဟိန်းဒါးရပ်ရွာလူထု (နှင့် MMG) ၏ တောင်းဆိုမှုများအရ ၂၀၁၈-ခုနှစ်မှ ယနေ့အချိန်ထိ မြန်မာပွန်ပက်ပီကုမ္ပဏီ၏[10] လုပ်ငန်းလိုင်စင် အသစ်ကို ချထားပေးခြင်းမရှိပေ။
- ❖ ကြက်ပေါင်ချောင်းကျေးရွာလူထုသည် ၎င်းတို့၏စိုက်ပျိုးမြေများပျက်စီးခြင်း၊ ရေအရင်းအမြစ်များ ပျက်စီးခြင်းနှင့် ကုမ္ပဏီ၏ စည်းမျဉ်းချိုးဖောက်ခြင်းများ (စွန့်ပစ်မြေများကို မြစ်ချောင်းများအတွင်း စွန့်ပစ်ခြင်းနှင့် ဖောက်ခွဲရေး လုပ်ငန်းများကို ညအချိန်ပြုလုပ်ခြင်း) ကို မီဒီယာများမှတဆင့် ထုတ်ဖော် တင်ပြနိုင်ခဲ့သည်။ ရလဒ်အားဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ကွက် အတွင်း မကြာခဏ လာရောက်စစ်ဆေးခြင်းများကို တွေ့ရှိလာရပြီး ကုမ္ပဏီ၏ အကြီးစားလုပ်ငန်းလိုင်စင်လျှောက်ထားမှုသည်လည်း ရပ်တန့်လျက်ရှိသည်။
- ❖ (လွန်ခဲ့သော ဆယ်စုနှစ်အလွန်ကာလတွင် စစ်တပ်၏ ရွှေ့ပြောင်းနေရာချ ထားပေးခြင်း ခံခဲ့ရသည့်) မနီးရုံးဒေသ၊ ဒူးကြီးကျေးရွာလူထုသည် SRJS မြန်မာမိတ်ဘက်အဖွဲ့များအပါအဝင် အခြားရရှိနိုင်သည့် အကူအညီများဖြင့် ပမာဏစုစုပေါင်းငွေကျပ် ၄၈-သိန်း ပေးလျော်ရမည့်အခြေအနေမှ ကင်းလွတ် နိုင်ခဲ့သည်။




ပုံ-၁၈။ သစ်တောသုတေသနလုပ်ငန်းအပြီးတွေ့ရှိရသည့် ရပ်ရွာအခြေပြုအဖွဲ့ဝင်များ။ ဓါတ်ပုံ - SY

# ၃.၂။ မူဝါဒနှင့် အလေ့အထပြောင်းလဲမှုများ

SRJS မိတ်ဘက်အဖွဲ့များသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဌာနေတိုင်းရင်းသားအခွင့်အရေးများ ကာကွယ်မြှင့်တင်ခြင်းတို့အတွက် ထောက်ကူပံ့ပိုးမှုရှိသော မူဝါဒနှင့် အလေ့အထများဖြစ်လာစေရန် ကြိုးပမ်းလျက်ရှိကြသည်။ SRJS စီမံကိန်း TOC အတွင်းတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရဌာနများ၊ ရပ်ရွာလူထုများကို ဦးတည်ဆောင်ရွက်သည့် လုပ်ငန်းများပါဝင်သည်။ မိတ်ဘက်အဖွဲ့အသီးသီးသည် ရပ်ရွာလူထုများ ပိုမိုအားကောင်းလာစေမည့် အစီအစဉ်များဆောင်ရွက်ကြပြီး ဥပဒေလမ်းကြောင်းများအရ ထောက်ကူပံ့ပိုးမှုများအတွက် MLN က ပူးပေါင်းဆောင်ရွက်ပေးသည်။ MLN နှင့် ၎င်း၏ရှေ့နေကွန်ရက်များ၏ မဟာဗျူဟာမြောက်တရားစွဲဆိုခြင်းဆိုင်ရာ ချဉ်းကပ်မှုများက SRJS စီမံကိန်းအတွင်း ရပ်ရွာလူထုများအတွက်လည်း အကျိုးဖြစ်ထွန်းစေခဲ့သည်။

### အစိုးရ

တနင်္သာရီတိုင်းအတွင်းရှိ အစိုးရဌာနဆိုင်ရာများသည် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို ပိုမိုအသိအမှတ်ပြုလာကြပြီး နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမည့် ကိစ္စရပ်များ၊ ဖြစ်စဉ်များအတွင်း ဆက်သွယ်ဆက်ဆံရေးလမ်းကြောင်းများ ဖွင့်လှစ်လာကြသည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ အချို့သောလုပ်ငန်းဆောင်ရွက်မှုများအပေါ် ကန့်သတ်ချက်များရှိခဲ့သော်လည်း ရပ်ရွာလူထုများနှင့်ပဋိပက္ခဖြေရှင်းခြင်း၊ လူထုနှင့်တွေ့ဆုံညှိနှိုင်းရမည့် လုပ်ငန်းစဉ်များအတွက် ပူးပေါင်းဆောင်ရွက်သည့် ဖြစ်ရပ်များ ကြုံတွေ့ခဲ့ရသည်။ သို့ဖြစ်ရာ မူဝါဒပိုင်းဆိုင်ရာပြောင်းလဲမှုများနည်းပါးနေသေးသော်လည်း အစုးရဌာနဆိုင်ရာများ၏ အလေ့အထပိုင်းများတွင် အပြုသဘော ပြောင်းလဲမှုများကို ပိုမိုတွေ့ရှိလာရသည်။

အထူးသဖြင့် အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များအား မြေစစ်ကော်မတီများအတွင်း၊ အမျိုးသားမြေဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်များအတွင်း၊ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့များအတွင်း ဖိတ်ခေါ်လာခြင်းများက သာဓကများပင်ဖြစ်သည်။ ထို့အပြင် တိုင်းဒေသကြီးလွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များအတွင်း ကျယ်ပြန့်သည့် လူထုဆွေးနွေးမှုများ ထည့်သွင်းဆောင်ရွက်လာပြီး လိုအပ်သည့် နည်းပညာအကူအညီများအတွက် အရပ်ဘက်အဖွဲ့အစည်းများအား ဖိတ်ခေါ်သည့် ဖြစ်ရပ်များကိုလည်း တွေ့ရှိရသည်။

ပထမဖြစ်ရပ်မှာ တနင်္သာရီမြို့နယ်အတွင်း ဆီအုန်းကုမ္ပဏီနှင့် ဒေသခံများ၏ မြေအငြင်းပွားမှုကို ကိုင်တွယ်ဖြေရှင်းမည့် သုံးပွင့်ဆိုင်ကော်မတီအတွက် မြေအသုံးချမှုမြေပုံနှင့် အထောက်အထားများ ပံ့ပိုးပေးနိုင်ရန် တိုင်းအစိုးရက DDA ထံ အကူအညီတောင်းခံခြင်းဖြစ်သည်။ (ဖြစ်ရပ်-၁)။ ဒုတိယဖြစ်ရပ်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှ ၎င်း၏ သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းအစီအစဉ် (၂၀၂၁~၂၀၂၅) အတွက် လူထုနှင့်ဆွေးနွေးညှိနှိုင်းသည့်ဖြစ်စဉ်များ ဖြစ်မြောက်နိုင်ရန် DDA အား အကူအညီတောင်းခြင်းဖြစ်သည်။ အဆိုပါ ဖြစ်စဉ်အတွက် WWF, FFI, WCS တို့၏ ပံ့ပိုးကူညီမှုများဖြင့် DDA သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန (ECD) နှင့် အတူပူးပေါင်းဆောင်ရွက်ခဲ့သည်။

*အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ ECD ၏ မူဝါဒနှင့် လုပ်ငန်းများကို အသိပေးသည့် ဆွေးနွေးပွဲများကို ထားဝယ်၊ မြိတ်၊ ကော့သောင်းခရိုင်များတွင် ပြုလုပ်ခဲ့သည်။ ထို့နောက် ကျေးရွာလူထုများ၊ အရပ်ဘက်အဖွဲ့များ၊ ပုဂ္ဂလိကကဏ္ဍများနှင့်အတူ တွေ့ဆုံညှိနှိုင်းသည့်ဆွေးနွေးပွဲ (၃)ကြိမ်ပြုလုပ်ခဲ့ပြီး မူကြမ်းစတင်ရေးဆွဲခဲ့သည်။ နောက်ဆုံးအဆင့်အနေနှင့် တိုင်းဒေသကြီးအဆင့်တွင် ကျွမ်းကျင်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကော်မတီများနှင့် တွေ့ဆုံဆွေးနွေးရန်ဖြစ်သော်လည်း ကိုဗစ်ကာလကန့်သတ်ချက်များကြောင့် အွန်လိုင်းဆွေးနွေးမှုများအဖြစ် ပြောင်းလဲဆောင်ရွက်ခဲ့ရသည်။ အဆိုပါမူကြမ်းသည် လုပ်ငန်းအစီအစဉ်အဖြစ် ၂၀၂၁-ခုနှစ်တွင် စတင်ထွက်ရှိကျင့်သုံးနိုင်မည်ဖြစ်သည်။*

## ကေအဲန်ယူနှင့်ဆက်ဆံရေး

SY နှင့် TRIP NET တို့၏ လုပ်ငန်းဆောင်ရွက်ရာနေရာများသည် ရေယုက် အုပ်ချုပ်နယ်မြေများဖြစ်သည့်အတွက် သစ်တော/ပတ်ဝန်းကျင်ထိန်းသိမ်းရေးများ၊ ဆီအုန်း/သတ္တုလုပ်ငန်းကဏ္ဍဆိုင်ရာ လူထု၏စိုးရိမ်ပူပန်မှုများအတွက် ကေအဲန်ယူ နှင့် ထိတွေ့ဆက်ဆံရန်လည်းလိုအပ်သည်။

ကေအဲန်ယူ၏ မြေမူဝါဒတွင်[11] ကရင်လူထုများ၏မြေစီမံအုပ်ချုပ်မှုဖြစ်သည့် 'ကော်' စနစ်ဖြင့် အထူးပြုထားပြီး ဒေသတွင်ကျင့်သုံးလျက်ရှိသည့် ဓလေ့ထုံးတမ်းအလေ့ အထများကို အသိအမှတ်ပြုထားသည်။[12] ထို့အတွက် ရပ်ရွာလူထုများ၏ နယ်မြေ စီမံအုပ်ချုပ်မှုစနစ်များကိုကျင့်သုံးနိုင်ရန်၊ ယဉ်ကျေးမှုဆိုင်ရာနှင့် အများပိုင်နေရာ များအား ထိန်းသိမ်းရန်၊ ကွဲပြားသောအသက်မွေးမှုစနစ်များအတွက် အရင်းအမြစ် များအား ရယူသုံးစွဲနိုင်ရန်၊ သစ်တောနှင့် ဂေဟစနစ်များကို ရပ်ရွာလူထုကိုယ်တိုင် စီမံထိန်းသိမ်းနိုင်ရန် အားပေးထားသည်။ SRJS စီမံကိန်းကာလအတွင်း SY ၏ လုပ်ငန်းဆောင်ရွက်ရာဒေသများရှိ ကျေးရွာ ၁၈-ရွာမှ ဧက ၂၄,၀၀၀ နီးပါး ပမာဏ ကျယ်ဝန်းသော ရပ်ရွာလူထုကိုယ်တိုင်ထိန်းသိမ်းထားသည့်သစ်တောများအတွက် အသိအမှတ်ပြုလက်မှတ်များကို ကေအဲန်ယူက ထုတ်ပေးခဲ့သည်။ (ဇယား-၂)

၂၀၁၇-ခုနှစ်အတွင်း ဘန်းချောင်းဒေသ ကျောက်မီးသွေးတူးဖော်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ သုံးပွင့်ဆိုင် (ကေအဲန်ယူ၊ ကုမ္ပဏီနှင့် ထိခိုက်ခံရသည့် ဒေသခံများ) ဆွေးနွေးပွဲတွင် ညှိနှိုင်းဆွေးနွေးပေးရန်အတွက် ကေအဲန်ယူမှတာဝန်ရှိသူက TRIP NET ထံ အကူအညီတောင်းခဲ့သည့်ဖြစ်ရပ်လည်းရှိခဲ့သည်။ တစ်နည်းအားဖြင့် ရပ်ရွာလူထုနှင့် ဆက်သွယ်ဆောင်ရွက်ရသည့် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့်ယုံကြည်ရမှုကို အသိအမှတ်ပြုခြင်းဟုလည်း ဆိုနိုင်သည်။

ထို့အပြင် TRIP NET ၏ စီစဉ်မှုဖြင့်အထမြောက်ခဲ့သော မြန်မာ့အစိုးရ၏သစ်တော ဌာနနှင့် ကေအဲန်ယူသစ်တောဌာနအကြား လေ့လာဆွေးနွေးရေးခရီးစဉ်များက ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများဖြစ်ထွန်းစေခဲ့သည်။ (ဖြစ်ရပ်-၂)။

## ပုဂ္ဂလိကကဏ္ဍ

SRJS မြန်မာ မိတ်ဘက်အဖွဲ့များအနေနှင့် ပုဂ္ဂလိကကဏ္ဍနှင့် တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်သည့်လုပ်ငန်းများမရှိသော်လည်း သတ္တုနှင့်ဆီအုန်းလုပ်ငန်းကဏ္ဍများ အတွင်း ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု/တာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးရေးများ အတွက် ကဏ္ဍစုံဆွေးနွေးပွဲများမှတဆင့် တွန်းအားပေးလျက်ရှိသည်။

သတ္တုလုပ်ကွက်စောင့်ကြည့်ရေးအဖွဲ့များကို တိုင်းဒေသကြီးအစိုးရက တရားဝင် အသိအမှတ်ပြုပြီးချိန်မှစ၍ သတ္တုလုပ်ငန်းအတွင်း အပြုသဘောပြောင်းလဲမှုအချို့ ကိုလည်း တွေ့ရှိလာရသည်။ အထူးသဖြင့် လုပ်ငန်းလည်ပတ်မှုနှင့်သက်ဆိုင်သည့် အချက်အလက်များအား တောင်းခံစစ်ဆေးနိုင်ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်ကဲ့သို့သော စာရွက်စာတမ်းများ ပြင်ဆင်လာကြခြင်းတို့ပါဝင်သည်။ အချို့ဒေသများရှိ သတ္တုတူးဖော်ရေးကုမ္ပဏီများက ရပ်ရွာများအတွင်း ပံ့ပိုးလှူဒါန်း နေမှုများကိုလည်း တွေ့ရှိလာရသည်။ အဆိုပါ လှူဒါန်းမှုများက ၎င်းတို့၏ CSR (ကော်ပိုရိတ်လူမှုရေးတာဝန်ယူမှု) အတွက်ဖြစ်သည် (သို့) စေတနာအလျောက် လှူဒါန်းခြင်းဖြစ်သည် (သို့) ၎င်းတို့၏ လုပ်ငန်းများအဆင်ပြေချောမွေ့ရေးအတွက် ဖြစ်သည် ဆိုသည်မှာ မရှင်းလင်းသော်လည်း ရပ်ရွာလူထုများ၏ဒေသဖွံ့ဖြိုးရေး အတွက် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်နိုင်သည်။

သတ္တုတူးဖော်ရေးကုမ္ပဏီများ၏ ရပ်ရွာလူထုအားပြန်လည်တုံ့ပြန်ဆက်ဆံသည့် အခြေအနေများလည်း တိုးတက်လာသည်ကိုတွေ့ရှိရသည်။ သာဓကအားဖြင့် -

> *ကန်ပေါက်ဒေသရှိ MMG တရားဝင်ရပ်တည်လာနိုင်ချိန်မှစ၍ အဆိုပါ ဒေသရှိသတ္တုတူးဖော်ရေးကုမ္ပဏီသည် ၎င်းတို့၏လုပ်ငန်းဆောင်ရွက်မှု များအတွင်း လိုအပ်သည့်ဆွေးနွေးညှိနှိုင်းမှုများအတွက် ရပ်ရွာလူထုထံ အသိပေးသည့်အလေ့အထများ စတင်ကျင့်သုံးခဲ့သည်။ ထို့အပြင် ရွာ အတွင်းမှ လက်လုပ်လက်စားသတ္တုတူးသူများအတွက် အသိအမှတ်ပြု ကတ်ပြားများကိုလည်း ထုတ်ပေးခဲ့သည်။*[13]

## မီဒီယာ

လူထုပါဝင်မှုမရှိသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံကိန်းကြီးများ၊ ဆီအုန်းစီမံကိန်းနှင့်စပ်လျဉ်းသည့် အကြီးစားမြေယာရယူ ချထားပေးခြင်းများ၊ တာဝန်ယူမှုမရှိသည့် သတ္တုတူးဖော်ရေးလုပ်ငန်းများအား ရင်ဆိုင်တွန်းလှန်ခဲ့ကြရသည့် လူထု၏အောင်မြင်မှုများတွင် မီဒီယာ၏အခန်းကဏ္ဍလည်း ပါဝင်သည်။ လူထုကကြုံတွေ့ခံစားနေရသည့် ဒုက္ခများအား ကျယ်ပြန့်စွာသိရှိနိုင်ကြရန်၊ တာဝန်ရှိသည့် သက်ဆိုင်သူများက အရေးယူဆောင်ရွက်နိုင်ရန် ကြိုးပမ်းမှုများတွင် မီဒီယာ၏အခန်းကဏ္ဍကို သတိပြုမိနိုင်သည်။[14] တနင်္သာရီတိုင်းအတွင်း ဆီအုန်းစီမံကိန်းခွင့်ပြုချက်များနှင့်စပ်လျဉ်းသည့် နောက်ဆုံးရသတင်းများ၊ သက်ဆိုင်သူများ၏အကိုးအကားများကို စဉ်ဆက်မပြတ်တင်ဆက်ပေးခဲ့သည့် ပြည်တွင်းမီဒီယာများကိုလည်း တွေ့နိုင်သည် (ဆီအုန်းကဏ္ဍအတွက် မီဒီယာကိုးကားချက်များစာရင်းတွင်ကြည့်ပါ)။ SRJS မိတ်ဘက်အဖွဲ့များအနေနှင့် မီဒီယာကို ထိရောက်စွာချဉ်းကပ်၍ ဆောင်ရွက်နိုင်ခဲ့သည့်ဖြစ်ရပ်များလည်းရှိခဲ့သည်။

> *၂၀၁၈-ခုနှစ်အတွင်း DDA ၏ ကန်ပေါက်ဒေသ မီဒီယာခရီးစဉ်ကြောင့် Total နှင့် Siemens Myanmar တို့၏ LNG သုံး ၁,၂၃၀ မီဂါဝပ် ဓါတ်အားရုံတည်ဆောက်နိုင်ရေးအတွက် အခက်အခဲကြုံတွေ့ရသည့် တံငါရွာများ၏ ပြဿနာများအပေါ် ဆောင်းပါးများထွက်ရှိလာခဲ့သည်။ မီဒီယာပေါ်ရောက်ရှိခဲ့သည့် လူထုအသံများ၊ တိုင်ကြားစာများနှင့်အတူ သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ညှိနှိုင်းဖြေရှင်းပေးမှုများကြောင့် ငါးဖမ်းကန့်သတ်ဧရိယာကို ပြန်လည်လျှော့ချခြင်းများ၊ ပျက်စီးသွားသည့် ဒေသခံများ၏ ငါးဖမ်းပိုက်များအတွက် ပြန်လည်ပေးလျော်ခြင်းများဖြင့် အဆုံးသတ်နိုင်ခဲ့သည်။*

DDA ၏ သတင်းအေဂျင်စီများ၊ Dawei Watch ကဲ့သို့သော မီဒီယာစကြ်ံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် ပတ်ဝန်းကျင်နှင့် သယံဇာတရေးရာကိစ္စရပ်များအတွက်ဆောင်းပါးများကို သတင်းမီဒီယာများအတွင်း ပုံမှန်ဖော်ပြလာနိုင်ခြင်း၊ ရွေးကောက်ခံကိုယ်စားလှယ်လောင်းများ၏ ကတိကဝတ်များကိုမှတ်တမ်းပြုခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။



**ပုံ-၁၉။ ၂၀၂၀-ခုနှစ် ဒီဇင်ဘာလအတွင်းပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် သတင်းရယူနေပုံ။ ဓါတ်ပုံ - SY**

# ၃.၃။ ဆွေးနွေးမှုများနှင့် မိတ်ဖွဲ့ဆောင်ရွက်မှုများ

မြေ၊ရေ၊သစ်တောများကို ရေရှည်တည်တံ့စေမည့်စီမံခန့်ခွဲမှုပုံစံများနှင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကိုခံနိုင်ရေး ပြင်ဆင်မှုများအတွက် ပြည်သူ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအကြား ထိန်းညှိမှု၊ အပြန်အလှန်နားလည်မှုနှင့် ဆွေးနွေးမှုများလိုအပ်လျက်ရှိသည်။ SRJS မြန်မာ မိတ်ဘက်အဖွဲ့များ၏လုပ်ငန်းများတွင် မူဝါဒရေးရာဆွေးနွေးမှုများတွင် ချန်ရစ်ထားခံရလေ့ရှိသည့် ရပ်ရွာလူထုများ အားကောင်းစေရေးလုပ်ငန်းများပါဝင်သည်။ ထို့အပြင် သတ္တု၊ ဆီအုန်းလုပ်ငန်းကဏ္ဍများနှင့် သစ်တော၊ သား/ငါးကဏ္ဍများအတွင်းကဏ္ဍစုံဆွေးနွေးမှုများနှင့် မိတ်ဖွဲ့ဆောင်ရွက်မှုများအတွင်း ချိတ်ဆက်ပါဝင်ဆောင်ရွက်ခြင်းများကိုလည်းပြုလုပ်လျက်ရှိသည်။

ကဏ္ဍစုံဆွေးနွေးမှုများ (သို့) ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်မြောက်ရေးအတွက် စဉ်ဆက်မပြတ်တွန်းအားပေးခြင်းများ၊ ယုံကြည်မှုတည်ဆောက်ခြင်းများ၊ အချိန်ကိုက်ဖြစ်ခြင်းများရှိရန်လိုအပ်သည်။ ယုံကြည်မှုတည်ဆောက်ခြင်းသည် အလွန်အရေးကြီးလျက်ရှိပြီး မူဝါဒအစီအစဉ်များစွာတွင် လူထုကိုဦးစားပေးခြင်းနည်းပါးနေသေးသည့်မြန်မာနိုင်ငံတွင် ပါဝင်ပတ်သက်သူများအားလုံး ပူးပေါင်းပါဝင်နိုင်ရေးအတွက် စိန်ခေါ်မှုများစွာရှိနေဆဲဖြစ်သည်။ သို့သော်လည်း ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးရေး (နှင့် နိုင်ငံ၏စီးပွားရေး) အတွက် လွန်ခဲ့သည့်ဆယ်စုနှစ်တာကာအတွင်း အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို ပိုမိုအသိအမှတ်ပြုလာကြပြီဖြစ်သည်။ နိုင်ငံတကာဈေးကွက်နှင့်ချိတ်ဆက်ရန်လမ်းဖွင့်ခဲ့သည့် မြန်မာနိုင်ငံတွင် တည်ငြိမ်သောရင်းနှီးမြှုပ်နှံမှုရပ်ဝန်းဖြစ်ရန်၊ လူ့အခွင့်အရေးဆိုင်ရာ စီမံပုံပိုးမှုများဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းဆောင်ရွက်သည့်နည်းလမ်းများ ပိုမိုကောင်းမွန်လာစေရန်အတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအပေါ် တွန်းအားများစွာကျရောက်နေသည်။

### သတ္တု/သယံဇာတကဏ္ဍ

သယံဇာတတူးဖော်ရေးလုပ်ငန်းကဏ္ဍအတွင်း သိသာသည့်ပြောင်းလဲမှုတစ်ခုမှာ ၂၀၁၈-ခုနှစ်မှစ၍ သုံးပွင့်ဆိုင်ယန္တရားများကို အမျိုးသားအဆင့်နှင့် တိုင်းအဆင့်များ၌ ဖွဲ့စည်းထားရှိလာခြင်းဖြစ်သည်။ ၎င်းသည် လောင်စာ၊ ဓါတ်ငွေ့နှင့်ဓါတ်သတ္တုလုပ်ငန်းများအတွင်း တာဝန်ယူမှုဆိုင်ရာ နိုင်ငံတကာစံနှုန်းဖြစ်သည့် Extractive Industries Transpaency Initiative (EITI) လုပ်ငန်းစဉ်များနှင့် ဆက်နွယ်၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ၂၀၁၄-ခုနှစ်မှစ၍ EITI အတွင်း ပါဝင်ခဲ့သည်။[15] အမျိုးသားအဆင့်သုံးပွင့်ဆိုင်ယန္တရားကို (MSG) အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ ကိုယ်စားလှယ် ၇-ဦးစီ၊ အရပ်ဘက် အဖွဲ့အစည်းကိုယ်စားလှယ် ၉-ဦးတို့ဖြင့် ဖွဲ့စည်းထားပြီး တိုင်းအဆင့်တွင် (SNU) အစိုးရ၊ ပုဂ္ဂလိကနှင့် အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ် ၅-ဦးစီဖြင့်ဖွဲ့စည်း ထားသည်။ အဆိုပါယန္တရားသည် လူထုအခြေပြုစောင့်ကြည့်ရေးယန္တရားများနှင့်ချိတ်ဆက်ကာ သယံဇာတတူးဖော်ရေးလုပ်ငန်းအတွင်း ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုများ ပိုမိုကောင်းမွန်လာရေးအတွက် စတင်ဆောင်ရွက်လျက်ရှိသည်။

လူထုအခြေပြုစောင့်ကြည့်ရေးယန္တရားများအဖြစ် သတ္တုလုပ်ကွက်စောင့်ကြည့်ရေးအဖွဲ့များက (MMGs) ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့၏အစီရင်ခံစာများသည် တိုင်းဒေသကြီးအစိုးရနှင့် သုံးပွင့်ဆိုင်အဖွဲ့ထံလည်းရောက်ရှိပြီး လိုအပ်သည့်ကွင်းဆင်းစစ်ဆေးမှုများကို ဆောင်ရွက်ကြသည်။ သုံးပွင့်ဆိုင်အဖွဲ့များဖွဲ့စည်းတည်ရှိခဲ့သည့် ၃-နှစ်နီးပါးကာလအတွင်း မြင်သာထင်ရှားသည့်ရလဒ်များထွက်ပေါ်လာခြင်းမရှိသေးသော်လည်း အလားအလာကောင်းများ အစပြုလျက်ရှိနေသည်ဟုသိရသည်။ မူဝါဒစကားဝိုင်းများ၊ ဆွေးနွေးညှိနှိုင်းမှုဖြစ်စဉ်များအတွင်း အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များအား ဖိတ်ခေါ်ပါဝင်စေခြင်း၏ နောက်ခံအကြောင်းရင်းများစွာရှိနေနိုင်သော်လည်း အစိုးရပိုင်း၏ အပြုသဘောပြောင်းလဲလာမှုများဖြစ်လာသည်ဟုလည်းဆိုနိုင်သည်။ ထို့အပြင် ဆီအုန်းကုမ္ပဏီနှင့်ပဋိပက္ခကြုံရသည့်ရပ်ရွာလူထုများ၏ ဖြစ်ရပ်အတွက် စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့စည်းရာ၌ ရပ်ရွာလူထု

ကိုယ်စားလှယ် ထည့်သွင်းလာခြင်းသည်လည်း ကောင်းမွန်သောသာဓကတစ်ခု ဖြစ်သည်။ အဆိုပါဖြစ်ရပ်အား အဆုံးမသတ်နိုင်သေးသော်လည်း လုပ်ငန်းကဏ္ဍ အတွင်း ပြုပြင်ပြောင်းလဲရေးများဆောင်ရွက်နိုင်မည့် ဆွေးနွေးမှုများဆက်လက် ပေါ်ထွန်းစေရန်၊ ဒီမိုကရေစီအလေ့အထများ ကျင့်သုံးနိုင်ရန် လိုအပ်သည့် အဆင့် များအဖြစ် ရှုမြင်နိုင်ပါသည်။

## ငါးလုပ်ငန်းကဏ္ဍ

ကဏ္ဍစုံဆွေးနွေးညှိနှိုင်းမှုများသည် GN က ပံ့ပိုးပါဝင်လျက်ရှိနေသည့် ငါးလုပ်ငန်း ကဏ္ဍ၌လည်း ဆက်လက်ဖြစ်ပေါ်လျက်ရှိနေသည်။ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်ငါးလုပ်ငန်းအသင်း၊ တနင်္သာရီငါးလုပ်သားများမိတ်ဘက်အဖွဲ့နှင့် ဒေသခံ ငါးလုပ်သားများအကြား ဆွေးနွေးမှုများသည် ၂၀၁၅-ခုနှစ်မှစတင်ခဲ့ပြီး ငါးလုပ်ငန်း ကဏ္ဍအတွင်း ကောင်းမွန်စွာစည်းကြပ်နိုင်ရေး (ဥပဒေပြုခြင်းအပါအဝင်)၊ ကမ်းနီး ကမ်းဝေး နယ်မြေသတ်မှတ်မှုဆိုင်ရာပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ဖော်ထုတ်နိုင်ရေးတို့အတွက် ဆက်လက်ဆွေးနွေးလျက် ရှိသည်။ GN သည် MLN ၊ DDA တို့နှင့်ပူးပေါင်းကာ တိုင်းဒေသကြီးလွှတ်တော် အတွင်း ရေချိုငါးလုပ်ငန်းဥပဒေကြမ်းရေးဆွဲနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေး ခဲ့သည်။

## မြေယာကဏ္ဍ

မတူကွဲပြားသည့် ချဉ်းကပ်မှုများဖြင့် မြေယာအရေးဆောင်ရွက်နေကြသည့် အရပ် ဘက်အဖွဲ့များအကြား ဆွေးနွေးမှုများကို ပြုလုပ်နိုင်ရန်အတွက် တနင်္သာရီမြေယာ ဖိုရမ်ကို DDA က အစပြုပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။ သယံဇာတရေးရာကိစ္စများ၊ သစ်တောနှင့် ဌာနေတိုင်းရင်းသားကိစ္စများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ် များသည် မြေနှင့်ဆက်စပ်လျက်ရှိနေသည့်အတွက် အဆိုပါစကြ ံများ၏ရှင်သန် တက်ကြွမှုများသည် အလွန်အရေးကြီးသည်။ DDA နှင့် SY တို့သည် အမျိုးသား အဆင့် လူထုမြေယာအခွင့်အရေးလှုပ်ရှားမှုများအတွက် ဒို့မြေကွန်ရက် (LIOH)[16] နှင့် လက်တွဲဆောင်ရွက်ကြသည်။

## သစ်တောနှင့် ဌာနေတိုင်းရင်းသား

သစ်တောထိန်းသိမ်းရေးနှင့် ဌာနေတိုင်းရင်းသားအခွင့်အရေး ကာကွယ်မြှင့်တင် ခြင်းများအတွက် ဆွေးနွေးမှုများဖြစ်ပေါ်လျက်ရှိနေပြီး အစိုးရပိုင်းအနေနှင့်လည်း စိတ်ဝင်စားလျက်ရှိနေသည်။ ဤအခြေအနေ၌ တနင်္သာရီတိုင်းအတွင်း ICCA working group နှင့် အမျိုးသားအဆင့်အတွက် ICCA NEWS တို့ပေါ်ပေါက် လာခြင်းသည် အချိန်အခါသင့်လျက်ရှိသည်။ အဆိုပါဖွဲ့စည်းလှုပ်ရှားမှုများအတွင်း TRIP NET နှင့် SY တို့ တက်ကြွစွာပါဝင်လျက်ရှိပြီး မဝေးတော့သည့်အနာဂတ် ကာလအတွင်း အစိုးရ၏အစီအစဉ်များ၊ လုပ်ငန်းစဉ်များအား ချိတ်ဆက်တွန်းအား ပေးနိုင်မည်ဟု မျှော်လင့်ရပါသည်။

## မြန်မာအစိုးရနှင့် ကေအဲန်ယူ

လွန်ခဲ့သော ၂-နှစ်တာကာလအတွင်း ဖြစ်မြောက်ခဲ့သည့် တွေ့ဆုံညှိနှိုင်းမှုများမှ တဆင့် မြန်မာအစိုးရနှင့် ကေအဲန်ယူအကြား ဆွေးနွေးပူးပေါင်းမှု အလားအလာ အသစ်များကိုလည်း TRIP NET ကမျှော်လင့်လျက်ရှိသည်။ အဆိုပါ အလားအလာ အမှန်တကယ်ဖြစ်မြောက်လာမည်ဆိုပါက ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အထောက်အကူဖြစ်စေမည့် ဆန်းသစ်သည့် နိုင်ငံရေးဆွေးနွေးမှုထံလည်း ဦးတည် နိုင်မည်ဖြစ်သည်။[17]

ပုံ-၂၀။ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ တံငါမိသားစုများ။ ဓါတ်ပုံ - ဇော်ထက်။



# ၃.၄။ ရေရှည်တည်တံ့သောစီမံခန့်ခွဲမှုနှင့် ပါဝင်မှုရှိသော[18] ထိန်းသိမ်းစောင့်ရှောက်ရေး

## ၃.၄.၁။ လူထုစီမံခန့်ခွဲမှုစနစ်များ

ရပ်ရွာလူထုများသည် ၎င်းတို့ရင်ဆိုင်ရသည့် လူ့အခွင့်အရေး၊ အသက်မွေးမှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများကို ပြန်လည်တုံ့ပြန်နိုင်ခဲ့သည်ကို ဖြစ်ရပ်သာဓက များစွာတွင် တွေ့ရှိနိုင်သည်။ မတူညီသောဒေသအသီးသီးရှိ ရပ်ရွာလူထုများသည် သယံဇာတစီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း များကို ၎င်းတို့ကိုယ်တိုင်ဖော်ထုတ်သတ်မှတ်ထားကြသည်။ ဌာနေတိုင်းရင်းသား လူထုများတွင် အစဉ်အဆက်ကျင့်သုံးလာခဲ့ကြသည့် ဌာနေဗဟုသုတ၊ ကျွမ်းကျင် မှုများအပြင် (မြေ/ရေ/သစ်တောအပါအဝင်) သယံဇာတခွဲဝေမှု၊ စီမံမှုများအတွက် ဓလေ့ထုံးတမ်းစနစ်များ ရှိနေကြသည်။ တနင်္သာရီတိုင်းအတွင်းမှ ဌာနေတိုင်းရင်း သားအများစုသည် ကာလရှည်ကြာရင်ဆိုင်ခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခများမှ ရှင်ကျန်လွတ်မြောက်လာသူများ ဖြစ်ကြသည့်အပြင် ခေတ်သစ် ဖွံ့ဖြိုးရေးစီမံကိန်း ကြီးများကို ဆက်လက်ရင်ဆိုင်တိုက်ခိုက်နေရသူများလည်းဖြစ်သည်။

ရေရှည်စီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ရပ်ရွာအခြေပြုစည်းမျဉ်း များကို ပြန်လည်အသက်ဝင်ရေးဆောင်ရွက်မှုသည် အကျိုးအမြတ်အတွက်သာ ဦးတည်သည့် စီမံကိန်းများ၏ မြေယာလက်ဦးမှုရယူသည့်အန္တရာယ်များမှလည်း ကာကွယ်နိုင်ရန်ဖြစ်သည်။ ထို့အပြင် စီပွားရေးလုပ်ငန်းလည်ပတ်မှုများ၏ နေ့စဉ် လူ့ဘဝများအပေါ် အကျိုးသက်ရောက်မှုများကို လျော့ချနိုင်ရန်နှင့် ရပ်ရွာအတွင်း လူမှုသဟဇာတဖြင့် ငြိမ်းချမ်းမှုတည်ဆောက်နိုင်ရန်လည်း အထောက်အကူပြု ပါသည်။ ထိုမှတဆင့် လုပ်ငန်းကဏ္ဍအတွင်း ပြုပြင်ပြောင်းလဲရေးကိစ္စများ၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်စီမံခန့်ခွဲမှုများထိ အထောက်အကူပြုလျက် ရှိနေသည်။

ကျွန်းစုမြို့နယ်အတွင်းမှ အစုအဖွဲ့ပိုင်သစ်တောအဖွဲ့ပများသည် ဒီရေတောဧက ၈,၆၀၀ ကျော်ကို (၎င်းတို့အနက် ဧက ၁,၅၀၀ နီးပါးအတွက် တရားဝင်လက်မှတ် ရရှိထား) ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ထိုမှတဆင့် ဒီရေတောများပိုမို တိုးပွားထိန်းသိမ်းနိုင်ရန်၊ အဖွဲ့များအကြား ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်ရန်နှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် အသင်းအဖွဲ့အဖြစ် (FUA) ဖွဲ့စည်း စုရုံးခဲ့ကြသည်။ FUA သည် အစုအဖွဲ့ပိုင်သစ်တောဆိုင်ရာ နည်းပညာလိုအပ်ချက် များအတွက် ထောက်ကူပံ့ပိုးမှုများ ပေးနိုင်ရန်နှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ရေရှည်တည်တံ့စေနိုင်မည့် နည်းလမ်းများရှာဖွေဖော်ထုတ်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည် (ဇယား-၃)။

*၅-နှစ်ကြာဒီရေတောထိန်းလုပ်ငန်းများကြောင့် ကျွန်းစုမြို့နယ်အတွင်း ငါးသယံဇာတများသိသိသာသာတိုးပွားလျက်ရှိသည်။ ထိန်ချောင်း CF ဧရိယာအတွင်း နေ့စဉ်ပုစွန် ၁ ပိဿာခွဲအထိ ဖမ်းယူရရှိလျက်ရှိသည်။ အဆိုပါပမာဏသည် လွန်ခဲ့သည့် ၅-နှစ်ကဖမ်းယူရရှိခဲ့သည်ထက် ၅-ဆ ပိုများလာခြင်းဖြစ်သည်။ တီးပုဒေသအနီးရှိ မိသားစုများသည်လည်း ဂဏန်းပုန်းများကို ရာသီမရွေးဖမ်းယူရနိုင်ပြီဖြစ်သည် (ယခင်က မိုးတွင်း ကာလ၌သာ တွေ့ရသည်)။ ဒီရေတောထိန်းသိမ်းလျက်ရှိသည့်အခြား ကျေးရွာများ၌လည်း အလားတူဥပမာများ ကြုံတွေ့ရလျက်ရှိသည်။*

*ဒီရေတောအတွင်း ကင်းလှည့်နေခြင်းကြောင့် သစ်ခိုးခုတ်သည့်အကြိမ် ရေနှင့် ဖမ်းဆီးရမိသစ်လုံးအရေအတွက်များလည်း သိသိသာသာပင် ကျဆင်းလာသည်ကိုတွေ့ရသည် (ဇယား-၃)။ ထိန်ချောင်းကျေးရွာမှ ကိန်းဂဏန်းများတွင် နှစ်အလိုက်ဖမ်းဆီးရမိသည့် သစ်လုံးပမာဏ ကျဆင်းလာသည်ကိုတွေ့ရမည်ဖြစ်သည်။ ကိန်းဂဏန်းဖော်ပြထားခြင်း မရှိသည့် နေရာများသည် သစ်ခိုးခုတ်ရန် ကြိုးစားအားထုတ်မှုမရှိဟု ဆိုလိုခြင်းမဟုတ်ပဲ ကျူးလွန်နိုင်ခြင်းမရှိသေးမှီ တားဆီးနိုင်ခြင်းလည်း ဖြစ်နိုင်ပါသည်။*

လေညာ၊ မနိုးရှန်း၊ သာရဘွင်နှင့် ကျွန်းစုဒေသများရှိ လူထုများသည် ၎င်းတို့ဒေသတစ်ခုလုံးရှိ သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြပြီး စုစုပေါင်းဧက ၂၄,၀၀၀ အတွက် ကေအဲန်ယူ၏အသိအမှတ်ပြုလက်မှတ်များ ရရှိထားပြီးဖြစ်သည် (ဇယား-၂)။ ရပ်ရွာလူထုများသည် ဒေသအလိုက် ရပ်ရွာအခြေပြုအဖွဲ့များကိုလည်း ဖွဲ့စည်းထားရှိကြပြီး ဆီအုန်းနှင့်သတ္တုစီမံကိန်းဆိုင်ရာကိစ္စများ၊ သစ်တောနှင့် ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဌာနေတိုင်းရင်းသားအရေးများကို ကိုင်တွယ်ဖြေရှင်းကြသည်။ ထို့အပြင် ပိုမိုကျယ်ပြန့်သည့် မူဝါဒရေးရာပြောင်းလဲမှုများအတွက် ပိုမိုထိရောက်စေရေးအတွက် SY ၏ ကြိုးစားအားထုတ်မှုများ၌လည်း ပံ့ပိုးပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

| မြို့နယ်နှင့် ရွာအမည်များ | | ဧက | ဟက်တာ |
|---|---|---|---|
| ပြည်ကြီးမဏ္ဍိုင်မြို့နယ် (မနိုးရှန်းဒေသ) | | ၁၀,၉၈၄ | ၄,၄၁၂ |
| ၁ | ထင်းမယ် | ၂,၂၀၀ | ၈၉၁ |
| ၂ | မနိုးရှန်း | ၂,၄၉၀ | ၁,၀၀၈ |
| ၃ | လန်ပိုးဂန်း | ၃၀၂ | ၁၂၂ |
| ၄ | ကျားချောင်း | ၅၀၇ | ၂၀၅ |
| ၅ | ရွာသာယာ | ၅,၃၉၅ | ၂,၁၈၅ |
| ပြည်ကြီးမဏ္ဍိုင်မြို့နယ် (လေညာဒေသ) | | ၄,၈၉၂ | ၁,၉၈၁ |
| ၆ | ကတော် | ၂,၇၈၉ | ၁,၁၃၀ |
| ၇ | ကျောက်လုံးကြီး | ၄၁၁ | ၁၆၆ |
| ၈ | ဥယျာဉ်ကြီး | ၁၇၀ | ၆၉ |
| ၉ | ထင်ဂန်းကျွန်း | ၅၄၃ | ၂၂၀ |
| ၁၀ | ယုန်ဒေါ | ၅၂၇ | ၂၁၃ |
| ၁၁ | ဟင်းလိုင်း | ၄၅၂ | ၁၈၃ |
| ကျွန်းစုမြို့နယ် | | ၇,၉၀၀ | ၃,၂၀၀ |
| ၁၂ | အနိုင်း | ၄,၀၀၀ | ၁,၆၂၀ |
| ၁၃ | စဥ့်ကူး | ၁၀၀ | ၄၁ |
| ၁၄ | အနိုင်း** | ၁,၀၀၀ | ၄၀၅ |
| ၁၅ | စဥ့်ကူး** | ၂,၀၀၀ | ၈၁၀ |
| ၁၆ | နှောင်မြငယ်** | ၂၀၀ | ၈၁ |
| ၁၇ | နှောင်မြငယ် | ၆၀၀ | ၂၄၃ |
| တနင်္သာရီမြို့နယ် (သာရဘွင်ဒေသ) | | ၂၀၀ | ၈၁ |
| ၁၈ | ရွှေချောင်း | ၂၀၀ | ၈၁ |
| | စုစုပေါင်း | ၂၃,၈၈၆ | ၉,၆၇၄ |

ဇယား-၂။ လေညာ၊ မနိုးရှန်း၊ သာရဘွင်နှင့် ကျွန်းစုဒေသများရှိ လူထုထိန်းသိမ်းထားသည့် သစ်တောများ။ (SY)



ပုံ-၂၁။ လူထုထိန်းသိမ်းသစ်တောများအတွက် ကေအဲန်ယူ၏အသိအမှတ်ပြုလက်မှတ်ကို ရပ်ရွာကိုယ်စားလှယ်အား ပေးအပ်နေစဉ်။ ဓါတ်ပုံ - SY

ဇယား-၃။ ကျွန်းစုမြို့နယ်အတွင်းရှိ အစုအဖွဲ့ပိုင်သစ်တောများ (GN)


| CF အမည် (ကျေးရွာအမည်) | ကတ္တလူ | ထိန်ချောင်း | လိပ်ကြယ် | တီးပူ | ကဘင်းချောင်း |
|---|---|---|---|---|---|
| ကျေးရွာအုပ်စု | ကတ္တလူ | ကတ္တလူ | ကတ္တလူ | ကမ်းကြီး | ကမ်းကြီး |
| မြို့နယ် | ကျွန်းစု | ကျွန်းစု | ကျွန်းစု | ကျွန်းစု | ကျွန်းစု |
| စတင်ထူထောင်သည့်လ | သြဂုတ် ၂၀၁၅ | သြဂုတ် ၂၀၁၅ | သြဂုတ် ၂၀၁၅ | သြဂုတ် ၂၀၁၅ | သြဂုတ် ၂၀၁၅ |
| ထိန်းသိမ်းဧရိယာစုစုပေါင်း (ဧက) | ၂,၂၇၃ | ၁,၂၈၀ | ၁,၉၃၅ | ၁,၆၀၈ | ၁,၅၂၆ |
| အစိုးရအသိအမှတ်ပြုဧရိယာ (ဧက) | ၅၀၀ | ၂၅၀ | ၂၄၀ | ၂၃၃ | ၂၄၆ |
| စတင်ခွင့်ပြုသည့်နေ့စွဲ | ၁၂ ဒီဇင်ဘာ ၂၀၁၆ | ၁၂ ဒီဇင်ဘာ ၂၀၁၆ | ၁၂ ဒီဇင်ဘာ ၂၀၁၆ | ၁၂ ဒီဇင်ဘာ ၂၀၁၆ | ၁၂ ဒီဇင်ဘာ ၂၀၁၆ |
| အသိအမှတ်ပြုလက်မှတ်ရရှိသည့်နေ့စွဲ | ၁၀ မတ် ၂၀၁၇ | ၁၀ မတ် ၂၀၁၇ | ၁၀ မတ် ၂၀၁၇ | ၁၀ မတ် ၂၀၁၇ | ၁၀ မတ် ၂၀၁၇ |
| ပျိုးခင်း (ဧက) | ၅၀ | ၅၀ | ၅၀ | ၅၀ | ၅၀ |
| အစားထိုး/ကွက်လပ်ဖြည့် (ဧက) | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ |
| အဖွဲ့ဝင် (ကျား/မ) | ၄၀ (၂၅/၁၅) | ၄၉ (၃၇/၁၂) | ၃၈ (၂၆/၁၂) | ၈၆ (၆၅/၂၁) | ၄၂ (၂၆/၁၆) |
| သစ်တောအမျိုးအစား | ရေဝေရေလဲ | ဒီရေတော | ဒီရေတော | ဒီရေတော | ဒီရေတော |
| အစိုးရ၏ သစ်တောသတ်မှတ်ချက် | ကတန် ကြိုးပြင်ကာကွယ်တော | | | | |
| ကင်းလှည့်ခြင်းဖြင့် ဖမ်းယူရမိသည့်သစ်လုံးပမာဏ | | | | | |
| *၂၀၁၇* | - | ၄၀၀ | - | - | ၅၀ |
| *၂၀၁၈* | - | ၂၁၀ | - | - | ၂၀ |
| *၂၀၁၉* | - | ၁၄၀ | - | - | - |
| *၂၀၂၀* | - | ၇၆ | ၂၀၀ | - | - |
| မှတ်ချက် | ကင်းလှည့်ရန် လမ်းကြောင်း လွယ်ကူသည် | ကင်းလှည့်ရန် လမ်းကြောင်း ခက်ခဲသည် | ကင်းလှည့်ရန် လမ်းကြောင်း လွယ်ကူသည်။ ၂၀၂၀ နိုဝင်ဘာ မတိုင်မီအထိ သစ်ခိုးခုတ်သည့် ကိစ္စမတွေ့ခဲ့ရပါ။ | ကင်းလှည့်ရန် လမ်းကြောင်း လွယ်ကူသည် | ကင်းလှည့်ရန် လမ်းကြောင်း လွယ်ကူသည် |

# ၃.၄.၂။ လူထုပါဝင်မှုရှိသောထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ထပ်ပိုးကာကွယ်ခြင်း

ရပ်ရွာလူထုများသည် အစုအဖွဲ့ငယ်များအဖြစ် စုစည်းခဲ့ကြပြီး သစ်တော၊ သဘာဝ ပတ်ဝန်းကျင်များကို ၎င်းတို့ကိုယ်ပိုင်စည်းမျဉ်းများနှင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ကြိုးပမ်းလျက်ရှိသကဲ့သို့ အစိုးရပိုင်း၏အသိအမှတ်ပြုရေးအတွက်ကိုလည်း ချဉ်းကပ်ကြရသည်။ ကျွန်းစုမြို့နယ်အတွင်းရှိ အစုအဖွဲ့ပိုင်သစ်တောများအတွက် လုပ်ငန်းဆောင်ရွက်ခွင့်လက်မှတ်များရရှိရန် သစ်တောဌာနထံ လျှောက်ထားရယူကြသည်။ ထိန်ချောင်းဒေသရှိ ဂဏန်းကန်ကဲ့သို့သော ထပ်ဆောင်းလုပ်ငန်းများအတွက် အာမခံချက်ရရှိနိုင်ရေး သက်ဆိုင်ရာဌာနများအား ဆက်လက်ချဉ်းကပ်ရန် ကြိုးပမ်းလျက်ရှိကြသည် (ဖြစ်ရပ်-၉)။

လေညာ၊ မနိုးရုံး၊ သာရဘွင်နှင့် ကျွန်းစုဒေသများရှိ လူထုထိန်းသိမ်းသစ်တောများအတွက် ကေအဲန်ယူသစ်တောဌာနထံချဉ်းကပ်၍ အသိအမှတ်ပြုလက်မှတ်များ ရယူကြသည်။ ၂၀၁၇~၂၀၂၀ ခုနစ်များအတွင်း ဤဒေသများရှိရပ်ရွာလူထုများက လူထုပါဝင်မှုရှိသော၊ အောက်ခြေအဆင့်မှ စတင်တည်ဆောက်ခြင်းဖြစ်သော ထိန်းသိမ်းရေးပုံစံများဖြစ်လာစေရေးအတွက် ကြိုးပမ်းခဲ့ကြသည်။ တစ်ဆက်တည်းမှာပင် အဆိုပြုလေညာအမျိုးသားဥယျာဉ်နှင့် R2R စီမံကိန်းကဲ့သို့သော အထက်မှအောက်သို့တွန်းအားပေးဆောင်ရွက်သည့် ထိန်းသိမ်းရေးပုံစံများကိုလည်း ရင်ဆိုင်တွန်းလှန်ခဲ့ကြရသည် (ဖြစ်ရပ် ၄ နှင့် ၅)။

ကမိုသွေးဒေသမှ ရပ်ရွာလူထုများအနေနှင့် ၎င်းတို့၏ ထိန်းသိမ်းစောင့်ရှောက်ရေးနေရာများ ရေရှည်တည်တံ့နိုင်ရေးအတွက် မြန်မာအစိုးရနှင့် ကေအဲန်ယူနှစ်ဖက်လုံးထံ ချဉ်းကပ်ကြိုးပမ်းလျက်ရှိကြသည်။


ရုံးတံဆိပ်

FOREST

အမှတ်စဉ်- ၀၆ / မြိတ် / ၀၀၃

**ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ခွင့်လက်မှတ်**

ဦး/ဒေါ် ကျော်ဆန်း

ဥက္ကဋ္ဌ

ကတ္တလူကျေးရွာ (CF) အသုံးပြုသူများအဖွဲ့

ကတ္တလူ ကျေးရွာ

ဗွန်းရု မြို့နယ်

မြိတ် ခရိုင်၊ တနင်္သာရီ တိုင်းဒေသကြီး။

၁။ သစ်တောဥပဒေပုဒ်မ ၅၀၊ နည်းဥပဒေ-၄၁-က နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျွန်ုပ်သည် လူကြီးမင်းပါ(၃၆) ဦးဖြင့်ဖွဲ့စည်းထားသည့် အသုံးပြုသူများအဖွဲ့ကို အောက်ဖော်ပြပါ နေရာဒေသတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခွင့်ပြု၍ အဖွဲ့ဝင်များအဖြစ် အပိုဒ်(၁) အပိုဒ်ခွဲ (င)တွင် ဖော်ပြပါရှိသည့် အသုံးပြုသူများအဖွဲ့၏ စီမံအုပ်ချုပ်မှုအောက်တွင် ထားရှိလိုက်ပါသည်။ ဤလက်မှတ်အား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ လ၊ ၁၂ ရက်နေ့တွင် အတည်ပြုခဲ့သော အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ထုတ်ပေးခြင်းဖြစ်ပါသည်။

(က) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော၏အမည် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော၊

(ခ) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော၏တည်နေရာ [illegible]
(တစ်လက်မ = တစ်မိုင် မြေပုံပူးတွဲ)

(ဂ) နယ်နိမိတ် [illegible]
(လေးလက်မ = တစ်မိုင် မြေပုံပူးတွဲ)

(ဃ) ဧရိယာ ၅၀၀ ဧက။

(င) အသုံးပြုသူများအဖွဲ့၏ အဖွဲ့ဝင်များစာရင်း
ကတ္တလူ ကျေးရွာမှ ဦးကျော်ထန်း (ပါ) ၃၆ ဦး(စာရင်းအသေးစိတ်ပူးတွဲ)

၂။ ဆောင်ရွက်ခွင့်လက်မှတ်ထုတ်ပေးသည့်နေ့ ၁၀.၃.၂၀၁၇

၃။ ဆောင်ရွက်ခွင့်လက်မှတ်သက်တမ်းကုန်ဆုံးသည့်နေ့ ၉.၃.၂၀၄၇

**လက်မှတ်ထုတ်ပေးသည့်ခရိုင်သစ်တောအရာရှိ**
လက်မှတ်-
အမည်-
ရာထူး-
ရက်စွဲ-

**ပုံ-၂၂။ သစ်တောဦးစီးဌာနက ထုတ်ပေးသည့် အစုအဖွဲ့ပိုင်သစ်တောလက်မှတ်။**

## ၃.၄.၃။ သစ်တောပြုန်းစေသည့်တွန်းအားများနှင့် ရင်ဆိုင်ခြင်း

၁၉၈၀-ကျော်ခုနှစ်များမှ ရိုက်ခတ်လာခဲ့သည့် နီယိုလစ်ဘရယ်စီးပွားရေးတွန်းအားများမှတဆင့် တစ်မျိုးတည်းသီးနှံစိုက်ပျိုးခြင်းနှင့် ပို့ကုန်အလေးပေးလုပ်ငန်းများသည် မြန်မာနိုင်ငံအတွင်း သစ်တောပြုန်းတီးမှုများ၏ အကြောင်းရင်းခံများဖြစ်လာခဲ့သည်။ တစ်မျိုးတည်းသီးနှံစိုက်ပျိုးရေးကြောင့် အမှန်တကယ်သစ်တောပြုန်းတီးမှုများမှာ ၁၉၉၀-ခုနှစ်ကျော်ကာလများတွင် အရှိန်မြင့်တက်ခဲ့ပြီး နိုင်ငံ၏စီးပွားရေးထက် စစ်အစိုးရ၏ နိုင်ငံရေးအကျိုးစီးပွားများနှင့် ပိုမိုယှက်နွယ်ခဲ့သည်။ ထိုအချိန်မှစတင်ခဲ့သည့် အလွန်အကျွံသစ်ခုတ်ယူထုတ်လုပ်ခြင်းသည် (၂၀၁၀ ~ ၂၀၂၀) ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလများအထိ မြေအသုံးချခွင့်ပုံစံနှင့် ခေါင်းစဉ်အမျိုးမျိုးအောက်မှ ဆက်လက်ဖြစ်ပေါ်လျက်ရှိခဲ့သည်။ ရာဘာ၊ ဆီအုန်း၊ ပြောင်းနှင့် တစ်သျှူးငှက်ပျောစိုက်ပျိုးရေးများသည် လက်ရှိအချိန်တွင် အထင်ရှားဆုံးသော တစ်မျိုးတည်းသီးနှံများဖြစ်လျက်ရှိသည်။ SRJS စီမံကိန်းကာလအတွင်း တနင်္သာရီတိုင်းမှ ဆီအုန်းစိုက်ပျိုးရေးသည် သစ်တောပြုန်းတီးမှုများနှင့် ဆက်နွယ်လျက်ရှိသည်ကိုတွေ့ရသည့်အပြင် ရပ်ရွာလူထုများနှင့် ပဋိပက္ခကြုံရသည်ကိုလည်း တွေ့ရှိရသည်။

ဆီအုန်းစီမံကိန်းများနှင့်ဆက်နွယ်သည့် သစ်တောပြုန်းတီးမှုနှုန်းသည် တနင်္သာရီတိုင်းအတွင်းမြင့်တက်လျက်ရှိသည်။ ရာဘာနှင့် ဆီအုန်းစိုက်ပျိုးရေး (ဧက-၅၀ အထက်လုပ်ငန်းများ) များကြောင့် သစ်တောပြုန်းတီးမှုသည် မြိတ်ခရိုင်အတွင်း (၄၃%) ရှိပြီး ကော့သောင်းခရိုင်အတွင်း (၇၆%)ရှိသည် (၂၀၀၀~၂၀၁၄ ကာလအတွင်း)။ ဆီအုန်းစိုက်ပျိုးရေးအတွက်လုပ်ပိုင်ခွင့်ချထားပေးသည့်နေရာများသည် ကျေးရွာပေါင်း-၇၀ နှင့် ထပ်လျက်ရှိပြီး စုစုပေါင်း ၅၅၇-ရွာကို တိုက်ရိုက်ထိခိုက်လျက်ရှိနေသည်[19]။ ၂၀၁၅-ခုနှစ်မှ တရားဝင်ကိန်းဂဏန်းများအရ (ဇယား-၄)၊ တနင်္သာရီတိုင်းအတွင်း ကုမ္ပဏီ ၄၄-ခုအား ခွင့်ပြုခဲ့သည့် မြေဧကတစ်သန်းနီးပါးတွင် အမှန်တကယ်ဆီအုန်းစိုက်ပျိုးမှု ၃၅% သာရှိသည်ကိုတွေ့ရသည်။ သို့သော် အဆိုပါကုမ္ပဏီများအနေနှင့်မူ သစ်ထုတ်ခြင်းမှတဆင့် အကျိုးအမြတ်များစွာ ရရှိခဲ့ပြီးဖြစ်သည် (ဖြစ်ရပ် ၇၊ ၈)။ သစ်ထုတ်ခြင်းမှ အကျိုးအမြတ်မည်မျှရရှိခဲ့ကြပြီး နိုင်ငံ၏စီးပွားရေးအတွက် မည်မျှအထောက်အကူဖြစ်စေသည်ကိုမူ မသိရှိနိုင်ပါ။

တစ်ဖက်တွင်လည်း ဆီအုန်းစိုက်ပျိုးရေးအတွက် မြေအသုံးချခွင့်များချထားပေးရာ၌ ရပ်ရွာလူထုများ၏ လက်တွေ့မြေအသုံးချမှုပုံစံများကို ထည့်သွင်းစဉ်းစားခြင်းမရှိသည့်အပြင် လေညာအမျိုးသားဥယျာဉ်ကဲ့သို့သော အစိုးရ၏စီမံကိန်းနေရာများနှင့်ပင် ထပ်လျက်ရှိသည်ကိုတွေ့ရသည်။ သစ်တောပြုန်းတီးစေသည့်တွန်းအားတစ်ခုဖြစ်နေသည့်အပြင် ဌာနေတိုင်းရင်းသားလူထုများနှင့်လည်း ပဋိပက္ခများဖြစ်လျက်ရှိသည်။ အဓိကပြဿနာမှာ ရပ်ရွာလူထုများ၏ အသက်မွေးမှုဆိုင်ရာ/ သစ်တောရင်းမြစ်များကို ဖြတ်တောက်ပိတ်ဆို့ခြင်းဖြစ်သည်။ ဒုတိယပြဿနာမှာ ရပ်ရွာလူထု၏ ဥယျာဉ်ခြံ/လယ်မြေများအား ထိခိုက်ပျက်စီးစေပြီး ရပ်ရွာလူထုများအား ရွှေ့ပြောင်းရစေရန်ဆောင်ရွက်ခြင်းဖြစ်သည်။ အများအားဖြင့် ဤအဆင့်တွင်မှ စီမံကိန်းအကြောင်းကို ရပ်ရွာလူထုများသိကြရလေ့ရှိပြီး ကုမ္ပဏီနှင့် ရပ်ရွာလူထုအကြား တင်းမာမှုများကြုံတွေ့ရလေ့ရှိသည်။ ရပ်ရွာလူထုအနေနှင့် ရနိုင်ရာအကူအညီများအား ရှာဖွေကြရသကဲ့သို့ ကုမ္ပဏီအနေနှင့် တရားစွဲမှုများ စတင်လေ့ရှိသည်။

SRJS လုပ်ငန်းဆောင်ရွက်ရာဒေသများတွင် ဆီအုန်းကုမ္ပဏီ၏ ဒေသခံများအား တရားစွဲဆိုမှုဖြစ်ရပ် ၂-ခုကို တွေ့ရသည် (ဖြစ်ရပ်-၁ နှင့် ၆)။ ဖြစ်ရပ်-၁ အရ ၂၀၁၂-ခုနှစ်မှစ၍ ယနေ့အချိန်ထိ တောင်သူ ၃၇-ဦး တရားစွဲဆိုခံခဲ့ရပြီး ၁၂-ဦးမှာ တရားရင်ဆိုင်နေရဆဲဖြစ်သည်။ ၂၀၁၉-ခုနှစ်တွင် သုံးပွင့်ဆိုင်စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းစစ်ဆေးပေးခဲ့သော်လည်း အမှုများပိတ်သိမ်းနိုင်ခြင်းမရှိသေးပါ။ ဒုတိယဖြစ်ရပ်မှာ ချောင်းမွန်ငါးကျေးရွာမှ တောင်သူ ၂၃-ဦးအား ယုဇနဆီအုန်းကုမ္ပဏီက တရားစွဲဆိုခြင်းဖြစ်ပြီး ၂၀၂၀-ခုနှစ်တွင် တောင်သူများက အမှုအနိုင်ရပါသည်။ တရားစွဲဆိုခံရခြင်းတွင် တောင်သူများအနိုင်ရခြင်းသည် ရှားပါးသည်။ တရားရုံးကြားနာမှုတွင် အစိုးရကထုတ်ပေးသည့် စာရွက်စာတမ်းများကို အခြေခံ၍သာ ဆုံးဖြတ်ခြင်းဖြစ်ရာ တရားစွဲဆိုခံရသည်နှင့်တပြိုင်နက် ကုမ္ပဏီက အသာစီး၌ရှိနေသည်သာဖြစ်သည်။ ဖြစ်ရပ်-၁ အရ တောင်သူများသည် မိမိတို့၏ မြေ၊ အသက်မွေးဝမ်းကြောင်းပြုရာ အရင်းအမြစ်များ ဆုံးရှုံးရသည့်အပြင် တရားရုံး၌ ဒဏ်ငွေပေးဆောင်ကြရသည်။

အခြားတစ်ဖက်တွင်မူ ကုမ္ပဏီများ၏ (မူလခွင့်ပြုနေရာမှ ကျော်လွန်၍ ရွာများ/လမ်းမကြီးများဘက်သို့တိုးချဲ့လာခြင်းကဲ့သို့) ဥပဒေချိုးဖောက်မှုများကို ဌာနဆိုင်ရာများက သေချာစွာစောင့်ကြည့်ကြီးကြပ်နိုင်ခြင်းမရှိသကဲ့သို့ ရပ်ရွာလူထုများအနေနှင့်လည်း အလွယ်တကူသိရှိနိုင်ရန် မလွယ်ကူပါ။

သို့သော်လည်း ရပ်ရွာလူထုများ၏ စည်းလုံးမှု၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများကြောင့် ဆီအုန်းလုပ်ငန်းကဏ္ဍအတွင်း ပြန်လည်သုံးသပ်နိုင်မှုဖြစ်စေမည့် တွန်းအားများ ဖြစ်ပေါ်စေခဲ့သည်။ အောင်မြင်မှုမရှိသည့် စီမံကိန်းများမှ မြေများကိုပြန်လည်ရုတ်သိမ်းမည့် (ဇယား-၅) အဆိုပြုချက်များ၊ စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့စည်း၍ ပြဿနာကိုကိုင်တွယ်စေခြင်းများကလည်း မူဝါဒပြုပြင်ပြောင်းလဲရေးများအတွက် အလားအလာကောင်းများဖြစ်သည်ဟု ယူဆနိုင်ပါသည်။





*ပုံ-၂၃။ MAC သစ်ဆိပ်တွင် ပုံထားသည့်သစ်လုံးများ (အပေါ်ပုံ)။ ဓါတ်ပုံ - SY။*
*ပုံ-၂၄။ သစ်တောဦးစီးဌာန၏ ကွင်းဆင်းစစ်ဆေးမှုအတွင်း အမှတ်အသားပြုထားသည့် သစ်လုံးများအား စစ်ဆေးနေစဉ် (၂၀၁၉)။ ဓါတ်ပုံ-GN။*

*ဇယား-၄။ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှဆီအုန်းစိုက်ပျိုးမှုအခြေအနေများ (၂၀၁၅)*

| ကုမ္ပဏီများ [I] | ခွင့်ပြု ဧရိယာ (ဧက) | စိုက်ပျိုး ဧရိယာ (ဧက) | စိုက်ပျိုးမှု % | သစ်တော ရှင်းလင်းပြီး (ဧက) [II] | မှတ်ချက် [III] |
|---|---|---|---|---|---|
| *ထားဝယ်ခရိုင်* | ၁၇,၇၇၇ | ၁၇,၀၀၃ | ၉၆% | | |
| . . . ကုမ္ပဏီ(၅)ခုပေါင်း | ၁၇,၇၇၇ | ၁၇,၀၀၃ | ၉၆% | | |
| *မြိတ်ခရိုင်* | ၂၃၃,၆၉၅ | ၄၆,၂၆၀ | ၂၀% | | |
| ရွှေကမ္ဘောဇ | ၃၉,၁၁၄ | ၈,၇၀၅ | ၂၂% | (မသိရ) | လမ်းမကြီးအားပိတ်၊ ၁၇-ဦးတရားစွဲခံရ - ၁၂-ဦး တရားရင်ဆိုင်ဆဲ |
| MSPP | ၄၂,၂၀၀ | ၂,၀၂၀ | ၅% | ~၃,၀၀၀ | ခြံ/လယ်များပျက်စီး၊ လူနှင့် ကျွဲနွားများ၏ ကျန်းမာရေးထိခိုက် |
| . . . အခြားကုမ္ပဏီ(၁၇)ခု | ၁၅၂,၁၈၁ | ၃၅,၅၃၅ | ၂၃% | | |
| *ကော့သောင်းခရိုင်* | ၇၄၁,၄၁၀ | ၂၈၃,၂၉၆ | ၃၈% | | |
| ယုဇန | ၂၈၃,၀၉၄ | ၁၉၁,၃၄၈ | ၆၈% | (မသိရ) | ၂၃-ဦးတရားစွဲခံရ၊ တောင်သူများအနိုင်ရ။ ၁-ဦး တရားရင်ဆိုင်ဆဲ |
| Auto Electric Group [IV] | ၁၃၃,၆၀၀ | ၁,၉ ၂၃ | ၁% | ~၁၀,၀၀၀ | အပင်ဖြစ်ထွန်းမှု ကေရာဂဏန်းသာရှိ၊ လူမှုစီးပွားပြဿနာကြုံရ |
| . . . အခြားကုမ္ပဏီ(၁၈)ခု | ၃၂၄,၇၁၆ | ၉၀,၀၂၅ | ၂၈% | | |
| **စုစုပေါင်း** | **၉၉၂,၉၀၂** | **၃၄၆,၅၅၇** | **၃၅%** | | |

**ရင်းမြစ်။** [DICD, 2015] Adapted from the annex-2 of "Myanmar Oil Palm Plantations: A productivity & sustainability review"[20]

**မှတ်ချက်။** [I] SRJS လုပ်ငန်းများနှင့် ထိတွေ့ဆက်စပ်လျက်ရှိသည့်ဒေသများမှ အမည်များကိုသာဖော်ပြထားသည်။

[II] အခန်း(၃.၆)ဖြစ်ရပ်များမှ ကောက်နုတ်ထားသည်။

[III] ရပ်ရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းဆိုင်ရာ/သစ်တောရင်းမြစ်များကိုဖြုတ်တောက်ခြင်းအပြင် အခြားပြဿနာများကို အကြမ်းအားဖြင့် ဖော်ပြခြင်း

[IV] ဤအစီရင်ခံစာအတွင်း MAC ဟု ဖော်ပြထားသည်။

**ရှင်းလင်းချက်။** ဤအစီရင်ခံစာသည် တဆင့်ခံရရှိသည့် အချက်အလက်များကိုအသုံးပြုခြင်းသာဖြစ်သောကြောင့် အချက်အလက်နှင့်အမည်များ ကွဲလွဲမှုရှိနိုင်ပါသည်။

# ၃.၅။ အဖွဲ့တွင်းစွမ်းဆောင်ရည်များ

SRJS စီမံကိန်းကာလအတွင်း မိတ်ဘက်အဖွဲ့များသည် ၎င်းတို့၏ အဖွဲ့တွင်းစွမ်းဆောင်ရည်များ တိုးတက်လာစေရန်အတွက်လည်း ဆောင်ရွက်ခဲ့ကြသည်။ အဖွဲ့၏စွမ်းဆောင်ရည်ဆန်းစစ်ချက် (OCA) ကို နှစ်စဉ်ပြုလုပ်ကြပြီး လိုအပ်သည့် ကျွမ်းကျင်မှုများအတွက် မိတ်ဘက်အဖွဲ့အချင်းချင်းသော်လည်းကောင်း၊ ပြင်ပမှ ကျွမ်းကျင်ပညာရှင်များဖြင့် ပူးပေါင်း၍သော်လည်းကောင်း ဖြည့်ဆည်းကြသည်။ ထိုသို့ဆန်းစစ်ဖြည့်ဆည်းရာ၌ တစ်ဖွဲ့ချင်း၏လိုအပ်ချက်ကိုအခြေခံသော်လည်း မိတ်ဘက်အဖွဲ့များအားလုံးအတွက် ဘုံလိုအပ်ချက်များဖော်ထုတ်၍ ပံ့ပိုးနိုင်ရန် စီစဉ်ဆောင်ရွက်သည်များလည်းရှိခဲ့သည်။ SRJS မိတ်ဘက်အဖွဲ့များ ရရှိခဲ့သည့် သင်တန်းများတွင် စီမံကိန်းစက်ဝန်းစီမံခန့်ခွဲမှု (PCM)၊ အခြေခံစာရင်းသွင်းခြင်းနှင့် ငွေကြေးစီမံခန့်ခွဲမှု၊ ဘတ်ဂျက်ပြင်ဆင်ရေးဆွဲခြင်းနှင့် ဘဏ္ဍာရေးမှတ်တမ်းများ ထိန်းသိမ်းခြင်း၊ အစီရင်ခံစာပြင်ဆင်ခြင်းများပါဝင်သည်။ ဤသင်တန်းများသည် မြိတ်အခြေစိုက် မိတ်ဘက်အဖွဲ့များအတွက် အထူးပင် အထောက်အကူဖြစ်စေခဲ့သည်။ ရလဒ်များရှူးဆွတ်ခြင်း(OH)သင်တန်းနှင့် နည်းလမ်းများက မိတ်ဘက်အဖွဲ့များ ၎င်းတို့၏ လုပ်ငန်းအောင်မြင်မှုများနှင့်ရလဒ်များကို မှတ်တမ်းတင်၍ အစီရင်ခံနိုင်ရန်များစွာအထောက်အကူပြုခဲ့သည်။ အဆိုပါနည်းလမ်းကို အသုံးပြုခြင်းဖြင့် မိတ်ဘက်အဖွဲ့များရရှိသည့် အထောက်အထားများကို ရလဒ်များအဖြစ်စုဆောင်းနိုင်စေပြီး ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအတွက်လည်း အထောက်အကူဖြစ်စေသည်။

SRJS ၏ (Point B နှင့်ပူးပေါင်းဆောင်ရွက်သည့်) ဂျန်ဒါနှင့်သယံဇာတစီမံခန့်ခွဲမှုဆိုင်ရာသင်တန်းနောက်ပိုင်းတွင် မိတ်ဘက်အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများအတွင်း ကျားမရေးရာထည့်သွင်းစဉ်းစားချက်များကို ပိုမိုတွေ့ရှိလာရသည်။ အထူးသဖြင့် လုပ်ငန်းအစီအစဉ်တိုင်းတွင် အမျိုးသမီး ၃၀% ပါဝင်နိုင်ရေးကဲ့သို့သော တွန်းအားပေးဆောင်ရွက်သည့် အလေ့အထများကျင့်သုံးလျက်ရှိကြသည်။ DDA ၏ မူဝါဒတွင် လုပ်ငန်းဆောင်ရွက်မှုများအတွင်း (ဥပမာ - အစည်းအဝေး၊ သင်တန်းစသည်တို့တွင်ပါဝင်မည့်) အသက် ၃-နှစ်အောက်အရွယ် ကလေးရှိသည့် အမျိုးသမီးတိုင်းအတွက် လိုအပ်သည့်ထပ်ဆောင်းကုန်ကျစရိတ်များ ကျခံပေးနိုင်ရန် မူဝါဒကို ထည့်သွင်းခဲ့သည်။ IUCN ၏ သဘာဝပတ်ဝန်းကျင်ရေးရာ ဥပဒေစင်တာက ပံ့ပိုးပေးသည့် သဘာဝပတ်ဝန်းကျင်ဥပဒေရေးရာသင်တန်းမှတဆင့် ပတ်ဝန်းကျင်နှင့်သယံဇာတအခွင့်အရေးဆိုင်ရာ နိုင်ငံတကာလှုပ်ရှားမှုများ၊ သဘောတူညီမှုများနှင့် လမ်းညွှန်ချက်များကိုလေ့လာနိုင်ခဲ့ကြသည်။ ဒို့အိမ်[21] က ပံ့ပိုးပေးသည့် ရပ်ရွာလူထုနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း သင်တန်းမှတဆင့် ချိတ်ဆက်ဆောင်ရွက်ခြင်းသဘောတရားများ၊ ပူးပေါင်းပါဝင်ခြင်းအတွက် အဟန့်အတားများကို ဖော်ထုတ်ကျော်လွှားခြင်းများ၊ ချိတ်ဆက်ရေးလုပ်ငန်းစဉ်ပုံဖော်ခြင်း/ဆောင်ရွက်ခြင်းများအား လေ့လာနိုင်ခဲ့ ကြသည်။

> *ရပ်ရွာလူထုတွေက တစ်ပုံစံတည်းမဟုတ်ပါဘူး။ ရေရှည်တည်တံ့တဲ့ သယံဇာတအသုံးပြုမှုနဲ့ အသက်မွေးမှုကိစ္စတွေအတွက် ရပ်ရွာလူထုတွေနဲ့ အတူတကွ စီစဉ်ရေးဆွဲ/အလုပ်လုပ်ရာမှာ ဒီအခြေအနေကို ထည့်သွင်းစဉ်းစားဖို့လိုအပ်ပါတယ်။ ဒီလိုထည့်သွင်းစဉ်းစားခြင်းမရှိရင် လူတွေရဲ့ အသက်မွေးမှုဆိုင်ရာကိစ္စတွေမှာ မမျှမတဖြစ်တာမျိုး၊ ပဋိပက္ခကြုံရတာမျိုးတွေ ဖြစ်လာနိုင်ပါတယ်။*
>
> **- Evelien (IUCN), 2020**[22]

GIS နှင့် ဒရုန်းသင်တန်းများကြောင့် SY သည် လူထုမြေအသုံး ချမှုမြေပုံရေးဆွဲခြင်းလုပ်ငန်းအတွင်း DDA နှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆီအုန်းကုမ္ပဏီများနှင့် ရင်ဆိုင်ရသည့် ရပ်ရွာလူထုများ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ခဲ့သည်။



ပုံ-၂၅။ SY ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းအစီအစဉ်မှ သင်တန်းတစ်ခုအတွင်း အုပ်စုလိုက် လေ့ကျင့်ခန်းတစ်ခု ပြုလုပ်နေကြစဉ်။ ဓါတ်ပုံ - ဇော်ထက်။

# ၃.၆။ ဖြစ်ရပ်များ



ပုံ-၂၆။ ရွှေကမ္ဘောဇဆီအုန်းကုမ္ပဏီ၏ တရားစွဲဆိုခြင်းကိုခံရသည့် တောင်သူများ သတင်းစာရှင်းလင်းပွဲပြုလုပ်နေစဉ်။ ဓါတ်ပုံ - SY

## အမှုမပြီးပြတ်သေးသော်လည်း အစီရင်ခံစာအပေါ် စုံစမ်းစစ်ဆေးရေးကော်မရှင်ကျေနပ်

ရွှေကမ္ဘောဇကုမ္ပဏီသည် တနင်္သာရီတိုင်းအတွင်း (ပြည်ထောင်စုလမ်းမကြီး တလျှောက်) ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းအတွက် မြေဧက ၂၇,၀၀၀ ကျော်ကို စစ်အစိုးရလက်ထက်တွင် (၁၉၉၉-ခုနှစ်ဝန်းကျင်) ရရှိခဲ့ချိတ်မှစ၍ ရွာလူထု၏ အသက်မွေးဝမ်းကျောင်းပြုရာနေရာများနှင့် လမ်းမကြီးသို့သွားရောက်နိုင်ရန် များစွာခက်ခဲခဲ့သည်။ ထို့အပြင် ကုမ္ပဏီသည် ၂၀၁၂-ခုနှစ်မှ[23] ၂၀၁၉-ခုနှစ်အတွင်း ဒေသခံရွာသူ/သားများကို တရားစွဲဆိုမှုများပြုလုပ်လာခဲ့သည်။ စုစုပေါင်းတောင်သူ ၃၇-ဦး တရားရင်ဆိုင်ခဲ့ရပြီး ၂၅-ဦးမှာ ဒဏ်ငွေ ၁၀၀,၀၀၀ စီ ပေးဆောင်ခဲ့ရသည်။ ၂၀၂၀-နှစ်ကုန်ပိုင်းအထိတွင် တရားရင်ဆိုင်နေရဆဲ တောင်သူ ၁၂-ဦး ရှိနေသည်။ တရားစွဲဆိုခံရသည့်တောင်သူများသည် ၎င်းတို့၏နစ်နာမှုများကို သတင်းစာရှင်းလင်းပွဲများဖြင့်၊ ဆန္ဒပြခြင်းများဖြင့် ထုတ်ဖော်ပြောဆိုလျက်ရှိကြပြီး စီမံကိန်းအကောင်အထည်မဖော်နိုင်သည့် မြေနေရာများကို ပြန်လည်ပေးအပ်ပါရန် တောင်းဆိုလျက်ရှိကြသည်။

အဆိုပါကိစ္စရပ်များကို ဖြေရှင်းနိုင်ရန်အတွက် တိုင်းအစိုးရသည် စုံစမ်းစစ်ဆေးရေးကော်မတီတစ်ရပ်ကို ကျေးရွာခေါင်းဆောင်များ၊ ကုမ္ပဏီကိုယ်စားလှယ်များနှင့် အစိုးရဌာနဆိုင်ရာကိုယ်စားလှယ်များပါဝင်စေလျက် ဖွဲ့စည်းဆောင်ရွက်စေသည်။ စုံစမ်းစစ်ဆေးရေးကော်မတီကလိုအပ်သည့် နည်းပညာအကူအညီအတွက် ၂၀၁၉ -ခုနှစ်နှောင်းပိုင်းတွင် DDA အား ချဉ်းကပ်ခဲ့သည်။

DDA သည် ကျေးရွာဧရိယာ၊ လမ်းနယ်၊ ဥယျာဉ်ခြံ၊ စီမံကိန်းဧရိယာ စသည့် အဓိပ္ပါယ်သတ်မှတ်ချက်များ၊ အခေါ်အဝေါ်များကို သက်ဆိုင်ရာပါဝင်ပတ်သက်သူများနှင့် သေချာစွာ ကြိုတင်သဘောတူညီနိုင်ခြင်းကို ဦးစွာပြုလုပ်သည်။ အဆိုပါသဘောတူညီချက်များကို အခြေခံ၍ အမှန်တကယ်မြေပုံရေးဆွဲရေးလုပ်ငန်းစဉ်ကို SY နှင့်ပူးပေါင်း၍ဆောင်ရွက်သည်။ မြေပုံရေးဆွဲရေးလုပ်ငန်းစဉ်ကို ၂၀၁၉-ခုနှစ် အောက်တိုဘာလတွင် အဆုံးသတ်နိုင်ခဲ့ပြီး အကြံပြုချက်များနှင့် အစီရင်ခံစာမူကြမ်းကို ၂၀၂၀-ခုနှစ် ဇန်နဝါရီလအတွင်း တင်ပြနိုင်ခဲ့သည်။ အစီရင်ခံစာသည် နည်းပညာသက်သက်ဖြင့် ပြင်ဆင်ထားခြင်းမဟုတ်ပဲ သမိုင်းကြောင်းအမှန်ကို အခြေခံထားပြီး လက်တွေ့မြေပြင်အခြေအနေကိုထင်ဟပ်နေသည့် အစီရင်ခံစာဖြစ်သည်။ ကနဦးတွေ့ရှိချက်များကို စုံစမ်းစစ်ဆေးရေးကော်မတီအဖွဲ့ဝင်များထံ တင်ပြထားပြီးဖြစ်သည့်အပြင် ၂၀၂၀-ခုနှစ် ဖေဖော်ဝါရီလတွင် တရားဝင်ပေးပို့နိုင်ခဲ့သည်။

အစီရင်ခံစာအရ ကုမ္ပဏီသည် ခွင့်ပြုချက်ရထားသည့်ဧရိယာများအတွင်း ဧက ၄,၀၀၀ တွင်သာ အပင်များစိုက်ပျိုးထားပြီး ခွင့်ပြုဧရိယာပြင်ပတွင် ဧက ၁,၀၀၀ စိုက်ပျိုးထားသည်။ ၂၀၁၈-ခုနှစ်မြေလွတ်/လပ်/ရိုင်းဥပဒေပြင်ဆင်ချက်ထွက်ရှိပြီးချိန်တွင် စိုက်ပျိုးပြီးဧရိယာအပါစုစုပေါင်းမြေဧက ၈,၀၀၀ ကျော်ကို မြေလွတ်/လပ်/ရိုင်းအဖြစ် ကုမ္ပဏီက ထပ်မံလျှောက်ထားခဲ့ကြောင်းကိုလည်း တွေ့ရှိရသည်။ ကုမ္ပဏီသည် “24 Hour Agro” ဟု အမည်ပြောင်းလဲခဲ့ပြီး နောက်ပိုင်းတွင် တောင်သူများကို ထပ်မံတရားစွဲဆိုရန် ကြိုးပမ်းခဲ့သော်လည်း အမှုဖွင့်နိုင်ခြင်း မရှိခဲ့ပါ။

လက်ရှိအချိန်ထိတွင် အမှုများကိုပိတ်သိမ်းနိုင်ခြင်းမရှိသေးပဲ စုံစမ်းစစ်ဆေးရေးကော်မတီအတွင်း ဆက်လက်ဆွေးနွေးမှုများပြုလုပ်၍ အစိုးရပိုင်း၏ဆက်လက်အရေးယူဆောင်ရွက်ရန် လိုအပ်နေဆဲဖြစ်သည်။ ကုမ္ပဏီ၏ခွင့်ပြုချက်ရဧရိယာအတွင်း တောင်သူများတရားစွဲဆို အပြစ်ဒဏ်သတ်မှတ်ခံခဲ့ရပြီး ကုမ္ပဏီ၏ခွင့်ပြုဧရိယာပြင်ပ စိုက်ပျိုးလုပ်ကိုင်မှုများအပေါ် မည်သို့အရေးယူဆောင်ရွက်မည်ကို အများစိတ်ဝင်စားလျက်ရှိကြသည်။ လက်ရှိတွင် တရားရင်ဆိုင်နေရဆဲဖြစ်သည့် တောင်သူများရှိနေသေးပြီး ၂၀၂၀-ခုနှစ် ဒီဇင်ဘာ ၁၉-ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့သည်ဟု သိရှိရသည်။

## အစိုးရအကြားပူးပေါင်းဆောင်ရွက်နိုင်မည့် ပုံစံအသစ်


*အစိုး၏အသိအမှတ်ပြုမှုနှင့် နစ်ဖက်ပူးပေါင်းဆောင်ရွက်မှုရှိမှသာ လုပ်ငန်းများ ရေရှည်တည်တံ့နိုင်မည်ဟု TRIP NET ကဆိုသည်။*

စီမံကိန်းကာလအတွင်း မြန်မာအစိုးရသစ်တောဌာနနှင့် ကေအဲန်ယူသစ်တောဌာန အကြား အလားအလာရှိသည့်ပူးပေါင်းဆောင်ရွက်မှုများ အစပြုနိုင်ရန်အတွက် 'သစ်တောထိန်းသိမ်းမှုကို မည်သို့ဆောင်ရွက်ကြသနည်း?' ဟူသည့် ရိုးရှင်းသော ဆွေးနွေးမှုများကို TRIP NET က စတင်ပေးခဲ့သည်။ နှစ်ဘက်ဌာနများအကြား အတွေ့အကြုံဗဟုသုတများ၊ ရှုမြင်ပုံများကို ဝေမျှနိုင်သည့် အခြေအနေကို နိုးဆွပေးခဲ့ပြီး အဟန့်အတားများအားကျော်လွှားနိုင်ရန်အတွက် ဆွေးနွေးနိုင်ခဲ့ကြသည်။

ပထမခရီးစဉ်သည် ၂၀၁၉-ခုနှစ် ဩဂုတ်လအတွင်း နေပြည်တော်၌ ဖြစ်မြောက်ခဲ့သည်။ ရေဆင်းမျိုးစေ့ဘဏ်သို့ မျိုးစေ့နမူနာများပေးပို့ရန် ကေအဲန်ယူဘက်မှ ကတိပြုမှုများရှိခဲ့ပြီး ဆက်လက်တွေ့ဆုံကြရန်အတွက် နှစ်ဦးနှစ်ဘက် သဘောတူညီမှုများလည်းပြုခဲ့ကြသည်။ ဒုတိယအကြိမ်ခရီးစဉ်သည် ကမိုသွေးဒေသ၌ ဖြစ်မြောက်ခဲ့ပြီး တနင်္သာရီမြစ်ကြောင်းတစ်လျှောက် တစ်နာရီကြာလှေခရီးစဉ်ဖြင့် လှည့်လည်ကြည့်ရှုခြင်းအစီအစဉ်ပါဝင်ခဲ့သည်။ တတိယအကြိမ် တွေ့ဆုံမှုအတွက် သဘောတူညီခဲ့ကြသော်လည်း ကိုဗစ်ကာလကန့်သတ်ချက်များဖြင့် အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ရသည်။

တတိယအကြိမ်တွေ့ဆုံမှုဖြစ်မြောက်မည်ဆိုပါက ပူးပေါင်းဆောင်ရွက်နိုင်မည့် ပိုမိုပွင့်လင်းသော ဆွေးနွေးမှုများပြုလုပ်ရန်အချိန်ကိုက်ဖြစ်သည်ဟု TRIP NET က ယုံကြည်လျက်ရှိသည်။ စိန်ခေါ်မှုများရှိနေသော်လည်း 'ငြိမ်းချမ်းရေးသစ်တော' ထူထောင်ခြင်းကဲ့သို့သော ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများအတွက် ရေရှည်တည်တံ့၍ ကောင်းမွန်သည့်စီမံအုပ်ချုပ်မှု တစ်ရပ်အတွက် TRIP NET က ဆက်လက်မျှော်မှန်းလျက်ရှိပါသည်။

ဖြစ်ရပ်-၂




*ပုံ-၂၇။ ကမိုသွေးဒေသ - လူထုကာကွယ်ထိန်းသိမ်းနယ်မြေပြမြေပုံ*

**'ကမိုသွေး' - ရောယှက်အုပ်ချုပ်မှုဒေသမှ လူထုထိန်းသိမ်းစောင့်ရှောက်သည့် ပုံစံကောင်းတစ်ခု**
(TRIP NET က ပံ့ပိုးဆောင်ရွက်သည်)

၂၀၁၈-ခုနှစ်မှစ၍ ကမိုသွေးဒေသသည် သစ်တောထိန်းသိမ်းရေး၊ ဌာနေတိုင်းရင်းသားအရေးနှင့် အစိုးရအကြားပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ဆွေးနွေးဆောင်ရွက်ရန် အာရုံစိုက်မိရာနေရာတစ်ခုဖြစ်လာခဲ့သည်။ ၎င်းအခြေအနေသည် အစိုးရ၏သစ်တောရေးရာမူဝါဒအပြောင်းအလဲအတွက် ရည်ရွယ်ဆောင်ရွက်မည့် ရှေ့ပြေးစီမံကိန်းအတွက် ဒေသ ၃-ခုရွေးချယ်ရာ၌ (ပဲခူး၊ မွန်နှင့် တနင်္သာရီ) ကမိုးသွေးဒေသပါဝင်လာခဲ့ခြင်းမှစတင်ခဲ့သည်။ အဆိုပါရှေ့ပြေးစီမံကိန်းသည် MRLG ၏ ပံ့ပိုးမှုဖြင့် TRIP NET ၊ LCG နှင့် MONREC တို့ပူးပေါင်းအကောင်အထည်ဖော်မည့် စီမံကိန်း၏အစိတ်အပိုင်းလည်းဖြစ်သည်။ (စီမံကိန်းအမည် *"Strengthening of Forestland Community Tenure through Policy, Pilots and Law: A Multi-stakeholder approach to change"*)။ သစ်တောထိန်းသိမ်းရေးနှင့် ဌာနေတိုင်းရင်းသားအရေးများအတွက် အစိုးရ၏ယုံကြည်မှုများကို ရရှိထားသည့် TRIP NET အနေနှင့် မြန်မာအစိုးရနှင့် ကေအဲန်ယူအကြား ဆွေးနွေးမှုပုံစံအသစ်ကို အစပြုပေးခဲ့ပြီး ၂၀၁၉-ခုနှစ်အတွင်း ကမိုသွေးဒေသသို့ ပူးပေါင်းကွင်းဆင်းမှုများ စီစဉ်ပေးနိုင်ခဲ့သည်။

> *ကမိုသွေးဒေသသည် (မြန်မာအစိုးရနှင့် ကေအဲန်ယူတို့၏) ရောယှက်အုပ်ချုပ်မှုဒေသဖြစ်ပြီး လူထုထိန်းသိမ်းသည့်ဒေသအဖြစ် ၂၀၁၄-ခုနှစ်စတင်ထူထောင်ခဲ့သည်။ စုစုပေါင်းဧက ၂၂၀,၀၀၀ ကျော် (ဟက်တာ ၉၀,၀၀၀ နီးပါး) ကျယ်ပြန့်သည့်အဆိုပါဒေသသည် ဘန်ချောင်းဒေသနှင့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်တို့ဖြင့်ပေါင်းစပ်ပါက မြန်မာတစ်နိုင်ငံလုံးရှိနယ်မြေဧရိယာ၏ ၁% ပမာဏဖြစ်သည်။ ကမိုသွေးဒေသတွင် နှစ်ပေါင်း ၁၅၀-ကျော်အခြေချနေထိုင်ခဲ့ကြသည့် ကျေးရွာ ၁၂-ရွာပါဝင်ပြီး ရွေးကောက်တင်မြှောက်ထားသည့် ဒေသခံကိုယ်စားလှယ် ၉၄-ဦးဖြင့် RKIPN ဟုဖွဲ့စည်းကာ စီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းများတွင် သယံဇာတစီမံခန့်ခွဲမှုများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဓလေ့ထုံးတမ်းအလေ့အထ/တန်ဖိုးများနှင့်အညီ ဌာနေတိုင်းရင်းသားများကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်းဖြစ်သည်။ ရပ်ရွာလူထု၏အခွင့်အရေးများကိုလေးစားခြင်း၊ ၎င်းတို့၏ မြေသယံဇာတ စီမံခန့်ခွဲမှုများအားပံ့ပိုးပေးခြင်းဖြင့် သစ်တောများကိုထိရောက်စွာ ထိန်းသိမ်းနိုင်ကြောင်း ကမိုသွေးဒေသက စံနမူနာပြလျက်ရှိသည်။* **- (TRIP NET & RKIPN, 2016)**[24]

> *ကမိုသွေးသစ်တောထိန်းသိမ်းရေးဇုန်များတွင် သားရိုင်းတော၊ ရေဝေရေလဲတော၊ ပရဆေးတော၊ ယဉ်ကျေးမှုအရထိန်းသိမ်းရသည့်သစ်တော၊ ချက်မြှုပ်သစ်တော၊ သီးနှံသစ်တောနေရာ၊ ငါးထိန်းဇုန်နှင့် သင်္ချိုင်းနေရာများပါဝင်သည်။ ရွာလူထု၏အများသဘောတူညီမှုဖြင့် ဇုန်တစ်ခုချင်းစီအတွက် စည်းမျဉ်းများကို ချမှတ်ကျင့်သုံးကြသည်။ စည်းမျဉ်းများကိုချမှတ်ရာ၌ သမိုင်းအစဉ်အလာအရ အလေ့အထများ၊ ဌာနေဗဟုသုတများကိုအခြေခံချမှတ်ကြပြီး ရေဝေရေလဲဒေသများအတွင်း သစ်မခုတ်ရန်၊ ရှားပါးတိရစ္ဆာန်များ သတ်ဖြတ်ခြင်းမပြုရန် စည်းမျဉ်းများပါဝင်သည်။ ထို့အပြင် မိသားစုများ၏နေ့စဉ်စားသောက်နိုင်ရေးအတွက် ဟင်းသီးဟင်းရွက်၊ သစ်ဥ/ သစ်ဖု ရှူးဆွတ်ခြင်းများ၊ သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းရယူသုံးစွဲခြင်းများ၊ ယုံကြည်မှုနှင့် ဓလေ့အရပြုလုပ်သည့် အလေ့အထများအား ခွင့်ပြုထားသည်။ ဤနည်းဖြင့် ဇီဝ-ယဉ်ကျေးမှုကြွယ်ဝပြီး သဘာဝတရားနှင့် လူသားတို့အကြားရောယှက်မှုကို ကမိုသွေးကပုံဖော်ပေးထားသည်။ ဌာနေတိုင်းရင်းသားအခွင့်အရေးများ အပြည့်အဝကျင့်သုံးနိုင်သည့်၊ သစ်တောကိုအောင်မြင်စွာထိန်းသိမ်းနိုင်သည့် သယံဇာတများကို ဒေသခံလူထုကိုယ်တိုင်စီမံနိုင်သည့်ပုံစံသည် အထက်မှအောက်သို့ ဖိအားပေး၍ ကာကွယ်ထိန်းသိမ်းသည့်ပုံစံမဟုတ်သည့် ရွေးချယ်နိုင်သည့်နည်းလမ်းတစ်ခုပင်ဖြစ်သည်။* **- ('Our Forest Our Life' of CAT, 2018)**[25]

ဖြစ်ရပ်-၃

## ICCA ချဉ်းကပ်မှုကို လူထုကတောင်းဆိုသည့်အတွက် အဆိုပြုလေညာအမျိုးသားဥယျာဉ်ဆိုင်းငံ့ထားရ


လေညာအမျိုးသားဥယျာဉ်ကို ၂၀၀၂-ခုနှစ်တွင် စတင်၍ စီစဉ်ရေးဆွဲခဲ့ပြီး ၂၀၀၄-ခုနှစ်တွင် ဧက ၇-သိန်းအထိ တိုးချဲ့နိုင်ရန်အဆိုပြုခဲ့သည်။ CAT ၏ အစီရင်ခံစာအရ အဆိုပြုဧရိယာသည် ကျေးရွာ ၁၃-ရွာမှ လူပေါင်း ၂,၅၀၀ နီးပါးကို တိုက်ရိုက်ထိခိုက်မည်ဖြစ်ပြီး ၂၅-ရွာ၏သစ်တောရင်းမြစ်များ ရယူသုံးစွဲနေမှုကိုပြတ်တောက်စေမည်ဖြစ်သည်။ အဆိုပြုအမျိုးသားဥယျာဉ်သတ်မှတ်ဧရိယာတွင် နှစ်ပေါင်း ၂၀၀-နီးပါး အခြေချနေထိုင်ခဲ့ကြသည့် ကရင်တိုင်းရင်းသားအများစု နေထိုင်လျက်ရှိကြသည်။

အဆိုပြုဥယျာဉ်နေရာအတွင်းနေထိုင်ကြသည့် ရပ်ရွာလူထုများသည် ၂၀၁၇-ခုနှစ်အတွင်း မြေပုံစတင်ရေးဆွဲ၍ အချက်အလက်များကောက်ယူစုဆောင်းချိန်မှသာ စီမံကိန်းဆောင်ရွက်နေမှုများကို သတိပြုမိခဲ့ကြသည်။ ၂၀၁၈-ခုနှစ်တွင် CAT ၏ "ကျွန်ုပ်တို့၏သစ်တောများ ကျွန်ုပ်တို့၏ဘဝများ" [26] သုတေသနအစီရင်ခံစာတွင် အထက်မှအောက်သို့တွန်းအားပေးဆောင်ရွက်သည့် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ဗဟိုချုပ်ကိုင်မှုပုံစံများက ဌာနေတိုင်းရင်းသားလူထု၏ အခန်းကဏ္ဍကို လျစ်လျူရှုပြီး ခြိမ်းခြောက်လျက်ရှိကြောင်းထောက်ပြခဲ့သည်။ တစ်ဆက်တည်းမှာပင် ဌာနေတိုင်းရင်းသားများကိုယ်တိုင်ထိန်းသိမ်းစောင့်ရှောက်သည့်ပုံစံ (ICCA) ချဉ်းကပ်မှုကိုလည်း အကြံပြုခဲ့သည်။

*တနင်္သာရီတိုင်းအတွင်း ဇီဝအမျိုးစုံလင်မှုကိုကာကွယ်ရန်အလွန်အရေးကြီးလျက်ရှိပြီး လက်ရှိတွင် ကာကွယ်စောင့်ရှောက်မှုပုံစံများက ဌာနေတိုင်းရင်းသားအခွင့်အရေးများကို လေးစားရန်ပျက်ကွက်လျက်ရှိသည်။ ထို့အပြင် ၎င်းတို့၏မြေသယံဇာတနှင့် အသက်မွေးဝမ်းကျောင်းပြုမှုပုံစံများကိုလည်း ခြိမ်းခြောက်ပြတ်တောက်နေစေသည်။ ၎င်းအခြေအနေသည် ဌာနေတိုင်းရင်းသားအခွင့်အရေးနှင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးတည်ဆောက်မှုအောင်မြင်ရေးအတွက် ဆိုးကျိုးသက်ရောက်မှုများဖြစ်စေသည်။*

*ဌာနေတိုင်းရင်းသားအခွင့်အရေးများကာကွယ်နိုင်ရန်နှင့် အနာဂတ်ငြိမ်းချမ်းရေးအကျိုးအတွက် ငြိမ်းချမ်းရေးသဘောတူညီမှုများ အလုံးစုံသဘောတူညီပြီးချိန်အထိ၊ ဓလေ့ထုံးတမ်းမြေအခွင့်အရေးများအားလေးစားအသိအမှတ်ပြုသည့် ဥပဒေ/မူဝါဒများပေါ်ထွက်ပြီးချိန်အထိ၊ IDP နှင့် ဒုက္ခသည်များ၏ ဘေးကင်းစွာနေရပ်ပြန်နိုင်ရေးကို အာမခံနိုင်သည့်အချိန်အထိ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ လက်ရှိအဆိုပြုချက်များအား ရပ်တန့်ထားရမည်။*

အစီရင်ခံစာထုတ်ပြန်ပြီးချိန်မှစ၍ စီမံကိန်းအားဆက်လက်တွန်းအားပေးခြင်းများ မတွေ့ရတော့ပါ။ စီမံကိန်းရပ်တန့်ပါကြောင်း တရားဝင်ကြေညာချက်များမရှိခဲ့သော်လည်း အဆိုပြုဧရိယာသတ်မှတ်ချက်အား ဧက ၃၀၀,၀၀၀ အထိ လျော့ချ၍ ကာကွယ်တောအဖြစ်ဆောင်ရွက်မည်ဖြစ်ကြောင်း ၂၀၁၉-ခုနှစ်မေလအတွင်းပြုလုပ်ခဲ့သည့် အစည်းအဝေးတစ်ရပ်တွင် အစိုးရသစ်တောဌာနက ဖော်ပြပြောဆိုခဲ့သည်ဟုသိရပါသည်။




*ပုံ-၂၈။ လေညာအဆိုပြုအမျိုးသားဥယျာဉ်တည်နေရာပြမြေပုံ*


*လေညာအဆိုပြုအမျိုးသားဥယျာဉ်တည်နေရာနှင့် R2R စီမံကိန်း၏ တည်နေရာများသည် SY ၏ လုပ်ငန်းများဆောင်ရွက်ရာနေရာတွင် များစွာကျရောက်လျက်ရှိသည်။*



ပုံ-၂၉။ အထက်မှအောက်သို့တွန်းအားပေးဆောင်ရွက်သည့် ထိန်းသိမ်းရေးစီမံကိန်းများအားပြန်လည်တုံ့ပြန်နိုင်ရန်အတွက် ရပ်ရွာအဖွဲ့များ လေ့လာသုတေသနပြုနေစဉ်။ ဓါတ်ပုံ - SY



ပုံ-၁၀။ အထက်မှအောက်သို့တွန်းအားပေးဆောင်ရွက်မည့် ထိန်းသိမ်းရေးစီမံကိန်းကြောင့် ထိခိုက်ခံရမည့်
ဌာနေတိုင်းရင်းသားတို့၏ ကျေးရွာတစ်ရွာ။ ဓါတ်ပုံ - ဇော်ထက်။




*ပုံ-၃၁။ တနင်္သာရီတိုင်းအတွင်း ကာကွယ်ထားသည့်/ အဆိုပြုထားသည့်နေရာများ – FFI ၏ မြေပုံ*

## ဌာနေတိုင်းရင်းသားလူထုများ၏တိုင်ကြားစာလက်ခံရရှိပြီး စုံစမ်းစစ်ဆေးနိုင်ရန်အတွက် R2R စီမံကိန်းအား ဆိုင်းငံ့ထား

"တောင်တန်းမှ သန္တာကျောက်တန်းဆီသို့" (Ridge to Reef)[27] စီမံကိန်းအား အလွယ်တကူ ညွှန်းဆိုနိုင်ရန်အတွက် R2R ဟုခေါ်ဆိုခြင်းဖြစ်ပါသည်။ အမေရိကန်ဒေါ်လာ ၅.၂ သန်းကျော်အသုံးပြုရန်လျာထားသည့် အဆိုပါစီမံကိန်းကို GEF ၏ဘဏ္ဍာရေးပံ့ပိုးမှု၊ UNDP ၏ ဦးဆောင်မှုဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရ၊ MONREC ၊ MOALI နှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအဲန်ဂျီအိုများက ပူးတွဲအကောင်အထည်ဖော်မည်ဖြစ်သည်။ ၆-နှစ်တာ(၂၀၁၇~၂၀၂၃) ကာလအတွင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ၊ ပတ်ဝန်းကျင်နှင့် စွမ်းအင်ကိစ္စရပ်များကိုဆောင်ရွက်ရန်ဖြစ်သည်။ ကနဦးလုပ်ငန်းဆောင်ရွက်မှုကို ၂၀၁၇-ခုနှစ်နှောင်းပိုင်းတွင်စတင်ခဲ့ပြီး သစ်တောကဏ္ဍ ၃-သန်းအထိ ဦးတည်ချက်ထားရှိသည်။ သို့သော်လည်း ရပ်ရွာလူထုများထံ မည်သည့်သတင်းအချက်အလက်မှ အသိပေးခြင်းမရှိခဲ့ပါ။ ၂၀၁၈-ခုနှစ် မေလအတွင်း ဌာနေတိုင်းရင်းသားများ၏လက်မှတ် ၆၀၀-ကျော်ဖြင့် CAT က GEF ထံ တရားဝင် တိုင်ကြားစာပေးပို့ခဲ့ပြီး ၎င်းစာတွင် ဌာနေတိုင်းရင်းသားအခွင့်အရေးချိုးဖောက်မှုများနှင့် IDP/ဒုက္ခသည်များအပေါ် ကျရောက်နိုင်ခြေရှိသည့် အန္တရာယ်များကိုပါထည့်သွင်းဖော်ပြပေးခဲ့သည်။ ထို့အပြင် တနင်္သာရီတိုင်းအတွင်း ကျင့်သုံးနေဆဲဖြစ်သည့် ဌာနေတိုင်းရင်းသားများ၏ ထိန်းသိမ်းစောင့်ရှောက်ရေးမျှော်မှန်းချက်များကိုလည်း ဖော်ပြခဲ့သည်။[28]

တိုင်ကြားစာရရှိပြီးနောက် R2R စီမံကိန်း၏အဓိကဦးဆောင်သူဖြစ်သည့် UNDP သည် ၂၀၁၈-ခုနှစ် ဒီဇင်ဘာတွင် လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ရေးရာ လိုက်လျောညီထွေဖြစ်မှုဆန်းစစ်သည့်ဌာနမှ (SECU)[29] စုံစမ်းစစ်ဆေးနိုင်ရေးအတွက် စီမံကိန်းအားဆိုင်းငံ့ထားပါကြောင်း အကြောင်းပြန်ခဲ့သည်။ ပထမအကြိမ် ကွင်းဆင်းစစ်ဆေးမှုကို ၂၀၁၉-ခုနှစ်ဖေဖော်ဝါရီလတွင် ပြုလုပ်ခဲ့သော်လည်း ကိုဗစ်ကာလအကန့်အသတ်များကြောင့် ဒုတိယအကြိမ်စစ်ဆေးမှုကို အွန်လိုင်းဆက်သွယ်ရေးမှတဆင့်သာ ပြုလုပ်ခဲ့ရသည်။ ဒုတိယအကြိမ်စစ်ဆေးမှုတွင် ကေအဲန်ယူနှင့်တွေ့ဆုံမှုပြုခဲ့ပြီး သက်ဆိုင်သည့်အချက်အလက်များကို ထုတ်ပြန်ခြင်းမရှိပါ။

တိုင်ကြားစာပေးပို့ချိန်မှစ၍ SY နှင့်အတူ အခြားသော CAT အဖွဲ့ဝင်များသည် လူထုများ၏စိုးရိမ်ပူပန်မှုများ၊ ဌာနေတိုင်းရင်းသားအခွင့်အရေးကာကွယ်မြှင့်တင်ခြင်းဆိုင်ရာကိစ္စရပ်များကို တွန်းအားပေးနိုင်ရန်အတွက် သတင်းစာရှင်းလင်းပွဲများ (၂၀၁၈[30] နှင့် ၂၀၁၉[31])၊ ပူးတွဲထုတ်ပြန်ကြေညာချက်များ (၂၀၂၀)[32]၊ နှင့် သုတေသနပြုခြင်း/အစီရင်ခံစာထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့ကြသည် ("*Tanawthari Landscape of Life*"[33] – ၂၀၂၀ မတ်လ)[34]

## ယုဇနဆီအုန်းကုမ္ပဏီ၏တရားစွဲဆိုမှုတွင် တောင်သူများအနိုင်ရ


ချောင်းမွန်ငါးကျေးရွာသည် လွန်ခဲ့သည့်ဆယ်စုနှစ်(၂)ခုစာအတွင်း လက်နက်ကိုင်ပဋိပက္ခများမှရှင်ကျန်ခဲ့သည့် ကရင်လူထုများမှ တစ်ခုဖြစ်ပြီး ၂၀၁၃-ခုနှစ်တွင် အစိုးရခွင့်ပြုချက်ရရှိသည့် ယုဇနကုမ္ပဏီ၏ ဆီအုန်းစိုက်ပျိုးခွင့်ရ နေရာနှင့်ကင်းလွတ်သည်။ ကုမ္ပဏီသည် မူလအဆိုပြုထားသည့်စီမံကိန်းကို ပြည့်မီအောင်ဆောင်ရွက်နိုင်ခြင်း မရှိသည့်အပြင် ပျိုးခင်းနေရာဟူ၍ ရွာအနီးနားသို့တိုးချဲ့လာခဲ့သည်။

၂၀၁၈-ခုနှစ်မတ်လတွင် ရွာသား ၂၃-ဦးကို မှတ်ပုံတင်ခြင်းမရှိပဲ မြေရယူအသုံးပြုသည့်စွဲချက် (မြေလွတ်/လပ်/ ရိုင်းဥပဒေပုဒ်မ-၂၇)၊ ရပ်ရွာခေါင်းဆောင်တစ်ဦးအား ကျူးကျော်သည်ဟူသည့်စွဲချက် (ရာဇသတ်ကြီးဥပဒေပုဒ်မ-၄၄၇) များဖြင့် စတင်တရားစွဲဆိုခဲ့သည်။ ၂၀၁၈-ခုနှစ်စက်တင်ဘာလတွင် မြေယာမှတ်ပုံတင်ရေးကို ကာလအကန့်အသတ်ဖြင့်တွန်းအားပေးထားသည့် မြေလွပ်/လပ်/ရိုင်းဥပဒေပြင်ဆင်ချက်များ ထွက်ရှိလာချိန်တွင် ကုမ္ပဏီသည် တရားစွဲဆိုမှုများကိုအရှိန်မြှင့်တင်ခဲ့သည်[35]။ အစိုးရပိုင်းမှလည်း ကျေးရွာကိုရွှေ့ပြောင်းအခြေချပါရန် နှင်ထုတ်စာကို ၂၀၁၉-ခုနှစ် စက်တင်ဘာလ ၁၁-ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်[36]။

SY စီစဉ်ပေးခဲ့သည့် မီဒီယာခရီးစဉ်မှတဆင့် ချောင်းမွန်ငါးကျေးရွာ၏အခက်အခဲများ မီဒီယာပေါ်သို့ရောက်ရှိ လာခဲ့သည့်အပြင် ၎င်းတို့၏ပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ အထောက်အထားများကို ရပ်ရွာလူထုများက ပြင်ဆင်ခဲ့ကြသည်။ တစ်ဖက်တွင်လည်း တရားရေးအရ ရင်ဆိုင်မှုများအတွက် MLN က ၎င်း၏ ရှေ့နေကွန်ရက်များနှင့် ပူးပေါင်း၍ အထောက်အကူပြုခဲ့သည်။ ရပ်ရွာလူထု၏စည်းလုံးမှု၊ ရပ်ရွာအခြေပြုအဖွဲ့ (နိုင်မြဲသစ္စာ)၏ ကြိုးစားအားထုတ်မှုနှင့် မိတ်ဘက်အဖွဲ့များ၏ အကူအညီကြောင့် အမှုတွင် တောင်သူများ အနိုင်ရခဲ့သည်။ (ကိုဗစ်ကာလအတွင်း တရားရုံးချိန်းများရွှေ့ဆိုင်းခဲ့ရ၍) ရာဇသတ်ကြီးဥပဒေအရတရားစွဲဆိုခံရသည့်ကိစ္စမှလွဲ၍ တရားစွဲဆိုထားသည့်အမှုအား ၂၀၂၀-ခုနှစ် အစောပိုင်းကာလကတည်းက ပိတ်သိမ်းခဲ့ပြီး ဖြစ်သည်။



*ပုံ-၃၂။ ချောင်းမွန်ငါးကျေးရွာကိုမြင်တွေ့ရစဉ်။ - ဓါတ်ပုံ-MLN*



## ဆီအုန်းစိုက်ပျိုးရေး၏ မျက်နှာဖုံးကွာကျခြင်း

MAC[37] သည် ၂၀၁၁-ခုနှစ်မှစတင်ကာ MIC[38] ၏ ဧက ၁၃၃,၀၀၀ ပမာဏရှိ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်း[39] ခွင့်ပြုချက်ကိုအသုံးပြု၍ မနီးရုံးသစ်တောအတွင်း[40] သစ်တောဧက ၁၀,၀၀၀ အား အပြောင်းရှင်းခုတ်ယူခဲ့သည်။ အမှန်တကယ် ဆီအုန်းစိုက်ပျိုးရေးကို ၂၀၁၆ နှစ်ကုန်ပိုင်းမှ စတင်ခဲ့ပြီး စိုက်ပျိုးသည့်ဧက ၄,၀၀၀ တွင် ဧက ရာဂဏန်းခန့်သာ ဖြစ်ထွန်းအောင်မြင်ခဲ့သည်။ စီမံကိန်းဧရိယာသည် မနီးရိုးဒေသ ရပ်ရွာလူထုများ၏ လယ်များ၊ ဥယျာဉ်ခြံများနှင့် ရွှေ့ပြောင်းတောင်ယာများပါဝင်နေပြီး ကုမ္ပဏီက ၎င်းတို့၏ ခြံ/လယ်များအား ၂၀၁၇-နှစ်လည်ပိုင်းတွင် ဘူဒိုဇာဖြင့်ထိုး၍ရှင်းလင်းသည့်အချိန်မှသာ ဒေသခံများ သတိပြုမိခြင်းဖြစ်သည်။ ထို့နောက်တွင် ဒေသခံများ၏ လယ်လုပ်ငန်းဝင်ရောက်ခြင်း၊ သစ်တောအရင်းအမြစ်များရယူသုံးစွဲနေခြင်းများအပေါ် ဟန့်တားခြိမ်းခြောက်မှုများ ပြုလာသည်။ သစ်တောအပြောင်ရှင်းခြင်း၊ သားရဲတောများပျက်စီးစေခြင်းအပြင် ဌာနေတိုင်းရင်းသားများ၏ မြေနှင့်သက်မွေးမှုရင်းမြစ်များအား မည်သည့်အသိပေးချက်မျှမရှိပဲ ပျောက်ကွယ်စေခဲ့သည်။ ရပ်ရွာလူထု၏ လူမှုစီးပွားအခြေအနေများကို ဆိုးဝါးစွာထိခိုက်စေပြီး ဒေသတွင်းလုပ်အားခများမြှင့်တက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းအတွက် အခြားဒေသသို့ ရွှေ့ပြောင်းရခြင်းများ ဆက်လက်ကြုံတွေ့ခဲ့ရသည်။

ရပ်ရွာလူထုသည် မြေသိမ်းမှုများအားပြန်လည်ရင်ဆိုင်နိုင်ရန်၊ FPIC စံနှုန်းများအား တောင်းဆိုနိုင်ရန်နှင့် ပါဝင်ပတ်သက်နေသူအသီးသီးနှင့် ချိတ်ဆက်နိုင်ရန်အတွက် SY နှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ပြီး အခြားမိတ်ဘက်အဖွဲ့များဖြစ်သည့် MLN, GN, DDA နှင့် TRIP NET တို့သည်လည်း ပါဝင်ကူညီခဲ့ကြသည်။ ၂၀၁၈-ခုနှစ် မတ်လအတွင်း "ဆီအုန်း၏နောက်ကွယ်" ဟုအမည်ရသည့် အစီရင်ခံစာတစ်စောင်ကို SY, ALARM[41], Candle Light အဖွဲ့နှင့် အနာဂတ်အလင်းအဖွဲ့တို့ ပူးပေါင်းထုတ်ဝေခဲ့သည်။ အဆိုပါအစီရင်ခံစာအရ MAC ကုမ္ပဏီ၏အမှန်တကယ်လုပ်ငန်းအခြေအနေများ၊ ရပ်ရွာလူထု၏ဒုက္ခများကိုဖော်ပြနိုင်ခဲ့သည့်အပြင် ကနဦးကာလ၌ ရပ်ရွာလူထုများအား ကျူးကျော်သူများအဖြစ်သတ်မှတ်၍ ရွှေ့ပြောင်းနေရာချရန်အားထုတ်မှုများလည်း ပါဝင်သည်။

အစီရင်ခံစာကိုထုတ်ပြန်ပြီးချိန်တွင် ဒေသခံတောင်သူများက ၎င်းတို့၏ရွှေ့ပြောင်းတောင်ယာလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။ တဆက်တည်းမှာပင် ၂၀၁၈-ခုနှစ် သြဂုတ်လအတွင်း ကုမ္ပဏီ(၄)ခု၏ စီမံကိန်းခွင့်ပြုဧရိယာများအား လျှော့ချမည့် အဆိုပြုစာရင်းများထွက်လာသည့်အပြင် MIC က ကွင်းဆင်းစစ်ဆေးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရ၏ မှတ်ချက်များဖြင့် မအောင်မြင်သည့်စီမံကိန်းဧရိယာများအား ပြန်လည်ရုတ်သိမ်းမည်ဖြစ်ကြောင်း သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ ပြောကြားချက်များအား တွေ့ရှိလာရသည်။ ပြန်လည်ရုတ်သိမ်းမည့် အဆိုပြုပမာဏစုစုပေါင်းသည် MIC ၏ မူလခွင့်ပြုထားသည့် ပမာဏ၏ (၁၆၄,၈၆၃ ဧက)[42] ထက်ဝက်ကျော်ဖြစ်ပြီး MAC ကုမ္ပဏီတစ်ခုတည်း၏ ၆၈% ပါဝင်သည်[43]။ အမှန်တကယ် ရုတ်သိမ်းသည့်အခြေအနေအား ထပ်မံမသိရှိရသော်လည်း ဆီအုန်းလုပ်ငန်းကဏ္ဍအတွင်း အပြောင်းအလဲတစ်ခုပင်ဖြစ်ခဲ့သည်။

ပုံ-၃၃။ တနင်္သာရီတိုင်းအတွင်းတစ်နေရာမှ ဆီအုန်းစိုက်ပျိုးမှု။ – ဓါတ်ပုံ-Taylor Weidman | Global Oneness Project
[Retrieved from: https://www.globalonenessproject.org/library/photo-essays/palm-oil-myanmar#photo=1]

## အဆုံးမသတ်နိုင်သေးသည့်တိုက်ပွဲအတွင်းမှ ဖောက်ထွက်ခြင်း

တနင်္သာရီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး၏ ၂၀၁၇-ခုနှစ်မေလ(၂၅)ရက်နေ့ ဘောစဝွေကျေးရွာသို့ခရီးစဉ်တွင် MSPP ဆီအုန်းကုမ္ပဏီ၏လုပ်ငန်းများကြောင့် ထိခိုက်ခဲ့ရသည့် ရပ်ရွာလူထု၏နစ်နာမှုများကို ကြည့်ရှုမှတ်တမ်းပြုခဲ့ပြီး နစ်နာသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကုမ္ပဏီကိုယ်စားလှယ်များအကြား ဆွေးနွေးညှိနှိုင်းပေးခဲ့သည်။ ဒေသခံအဖွဲ့ဖြစ်သည့် ခိုင်မြဲသစ္စာက ပျက်ဆီးဆုံးရှုံးခဲ့ရသည့် လယ်မြေများအတွက် နစ်နာကြေးနှင့် မြေပြန်လည်ရရှိရေးတို့အတွက် တောင်းဆိုခဲ့သည်။ အဆိုပါအစည်းအဝေးသည် ***အစိမ်းရောင်ကန္တာရ***[44]ဟု အမည်ရသည့် အစီရင်ခံစာထုတ်ပြန်ပြီးနောက် အစိုးရမှတာဝန်ရှိသူများ ကျေးရွာသို့လာရောက်ကြည့်ရှုသည့် ဒုတိယအကြိမ်ဖြစ်သည်။ ပထမအကြိမ်သည် မြန်မာ့လူ့အခွင့်အရေးကော်မရှင်၏ ခရီးစဉ်ဖြစ်ပြီး ၂၀၁၇-ခုနှစ်အစောပိုင်း၌ ဖြစ်မြောက်ခဲ့သည်။

### ကနဦးဇာတ်လမ်း

MSPP[45] သည် သာရဘွင်ဒေသတွင် ဆီအုန်းစိုက်ပျိုးရန် ဧက ၃၈,၀၀၀ ကို ၂၀၁၁-ခုနှစ်၌ MIC ထံမှရရှိခဲ့သည်။ ၂၀၁၃-ခုနှစ်တွင် သစ်တောဧက ၂,၅၀၀ ကိုခုတ်ထွင်ရှင်းလင်းခဲ့ပြီး ၂၀၁၅-ခုနှစ်တွင် ဧက ၃,၀၀၀ အထိ ရှင်းလင်းပြီးစီးခဲ့သည်။ ၂၀၁၄-ခုနှစ်နှောင်းပိုင်း သစ်တောများရှင်းလင်းခြင်းတွင် ရပ်ရွာလူထုများရယူအသုံးပြုနေသည့် သစ်တောနှင့် အသက်မွေးဝမ်းကျောင်းပြုရာနေရာများကို ထိခိုက်ကန့်သတ်လာမှုများတွေ့လာရသည်။ ၂၀၁၅-ခုနှစ် ဒီဇင်ဘာတွင် ရပ်ရွာလူထုများ၏ မြေဧက ၁,၀၀၀ အတွက် စုစုပေါင်းငွေကျပ် ၁၀-သိန်းကို လျော်ကြေးအဖြစ်ပေးမည်ဟုဆိုကာ သစ်ခုတ်ခြင်းကို အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့သည်။

ရပ်ရွာလူထု၏ အသက်မွေးဝမ်းကျောင်းပြုရာနေရာများနှင့် သစ်တောရင်းမြစ်များဆုံးရှုံးရသည့်အပြင် မြစ်ချောင်းနှင့်ရေအရင်းအမြစ်များညစ်ညမ်းခြင်း၊ ကျွဲနွားများသေဆုံးခြင်းများကို အနီးအနားကျေးရွာ ၁၂-ရွာတွင် ကြုံတွေ့ခံစားကြရသည်။ အဆိုပါပြဿနာများဖြေရှင်းပြေလည်ရန်အတွက် ရပ်ရွာလူထုများသည် ရနိုင်သည့် ချိတ်ဆက်ဆက်သွယ်မှုများပြုလုပ်ခဲ့ကြသည်။ ကေအဲန်ယူထံသို့ လည်းကောင်း၊ ဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာများသို့လည်းကောင်း၊ ရှေ့နေများနှင့် JMC ထံသို့လည်းကောင်း၊ MSPP ကုမ္ပဏီထံသို့လည်းကောင်း စာရေးသားပေးပို့ခြင်းများ၊ လူချင်းတွေ့၍သော်လည်းကောင်း အကြိမ်များစွာရောက်ရှိတင်ပြခဲ့ကြသည်။

တစ်ဖက်တွင်လည်း Tarkapaw, Candale Light, Tanintharyi Friends တို့ အပါအဝင် ကရင်အရပ်ဘက်အဖွဲ့အစည်းများ၊ SY အပါအဝင် SRJS မြန်မာ မိတ်ဘက်အဖွဲ့များနှင့်ချိတ်ဆက်၍ ကျေးရွာမှတ်တမ်းများပြုလုပ်ခြင်း၊ ပျက်စီးဆုံးရှုံးမှုများအတွက် အထောက်အထားများမှတ်တမ်းတင်ခြင်းများကိုပြုလုပ်ခဲ့သည်။ လူ့အခွင့်အရေး၊ FPIC စံနှုန်းများ၊ သက်ဆိုင်သည့်တည်ဆဲဥပဒေများ စသည့် လိုအပ်သောသတင်းအချက်အလက်များကို ရပ်ရွာလူထုများလေ့လာကြသည်။ အချက်အလက်များကို ကောက်ယူခြင်း၊ မှတ်တမ်းပြုခြင်း၊ မြေပုံရေးဆွဲခြင်း စသည့် နည်းလမ်းများနှင့် ကျွမ်းကျင်မှုများကို ကောင်းမွန်စွာရရှိပြီးချိန်တွင် ရပ်ရွာလူထု၏ ချဉ်းကပ်မှုများသည် ပိုမိုထိရောက်လာခဲ့သည်။ ထို့နောက်တွင် ဖြစ်ရပ်များကိုပြန်လည်စစ်ဆေးပေးပါရန် အစိုးရထံ ကေအဲန်ယူ၏ (မြိတ်-ထားဝယ်ခရိုင်) တောင်းဆိုချက်များ[46]၊ JMC[47] ၏ ကွင်းဆင်းစစ်ဆေးတိုက်တွန်းမှုများ အပြင် ရပ်ရွာလူထုများ၏ နိုင်ငံတော်သမ္မတနှင့် အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တိုင်ကြားစာတိုက်ရိုက်ပေးပို့ခြင်းများဖြင့် ၂၀၁၆-ခုနှစ် နှစ်လည်ပိုင်းကာလတွင် ကုမ္ပဏီ၏ တိုးချဲ့သစ်ခုတ်ခြင်းများ ရပ်တန့်သွားခဲ့သည်။

### ရှေ့ဆက်လှမ်းခြင်း

သစ်ခုတ်ခြင်းများရပ်တန့်သွားသော်လည်း ဆီအုန်းလုပ်ငန်း၏အကျိုးဆက်များက ရပ်တန့်မသွားပေ။ ရပ်ရွာလူထု၏ဆုံးရှုံးခဲ့ရမှုများအတွက် လျော်ကြေးနှင့် မြေများပြန်လည်ရရှိရန် ဆက်လက်ကြိုးပမ်းခဲ့ကြသည်။ မိတ်ဘက်အဖွဲ့များနှင့်ပူးပေါင်း၍ အစီရင်ခံစာတစ်စောင်ထုတ်ပြန်ခဲ့ပြီး ဆီအုန်းစိုက်ပျိုးရေးကြောင့်ကြုံရသည့် ရပ်ရွာလူထု၏နစ်နာမှုများ၊ ဌာနေတိုင်းရင်းသား၊ သစ်တောနှင့် သယံဇာတများအပေါ် ဆိုးကျိုးသက်ရောက်မှုများနှင့် လူမှုစီးပွားပြဿနာများကိုလည်း ထည့်သွင်းဖော်ပြခဲ့သည်။ ထို့အပြင် ဆီအုန်းစီမံကိန်းများအတွက် မြေယာချထားပေးရာ၌ စည်းမျဉ်းချမှတ်မှုများနှင့် စစ်ဆေးမှုများအားနည်းလျက်ရှိနေကြောင်း၊ ရပ်ရွာလူထုများ၏ အသံနှင့်တိုင်ကြားချက်များအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများ၏ လျစ်လျူရှုမှုများ

ကိုလည်း ဖော်ပြထားသည်။ အစီရင်ခံစာထုတ်ပြန်ပြီးနောက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည့် ခရီးစဉ်များတွေ့ရှိလာရပြီး ရပ်ရွာ၏နစ်နာမှုများအတွက် သုံးပွင့်ဆိုင်ညှိနှိုင်းပေးမှုများ ပြုလုပ်ပေးခဲ့ပါသည်။[48]

ရပ်ရွာလူထုအနေနှင့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများကြောင့် ကြုံတွေ့ရသည့် ၎င်းတို့၏ကျန်းမာရေးဆိုင်ရာပြဿနာများ[49]၊ သစ်တောများနှင့် ရပ်ရွာလူထုများ၏ အသက်မွေးရာနေရာများကို ထိခိုက်ပျက်စီးစေမှုများ အဆုံးသတ်နိုင်ရန်အတွက် ပါဝင်ပတ်သက်သူအသီးသီးထံ ချိတ်ဆက်တွန်းအားပေးခဲ့သည့်အပြင် ကုမ္ပဏီ၏ ဥပဒေနှင့်မညီသည့်အခြေအနေများကို လွှတ်တော်အတွင်း မေးခွန်းများမေးမြန်း ဆွေးနွေးနိုင်ရန် တွန်းအားပေးခဲ့ကြသည်။ MIC ခွင့်ပြုချက်အရ စီမံကိန်း ၄-နှစ်တွင် ၇၅% ပြီးမြောက်ရမည်ဟုဆိုသော်လည်း ကုမ္ပဏီသည် ဧက ၇,၀၀၀ တဝိုက်၌သာ အပင်များစိုက်ပျိုးထားသည်။

သာရဘွင်နှင့် မနီးရုန်းဒေသများရှိ ရပ်ရွာလူထုများ ပူးပေါင်းဆောင်ရွက်ခဲ့သည့် လှုပ်ရှားမှုများကြောင့်(*ဖြစ်ရပ်-၆*) ဆီအုန်းလုပ်ငန်းကဏ္ဍအတွင်း အာဏာပိုင်များ၏ အရေးယူဆောင်ရွက်မှုများဖြစ်လာစေရန် တွန်းအားပေးနိုင်ခဲ့သည်။ အမှန်တကယ် အရေးယူဆောင်ရွက်သည့် အခြေအနေဆိုင်ရာ သတင်းအချက်အလက်များမှာမူ ပြန့်ကျဲလျက်ရှိနေခဲ့ပြီး ၂၀၁၈-ခုနှစ် စက်တင်ဘာလ မြေလွတ်/လပ်/ရိုင်းဥပဒေ ပြင်ဆင်ချက်များ အတည်ပြုပြီးနောက်တွင် မြေပြန်လည်လျှော့ချထားနိုင်ကြောင်း ကြေညာချက်များလည်း ထွက်ရှိလာသည်။ ရည်ညွှန်းအသုံးပြုသည့် မြေပမာဏ ကိန်းဂဏန်းမှာ ဆီအုန်းကုမ္ပဏီများထံမှ ရုတ်သိမ်းပါမည်ဟု အဆိုပြုခဲ့သော မြေဧက ကိန်းဂဏန်းများဖြစ်သည်။ MSPP ကုမ္ပဏီသည် ဒေသခံများ၏မြေဧက ၂,၀၀၀ အပါအဝင် စုစုပေါင်းမြေဧက ၁၀,၀၀၀ ကို ပြန်လည်လျှော့ချထားခဲ့သည်။ သို့သော်လည်း ရပ်ရွာလူထုအနေနှင့် ဆက်လက်တွန်းအားပေးနေသည့်အတွက် ၂၀၂၀-ခုနှစ်တွင် ရပ်ရွာလူထု၏နေရာများအတွင်း ကုမ္ပဏီက လုပ်ငန်းဝင်ရောက် ဆောင်ရွက်ခြင်းများ မတွေ့ရတော့ပေ။ ခြုံငုံသုံးသပ်ရမည်ဆိုပါက အကြီးစား မြေအသုံးချခွင့်ချထားရေးဆိုင်ရာ စည်းဘောင်များ ပိုမိုကောင်းမွန်လာခြင်းမရှိပါက ဤသို့သော အလားတူတိုက်ပွဲများ အဆုံးသတ်နိုင်မည်မဟုတ်ပါ။ သို့သော်လည်း ရပ်ရွာလူထု၏ အင်အားနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ စဉ်ဆက်မပြတ်ပံ့ပိုးမှုများကလည်း ရလဒ်ကောင်းများအတွက် အဆင်သင့်လျက်ရှိနေပြီဖြစ်သည်။

**ဇယား-၄။ ပြန်လည်ရုတ်သိမ်းရန်အဆိုပြုထားသည့် ဆီအုန်းစီမံကိန်းဧရိယာပမာဏ** (ဩဂုတ်လ ၂၀၁၈)

| စဉ် | ကုမ္ပဏီအမည် | MIC ၏ မူလခွင့်ပြုပမာဏ | MIC ၏ ရုတ်သိမ်းရန် အဆိုပြုပမာဏ | | တိုင်းအစိုးရ၏ အဆိုပြုပမာဏ | |
|---|---|---|---|---|---|---|
| | | | ပမာဏ (ဧက) | % | ပမာဏ (ဧက) | % |
| ၁ | MAC | ၁၃၃,၆၀၀ | ၉၁,၁၁၁ | ၆၈% | ၁၂၇,၀၀၉ | ၉၅% |
| ၂ | MRPP | ၅၀,၀၀၀ | ၂၈,၆၉၆ | ၅၇% | ၂၈,၆၉၆ | ၅၇% |
| ၃ | MSPP | ၃၈,၀၀၀ | ၁၉,၀၀၀ | ၅၀% | ၂၈,၀၀၀ | ၇၄% |
| ၄ | ရွှေကမ္ဘောဇ | ၂၇,၆၈၂ | ၂၆,၀၅၆ | ၉၄% | ၂၆,၀၅၆ | ၉၄% |
| | စုစုပေါင်း | ၂၄၉,၂၈၂ | ၁၆၄,၈၆၃ | ၆၆% | ၂၀၉,၇၆၁ | ၈၄% |

**မှတ်ချက်။** ဆီအုန်းကုမ္ပဏီငါးခုအတွက် ခွင့်ပြုချက်များကိုပြန်လည်စိစစ်ရုတ်သိမ်းမည်ဟုဆိုသော်လည်း ကုမ္ပဏီ ၄-ခုအတွက်စာရင်းကိုသာ တွေ့ရှိရပါသည်။

## ကဏန်းမွေးမြူရေး - အစုအဖွဲ့ပိုင်သစ်တောတွေအတွက် အထောက်အကူတစ်ခုဖြစ်စေမလား?

အမျိုးသား၊ အမျိုးသမီးတစ်စုသည် ဂဏန်းအရွယ်အစားနှင့် အလေးချိန်အလိုက် ချိန်တွယ်၍ အဆင့်(က)၊ (ခ)၊ (ဂ) စာသားများပါသည့် ခြင်းအသီးသီးအတွင်း ခွဲထည့်နေကြသည်။ ၆”x၃” အရွယ်အစားရှိပြီး ၁၂-၁၅ ကျပ်သားအထိအလေးချိန်စီးပါက အကောင်းဆုံးဂဏန်း (အဆင့်-က အဖြစ်)သတ်မှတ်သည်။ အချိန်အနည်းငယ်မျှအကြာတွင် ဈေးကွက်တန်းဝင်ဂဏန်းစုစုပေါင်း ၁၀-ပိဿာခန့် ရရှိသည်။ ကျန်ဂဏန်းငယ်များအား ကန်အတွင်းပြန်ထည့်၍ ပထမဆုံးအကြိမ် စုပေါင်းဂဏန်းဖော်ခြင်းကိုအဆုံးသတ်ကြသည်။ ဤအဖြစ်အပျက်သည် ၂၀၂၀-ခုနှစ် နိုဝင်ဘာလ ထိန်ချောင်း အစုအဖွဲ့ပိုင်သစ်တောဧရိယာအတွင်း (ကျွန်းစုမြို့နယ်) တွေ့ရှိရခြင်းဖြစ်သည်။

ထိန်ချောင်း CF အဖွဲ့သည် ဂျင်း၊ ငါး၊ ပုစွန် စသည့် ဝင်ငွေရမွေးမြူရေးလုပ်ငန်းများမှ အရင်းအနှီးနည်းပြီး ငွေပေါ်လွယ်သည့် ဂဏန်းမွေးမြူရေးကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိရန်၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရန်နှင့် CF လုပ်ငန်းများရေရှည်တည်တံ့နိုင်ရန် ရည်ရွယ်သည့် မွေးမြူရေးပုံစံတစ်ခုဖြစ်သည်။ လိုအပ်သည့် မ,တည်ငွေအတွက် ငွေကျပ် ၅၀,၀၀၀ တန် ရှယ်ယာအစု ၈၂-စု (စုစုပေါင်း ၄,၁၀၀,၀၀၀ ကျပ်) ဖြင့် စတင်ခဲ့ပြီး ရှယ်ယာအစုအလိုက် အကျိုးအမြတ်ခွဲဝေရန်ဖြစ်သည်။


စီမံခန့်ခွဲမှုကိစ္စရပ်များအတွက် “အစိမ်းရောင်စီးပွားရေးစွန့်ဦးတီထွင်သူများ” အဖြစ် ၂၀၂၀-ခုနှစ် ဇန်နဝါရီလတွင် ဖွဲ့စည်းခဲ့သည်။ နာယက၊ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဒုတိယ-အတွင်းရေးမှူး၊ ဘဏ္ဍာထိန်း၊ စာရင်းကိုင်၊ အကြံပေးနှင့် အဖွဲ့ဝင် ၇-ဦး (စုစုပေါင်း ၁၅-ဦး) ပါဝင်သည်။ CF ဧရိယာအတွင်းရှိ ချောင်းပေါက်ငယ်အား ၂၀၂၀-မတ်လတွင် တမံဖို့ကာ မြေအနက်(၃)ပေ၊ မြေပေါ်အမြင့်(၃)ပေ ဝါးစည်းရိုးခတ်၍ ဂဏန်းကန်စတင်ပြုလုပ်ခဲ့သည်။ ၁၂-ပေအမြင့် ပုစွန်ဖမ်းပိုက်ဖြင့်ကာရံထားသည့် အဆိုပါ ဂဏန်းမွေးမြူရေးဧရိယာသည် ၀.၁၂ ဧက ကျယ်ဝန်းသည်။ သဘာဝအားဖြင့် ဂဏန်းများရှိနှင့်ပြီးဖြစ်သော်လည်း ပိုမိုတိုးပွားနိုင်ရန်အတွက် ဂဏန်းများဝယ်ယူ ထည့်သွင်းခဲ့သည် - မေလတွင် တစ်ကြိမ် (၈-ပိဿာ)၊ ဇူလိုင်လတွင်တစ်ကြိမ် (၃၂-ပိဿာ)။ မွေးဂဏန်းတစ်ကောင်သည် ၅-ကျပ်သားခန့်ရှိပြီး ၁-ပိဿာလျှင် ငွေကျပ် ၆,၀၀၀~၇,၀၀၀ ဖြင့်ဝယ်ယူရသည်။ ဂဏန်းစာအဖြစ် ငါးငယ်ကလေးများကို ၃-ရက်လျှင်တစ်ကြိမ် ကျွေးရပြီး ငါးငယ်တစ်ခြင်းလျှင် ၅,၀၀၀ ကျပ် ကျသင့်သည်။

ဂဏန်းများထည့်သွင်းပြီး ၆-လအကြာတွင် ပြန်လည်ဖော်ယူနိုင်သည်ဖြစ်ရာ ၂၀၂၀ နိုဝင်ဘာလသည် ပထမအကြိမ် ဂဏန်းဖော်ယူခြင်းဖြစ်လာခဲ့သည်။ ကိုဗစ်ကာလ ကန့်သတ်ချက်များကြောင့် ဂဏန်းမွေးမြူရေးဆိုင်ရာ ကိစ္စများအတွက် နှောင့်နှေးခဲ့ရသော်လည်း ဈေးကွက်တန်းဝင်ဂဏန်း ၁၀-ပိဿာကို ရရှိခဲ့သည်။ အကျိုးအမြတ်တွက်ယူနိုင်ခြင်းမရှိသေးသော်လည်း ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် အဖွဲ့ဝင်များအားလုံး စိတ်အားထက်သန်လျက်ရှိနေကြသည်။ အဘယ့်ကြောင့်ဆိုသော် ဤလုပ်ငန်းသည်မွေးမြူရေးသက်သက်သာမဟုတ်ပဲ - CF လုပ်ငန်းတစ်ခုဖြစ်သည့် ကင်းလှည့်ခြင်းကို သီးသန့်ဆောင်ရွက်ရန်မလိုတော့ခြင်း၊ ဝင်ငွေရလုပ်ငန်းတစ်ခုအနေနှင့် အလားအလာများရှိနေခြင်း၊ ပေါင်းစည်းဆောင်ရွက်ရသည့် ရပ်ရွာလူထုအစုအဖွဲ့၏ လုပ်ငန်းဖြစ်သည်ဟု မှတ်ယူကြခြင်းများကြောင့်လည်း ဖြစ်သည်။

လက်ရှိအချိန်ထိတွင် ဂဏန်းမွေးမြူရေး၏ ထိရောက်အောင်မြင်မှုကို သုံးသပ်နိုင်မည့် အချိန်ကာလနှင့် အခြေအနေများ နည်းပါးလျက်ရှိနေပါသေးသည်။ စနစ်ကျသော စီမံခန့်ခွဲမှု၊ ရှင်းလင်းမြင်သာ၍ ကြိုတင်မှန်းဆနိုင်သော အစီအစဉ်များ၊ အကျိုးအမြတ်ခွဲဝေမှုများရှိလာမည်ဆိုပါက ဤသို့သော ပုံစံအသစ်များကို အားပေးပံ့ပိုးရန် အထူးလိုအပ်လျက်ရှိသည်။

ပုံ-၃၄။ ပူးပေါင်းဆောင်ရွက်မှု အဆက်အစပ်များအား စိတ်ကူးပုံဖော်ထားပုံ။

# ၄။ ပူးပေါင်းဆောင်ရွက်မှုများ



# ၄.၁။ ပူးပေါင်းဆောင်ရွက်မှုအဆက်အစပ်

မူဝါဒရေးဆွဲသူများအားတွန်းအားပေးခြင်း၊ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ခြင်း၊ လူထုလှုပ်ရှားမှုများအတွက် စည်းရုံးခြင်းအပါအဝင် လူမှုအပြောင်းအလဲအတွက် ဆောင်ရွက်ရသည့်လုပ်ငန်းများ၏ သဘောသဘာဝများသည် ရှုပ်ထွေးပြီး လုပ်ငန်းတစ်ခုနှင့်တစ်ခုအကြား အပြန်အလှန်ချိတ်ဆက်လျက်ရှိသည့်အပြင် ဇာတ်ကောင်အသီးသီးအကြားပူးပေါင်းဆောင်ရွက်မှုအမျိုးမျိုးနှင့် အချိန်ကိုက်လှုပ်ရှားမှုများ လိုအပ်ပါသည်။ လုပ်ဆောင်မှုတစ်ခုသည် လူမှုအသိုက်အဝန်းအတွင်းရိုက်ခတ်ပြီး ကျယ်ပြန့်သောလူထုအာရုံစိုက်မှုကို ရယူနိုင်သည့်အခါ အပြောင်းအလဲများကို ဖြစ်ပေါ်စေပါသည်။

SRJS စီမံကိန်း၏ ရလဒ်များသည် အရပ်ဘက်အဖွဲ့စည်းအသီးသီးနှင့် လူမှုရေးဇာတ်ကောင်များအကြား ပူးပေါင်းဆောင်ရွက်မှုများမရှိပဲ ဖြစ်မြောက်နိုင်မည် မဟုတ်ပါ။ တစ်နည်းအားဖြင့် လုပ်ငန်းတစ်ခု(သို့) အဖွဲ့အစည်းတစ်ရပ်၏ ထီးတည်းစီမံကိန်းတစ်ခုဖြင့်လည်း ဖြစ်မြောက်နိုင်သည်မဟုတ်ပါ။ SRJS စီမံကိန်းကာလများအတွင်း တွေ့ရှိခဲ့ရသည့် အောင်မြင်မှုများ၊ ရလဒ်များသည်လည်း SRJS စီမံကိန်းတစ်ခုတည်း၏ (သို့) လုပ်ငန်းများ၏ ရလဒ်များသက်သက်မဟုတ်ပဲ မိတ်ဘက်အဖွဲ့များ၏စဉ်ဆက်မပြတ်တွန်းအားပေးဆောင်ရွက်မှု ရလဒ်များလည်းဖြစ်သည်။

ပူးပေါင်းဆောင်ရွက်မှုဟုဆိုရာ၌ SRJS-မိတ်ဘက်များအကြား ပူးပေါင်းဆောင်ရွက်မှုသာမက ထိန်းသိမ်းစောင့်ရှောက်ရေးမိတ်ဘက်အဖွဲ့များအကြား၊ မူဝါဒရေးရာပြုပြင်ပြောင်းလဲရေးအတွက် ဆောင်ရွက်လျက်ရှိကြသည့်အဖွဲ့များအကြား၊ မြေနှင့်သယံဇာတအရေးဆောင်ရွက်ကြသည့် အဖွဲ့အစည်းများအကြား၊ ဥပဒေရေးရာနှင့်ရှေ့နေအဖွဲ့များအကြား၊ စသဖြင့် အဆက်အစပ်များစွာရှိနေပါသည်။ ထို့အပြင်ပူးပေါင်းဆောင်ရွက်မှုသည် အမျိုးသားအဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ဒေသန္တရအဆင့်ဟူ၍ အဆင့်အသီးသီး၌လည်း ဖြစ်ပေါ်လျက်ရှိသည်။

## ၁။ ပေါင်းစည်းပုံဖော်သည့် စီမံကိန်းလုပ်ငန်းများ

SRJS မိတ်ဘက်အဖွဲ့များ၏ ပထမဦးဆုံး အရေးကြီးသည့် ပူးပေါင်းဆောင်ရွက်မှုမှာ စီမံကိန်း၏ ဦးတည်ချက်များနှင့်မူဘောင်ကို (TOC) အတူတကွရေးဆွဲကြခြင်းဖြစ်သည်။ တစ်ဖွဲ့ချင်း၏ မတူညီသည့်အားသာချက်များ (နှင့် ကျွမ်းကျင်မှုများ)၊ ပထဝီအနေအထားဖြန့်ကျက်မှုနှင့် ဗျူဟာများအလိုက် SRJS နိုင်ငံတကာစီမံကိန်းအတွင်းမှဦးတည်ချက်များနှင့် ချိန်ညှိကာ ရေးဆွဲကြခြင်းဖြစ်သည်။ သို့ဖြစ်ရာ SRJS မိတ်ဘက်တစ်ဖွဲ့ချင်း၏ မတူကွဲပြားသည့် လုပ်ငန်းဆောင်ရွက်မှုများက ဘုံဦးတည်ချက်များဆီ ပံ့ပိုးလျက်ရှိသည့်အပြင်၊ မိတ်ဘက်အဖွဲ့များ၏ SRJS အဝန်းအဝိုင်းအတွင်း/အပြင် မိတ်ဖွဲ့ဆောင်ရွက်မှုများကို ဖြန့်ကျက်နိုင်စေသည်။

(ပူးပေါင်းဆောင်ရွက်မှုအချိတ်အဆက်များအား သရုပ်ဖော်ပုံတွင်တွေ့နိုင်သကဲ့သို့) SRJS မိတ်ဘက်အဖွဲ့များ၌ ချိတ်ဆက်ဆောင်ရွက်မှုအမျိုးမျိုးကို တွေ့ရမည်ဖြစ်ပြီး တိုင်းဒေသကြီးအဆင့် ချိတ်ဆက်တွန်းအားပေးမှုများတွင် အများဆုံးတွေ့နိုင်မည်ဖြစ်သည်။ လုပ်ငန်းကဏ္ဍအလိုက်အခြေခံသည့် ပူးပေါင်းဆောင်ရွက်မှု၊ ချိတ်ဆက်မှုများမှ ပုံမှန်အစည်းအဝေးများ၊ ထိတွေ့မှုများမှတဆင့် အချက်အလက်စီးဆင်းမှုများသည် ပိုမိုကောင်းမွန်လျက်ရှိသည်။ SRJS မိတ်ဘက်များအတွင်း၌လည်း ပုံမှန်ညှိနှိုင်းအစည်းအဝေးကို သုံးလတစ်ကြိမ်ပြုလုပ်ခဲ့ကြပြီး စီမံကိန်းလုပ်ငန်းဆိုင်ရာနောက်ဆုံးအခြေအနေများ၊ ပူးပေါင်းအဖြေရှာ/တုံ့ပြန်ဆောင်ရွက်ရမည့် စိန်ခေါ်မှုများနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းအတွက် ဆွေးနွေးတိုင်ပင်ခြင်းများ၊ OH အပါအဝင် အစီရင်ခံစာများအတွက် ဆွေးနွေးပြင်ဆင်ခြင်းများကို ပါဝင်သည် (နောက်ပိုင်းနှစ်များတွင် ပြုလုပ်သည့်အကြိမ်ရေ လျော့နည်းပါသည်)။

## နှစ်ပတ်လည်ပြန်လည်သုံးသပ်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း

ဆောင်ရွက်ပြီးစီးသည့်စီမံကိန်းလုပ်ငန်းများ၊ လက်ငင်းရလဒ်များ ဝေမျှဆွေးနွေးရန်နှင့် ဆက်လက်ဆောင်ရွက်ရန် လျာထားသည့်အစီအစဉ်များပြင်ဆင်နိုင်ရန် SRJS မိတ်ဘက်များ၏ ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးကိုနှစ်စဉ်ပြုလုပ်လေ့ရှိသည်။ အဆိုပါအစည်းအဝေးအတွင်း လူမှု-နိုင်ငံရေးရပ်ဝန်းမှ ပြောင်းလဲမှုများအလိုက် မိတ်ဘက်အဖွဲ့များ၏ ချဉ်းကပ်မှုပုံစံပြောင်းလဲရန်လိုအပ်သည်များ၊ SRJS စီမံကိန်းနှင့် TOC အတွင်းလိုအပ်သည့်ပြောင်းလဲမှုများ (ရှိပါက) ကို ညှိနှိုင်းဆွေးနွေးလေ့ရှိသည်။ ထို့အတွက် ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးသည် နှစ်ပတ်လည် အစီအစဉ်ရေးဆွဲခြင်း အစည်းအဝေးလည်းဖြစ်သည်။ မိတ်ဘက်အဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့်ကိစ္စများဖော်ထုတ်ခြင်း၊ အဖွဲ့စွမ်းဆောင်ရည်မြှင့်တင်ခြင်းအတွက် လိုအပ်သည့်နယ်ပယ်များအလိုက် သင်တန်းများ၊ ပူးတွဲသင်တန်းများပြုလုပ်နိုင်ရန် ဖော်ထုတ်ခြင်းများလည်း ပါဝင်သည်။

### ပူးတွဲသင်တန်းများ

SRJS မိတ်ဘက်အဖွဲ့များ၏ စွမ်းဆောင်ရည်လိုအပ်ချက်များနှင့် ဦးစားပေးရွေးချယ်မှုများအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းအစီအစဉ်များဆောင်ရွက်ကြပြီး ဘုံတူညီသည့် (သို့) အဖွဲ့များအားလုံး၏လိုအပ်ချက်များနှင့်ကိုက်ညီသည့် ဦးစားပေးသင်တန်းများအတွက် ပူးပေါင်းစီစဉ်ဆောင်ရွက်ကြသည်။ Lobby & Advocacy နှင့် SEA ကဲ့သို့သော သင်တန်း/အလုပ်ရုံဆွေးနွေးပွဲများကို လျာထားခဲ့သော်လည်း ကိုဗစ်ကာလကန့်သတ်ချက်များကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။

- စွမ်းဆောင်ရည်ဆန်းစစ်ချက် (၂၀၁၇)
- စီစဉ်ရေးဆွဲခြင်း၊ စောင့်ကြည့်သုံးသပ်ခြင်းနှင့် သင်ယူခြင်း (၂၀၁၇)
- စီမံကိန်းစက်ဝန်းစီမံခန့်ခွဲမှု (၂၀၁၇)
- ရလဒ်များခူးဆွတ်ခြင်း (၂၀၁၈) နှင့် စီစဉ်ရေးသားခြင်း (၂၀၁၉)
- သဘာဝပတ်ဝန်းကျင်ဥပဒေရေးရာ (၂၀၁၈/၂၀၁၉)
- ဂျဲန်ဒါနှင့် သယံဇာတစီမံခန့်ခွဲမှု (၂၀၁၈)
- ရပ်ရွာလူထုနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း (၂၀၁၉)

# ၂။ လုပ်ငန်းကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများ

### သတ္တုလုပ်ငန်းကဏ္ဍ

သတ္တုလုပ်ငန်းကဏ္ဍ အဆင့်ဆင့်တွင် SRJS မိတ်ဘက်အဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုများကိုတွေ့ရှိနိုင်သည်။ MATA သည် DDA, SY နှင့် GN တို့အတွက် သတ္တုလုပ်ငန်းကဏ္ဍအတွင်း ပူးပေါင်းလှုပ်ရှားနိုင်သည့် အဓိကစင်္ကြံဖြစ်ပြီး တိုင်းဒေသကြီးအဆင့်၊ ပြည်ထောင်စုအဆင့် (အမျိုးသားအဆင့်) များ၌ တွေ့ရမည်ဖြစ်သည်။ DDA သည် စီစဉ်ဆွေးနွေးခြင်းများနှင့် နည်းပညာအကူအညီများ ပံ့ပိုးပေးလျက်ရှိပြီး SY သည် တိုင်းအဆင့်သုံးပွင့်ဆိုင်ညှိနှိုင်းရေးအဖွဲ့ (SNU) တွင် ဥက္ကဋ္ဌအဖြစ်တာဝန်ယူလျက်ရှိသည်။ DDA သည် MMG များ ဖွဲ့စည်းပေါ်ပေါက်လာနိုင်ရေး၊ တရားဝင်ရပ်တည်နိုင်ရေးနှင့် အပြည့်အဝလုပ်ငန်းလည်ပတ်နိုင်ရေးတို့အတွက် အဓိကတွန်းအားပေးပံ့ပိုးလျက်ရှိသည်။

MMG သည် လူထုအခြေပြုစောင့်ကြည့်ရေးယန္တရား၏ အစိတ်အပိုင်းဖြစ်ပြီး သယံဇာတ တူးဖော်ရေးလုပ်ငန်းကဏ္ဍအတွင်း ကဏ္ဍစုံပါဝင်သည့်ဆွေးနွေးမှုစင်္ကြံများ၊ တိုင်းဒေသကြီးအဆင့်တွင် SNU နှင့် ထိရောက်စွာ ချိတ်ဆက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ SY, GN နှင့် MLN တို့သည် သတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့် ထိခိုက်ခံရသည့် ရပ်ရွာလူထုများ၏ နစ်နာမှုများအတွက် ပုဂ္ဂလိကကဏ္ဍနှင့် တိုက်ရိုက်ချိတ်ဆက်ခြင်း (သို့) သုံးပွင့်ဆိုင်ညှိနှိုင်းမှုများအတွင်း နည်းပညာအကူအညီများ ပူးပေါင်းပံ့ပိုးပေးကြသည်။

### မြေယာကဏ္ဍ

မြေသည်ကျယ်ပြန့်သည့်ကဏ္ဍဖြစ်ပြီး DDA နှင့် SY တို့သည့် မြေနှင့်ဆိုင်သည့် အမျိုးသားအဆင့် လူထုလှုပ်ရှားမှုများအတွက် ဒို့မြေ လှုပ်ရှားမှုများဖြင့် ပူးပေါင်းဆောင်ရွက်ကြသည်။ ၂၀၁၈~၂၀၁၉ ခုနှစ်များအတွင်း ဖြစ်ပေါ်ခဲ့သည့် 'မြေလွတ်/လပ်/ရိုင်း မရှိ'[50] ကမ်ပိန်းအား သာဓကတစ်ခုအဖြစ်တွေ့ရှိနိုင်သည်။ DDA သည် တနင်္သာရီတိုင်းအတွင်း မြေယာအရေးဆောင်ရွက်သည့်အဖွဲ့များနှင့် တက်ကြွလှုပ်ရှားသူများအကြား ဆွေးနွေးသတင်းပေးနိုင်မည့်၊ နားလည်မှုတည်ဆောက်နိုင်မည့်စင်္ကြံတစ်ခု (တနင်္သာရီမြေယာဖိုရမ်) ကို တွန်းအားပေးဖော်ဆောင်နိုင်ခဲ့သည်။

တိုင်းအတွင်းရှိ မြေပြဿနာများသည် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြီးစား ထိန်းသိမ်းစောင့်ရှောက်ရေး စီမံကိန်းများ၊ ဆီအုန်းကုမ္ပဏီများအတွက် အကြီးစား မြေအသုံးချခွင့် ချထားပေးခြင်းများနှင့် ဆက်စပ်လျက်ရှိသည်။ SY ၏ လုပ်ငန်း ဆောင်ရွက်ရာဒေသများတွင် အဆိုပါအကြောင်းရင်း(၂)မျိုးလုံးကို တွေ့ရှိရပြီး ရပ်ရွာလူထု၏ ပြန်လည်တုံ့ပြန်ရင်ဆိုင်မှုများအတွက် SY အပါအဝင် အခြားသော မိတ်ဘက်အဖွဲ့များက ပူးပေါင်းကူညီဆောင်ရွက်ကြသည်။ လူထုမြေအသုံးချမှု မြေပုံရေးဆွဲခြင်းကဲ့သို့သော နည်းပညာအတွက် DDA က ပံ့ပိုးပေးသည်။ မှတ်တမ်း ပြုခြင်းနှင့် ရပ်ရွာလူထု၏စွမ်းဆောင်ရည် မြှင့်တင်ခြင်းများအတွက် SY က ပံ့ပိုး ပေးသည်။ ဥပဒေအသိပညာများနှင့် ဥပဒေရေးရာအကူအညီများအတွက် MLN က ပံ့ပိုးပေးသည်။ လိုအပ်သည့်အရေးယူဆောင်ရွက်မှုများ ပြုနိုင်ရန်အတွက် အစိုးရတာဝန်ရှိသူများအား တွန်းအားပေးသည့် တရားဝင်လုပ်ငန်းစဉ်များအတွင်း MLN နှင့် GN တို့က ကူညီပံ့ပိုးပေးသည်။

သစ်တောနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဌာနေတိုင်းရင်းသားအခွင့် အရေးကိစ္စများအတွက် မိတ်ဖွဲ့ဆောင်ရွက်မှုများဖြစ်သည့် CAT, ICCA working group နှင့် ICCA NEWS များတွင် SY နှင့် TRIP NET တို့၏ ဦးဆောင်ပါဝင်မှုများ၊ ဆွေးနွေးညှိနှိုင်းမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကြသည်။ ဖော်ပြပါ ပူးပေါင်းဆောင်ရွက်မှုများအနက် - သစ်တောပြုန်းတီးမှုများ၏ အကြောင်းရင်းခံ များနှင့် ရင်ဆိုင်ခြင်း၊ လူထုပါဝင်မှုရှိပြီး လူထုကိုယ်တိုင်စီမံခန့်ခွဲသော ထိန်းသိမ်း စောင့်ရှောက်ရေးပုံစံများ၊ ဌာနေတိုင်းတိုင်းရင်းသားအခွင့်အရေးကာကွယ်မြှင့်တင် ခြင်းများအတွက် သုတေသနပြုခြင်း/ အစီရင်ခံစာထုတ်ဝေခြင်းများ ပါဝင်သည်။

## ၃။ လှုပ်ရှားမှုဘောင်ကို ထိန်းထားခြင်း

ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကနဦးကာလ၌သာရှိနေသေးသော မြန်မာနိုင်ငံ ကဲ့သို့ အခြေအနေတွင် ပူးပေါင်းဆောင်ရွက်သည့် ချဉ်းကပ်မှုများနှင့် ပေါင်းစည်း ပုံဖော်ထားသည့် ဆောင်ရွက်ချက်များဖြင့် အရပ်ဘက်လှုပ်ရှားမှုဘောင်များကို ထိန်းထားနိုင်ရန် အလွန်အရေးကြီးသည်။ SRJS မိတ်ဘက်များ၏ ချိတ်ဆက် တွန်းအားပေးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများသည်လည်း အရပ်ဘက်အဖွဲ့ အစည်းများ၏ တရားဝင်မှုများနှင့် လှုပ်ရှားမှုဘောင်များကို ထိန်းထားနိုင်ရန်လည်း ပါဝင်သည်။ အထူးသဖြင့် အရပ်ဘက်အဖွဲ့အစည်းများအပေါ် အသိအမှတ်ပြုမှုများ တိုးမြှင့်နိုင်ရန်နှင့် တိုင်းဒေသကြီးအဆင့် ဥပဒေပြုရေးများအတွင်း ဒီမိုကရေစီ အလေ့အထများ ပိုမိုကျင့်သုံးလာနိုင်ရေးတို့အတွက် SRJS မိတ်ဘက်အဖွဲ့များက အလေးထားဆောင်ရွက်ကြသည်။ ဆွေးနွေးညှိနှိုင်းမှုဖြစ်စဉ်များ (သို့) ပဋိပက္ခ ဖြေရှင်းရေးဖြစ်စဉ်များတွင် အပြီးသတ်ဆုံးဖြတ်ချက်ချခြင်းကို ဗဟိုမှချုပ်ကိုင်နေဆဲ ဖြစ်သော်လည်း အဆိုပါဖြစ်စဉ်များအတွင်း အရပ်ဘက်အဖွဲ့အစည်းများပါဝင်လာ စေသည့် အလေ့အထများကို တွေ့ရှိလာရသည်။

SRJS မိတ်ဘက်များ ပါဝင်တွန်းအားပေးလျက်ရှိသည့် တိုင်းဒေသကြီးအဆင့်မှ ကဏ္ဍစုံပါဝင်သည့် ဆွေးနွေးမှုများနှင့် စကြ်ံများသည် လုပ်ငန်းကဏ္ဍတစ်ခုချင်း အတွက် ပိုမိုကောင်းမွန်သည့် စည်းကြပ်ထိန်းကျောင်းမှုများဖြစ်လာစေရန်၊ မူဝါဒ ပြုပြင်ပြောင်းလဲရေးများဖြစ်လာစေရန်၊ လက်ငင်းပြဿနာများအတွက် အရေးယူ ဆောင်ရွက်နိုင်မည့် တာဝန်ရှိသူများကို တွန်းအားပေးနိုင်ရန်၊ ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရကဏ္ဍများနှင့် ချိတ်ဆက်ဆောင်ရွက်မှုနယ်ပယ်ကို ချဲ့ထွင်နိုင်ရန် ရည်ရွယ် ပါသည်။

# ၄.၂။ နိုင်ငံတကာအစီအစဉ်နှင့် ထိတွေ့မှုများ

နိုင်ငံတကာလေ့လာရေးအစီအစဉ်များမှတဆင့် SRJS မိတ်ဘက်အဖွဲ့များ၏ ကွန်ရက်ချိတ်ဆက်မှုများကို ဖြန့်ကျက်နိုင်စေခြင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ထိတွေ့ချိတ်ဆက်မှုရရှိစေခြင်း၊ နိုင်ငံအသီးသီးမှ အလားတူဖြစ်ရပ်/ပြဿနာ/ ကိုင်တွယ်ဖြေရှင်းမှုများအား လေ့လာနိုင်ခြင်း၊ မိမိတို့၏အတွေ့အကြုံများကို ဝေမျှနိုင်ခြင်းနှင့် မိမိဒေသများရှိ လှုပ်ရှားမှုများအတွက် နိုင်ငံတကာရပ်ဝန်းမှ ပံ့ပိုးကူညီမှုများ ရရှိနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေပါသည်။ SRJS စီမံကိန်းကာလအတွင်း SRJS မြန်မာမိတ်ဘက်အဖွဲ့များအနေနှင့် နိုင်ငံတကာအစီအစဉ်အချို့တွင် ပါဝင်တက်ရောက်၍ ချိတ်ဆက်မှုများပြုလုပ်နိုင်ခဲ့ပါသည်။

- TRIP NET သည် ၂၀၁၈-ခုနှစ် မေလအတွင်း ကနေဒါနိုင်ငံ ဟာလီဖက်စ်တွင် the Commission on Environmental, Economic and Social Policy (CEESP of IUCN) နှင့် the Community Conservation Research Network (CCRN) တို့ ပူးပေါင်းပြုလုပ်သည့် "*Communities, Conservation & Livelihoods*[51] နိုင်ငံတကာကွန်ဖရင့်တွင် ပါဝင်တက်ရောက်ခဲ့သည်။
- TRIP NET သည် ၂၀၁၉-ခုနှစ် ဧပြီလအတွင်း အင်ဒိုနီးရှားနိုင်ငံ အာချေးတွင် SRJS/WWF တို့ ပူးပေါင်းပြုလုပ်သည့် Photo Voice သင်တန်းတွင် ပါဝင်တက်ရောက်ခဲ့သည်။
- DDA သည် ၂၀၁၉-ခုနှစ် ဇွန်လ ၁၈~၁၉ ရက်နေ့များတွင် ပဲရစ်၌ ပြင်သစ်အစိုးရက ကျင်းပပြုလုပ်ခဲ့သည့် 8th EITI Global Conference*[52]* တွင် ပါဝင်တက်ရောက်ခဲ့သည်။ အဆိုပါကွန်ဖရင့်တွင် ကမ္ဘာတစ်ဝှမ်းရှိ သယံဇာတအရေးလှုပ်ရှားသူ ၁,၀၀၀-ဦးခန့် ပါဝင်တက်ရောက်ခဲ့ကြသည်။
- SY နှင့် DDA တို့သည် ၂၀၁၉-ခုနှစ် ဩဂုတ်လအတွင်း အင်ဒိုနီးရှားနိုင်ငံ ဘိုဂေါ်တွင် Sawit Watch (SRJS အင်ဒိုနီးရှား မိတ်ဘက်အဖွဲ့) က ပြုလုပ်ခဲ့သည့် ဒရုန်းနှင့် ဂြိုဟ်တုပုံရိပ်အသုံးပြုခြင်းသင်တန်းတွင်ပါဝင်တက်ရောက်ခဲ့ကြသည်။
- SY နှင့် DDA တို့သည် ၂၀၁၉-ခုနှစ် မေလ၊ နယ်သာလန်နိုင်ငံ အမ်စတာဒမ်တွင်ပြုလုပ်ခဲ့သည့် IUCN NL ၏ "သဘာဝပတ်ဝန်းကျင်အရေးလှုပ်ရှားသူများ စီမံကိန်း ပိတ်သိမ်းပွဲ"[53] သို့ တက်ရောက်ခဲ့ကြသည်။
- မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားတို့မှ SRJS မိတ်ဘက်များ ပူးပေါင်းပြုလုပ်မည့် မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆန်းစစ်ချက် (SEA) နှင့် ဂျဲန်ဒါဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို လျာထားခဲ့သော်လည်း ကိုဗစ်ကာလကန့်သတ်ချက်များကြောင့် လုပ်ဆောင်နိုင်ခြင်းမရှိခဲ့ပါ။




*ပုံ-၃၅။ ၂၀၁၈-ခုနှစ် မေလအတွင်းကျင်းပခဲ့သည့် လူထုများ၊ ထိန်းသိမ်းရေးများနှင့် အသက်မွေးမှုများ ကွန်ဖရင့်ကို တွေ့ရစဉ်။ ဓါတ်ပုံ - IUCN-CEESP*




*ပုံ-၃၆။ 'သဘာဝပတ်ဝန်းကျင်အရေးလှုပ်ရှားသူများစီမံကိန်းပိတ်သိမ်းပွဲ' အမ်စတာဒမ်၊ နယ်သာလန်၊ မေလ ၂၀၁၉။ ဓါတ်ပုံ - IUCN NL*

# ၅။ အကန့်အသတ်များနှင့် စိန်ခေါ်မှုများ



ပုံ-၃၇။ CF ဧရိယာအတွင်း ကင်းလှည့်ချိန်ဖမ်းဆီးရမိသည့် သစ်လုံးများတင်ဆောင်ထားသည့် လှေတစ်စင်း။ ဓါတ်ပုံ - GN

# ၅.၁။ ပြင်ပ ပတ်ဝန်းကျင်

## ၅.၁.၁။ အရပ်ဘက်လှုပ်ရှားမှုဘောင်

ဒီမိုကရေစီအသွင်ကူးပြောင်းရေး အစောပိုင်းကာလအတွင်း အရပ်ဘက်လှုပ်ရှားမှုဘောင်များကျုံ့လာခြင်းသည် လူမှုအပြောင်းအလဲများအတွက် တွန်းအားပေးဆောင်ရွက်ရသည့် ကိစ္စများအပေါ် များစွာအကျိုးသက်ရောက်မှုဖြစ်စေသည်။ မြန်မာနိုင်ငံသည် ၂၀၁၀-ခုနှစ် နိုင်ငံရေးအသွင်ကူးပြောင်းမှုကို အရပ်သားတစ်ပိုင်းအစိုးရဖြစ်လာခဲ့ပြီး ၂၀၁၅-ခုနှစ်တွင် ရွေးကောက်တင်မြှောက်ခံအရပ်သား အစိုးရဖြစ်လာခဲ့သည်[54]။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအပေါ် မျှော်လင့်ချက်များစွာထားရှိခဲ့သော်လည်း လူ့အခွင့်အရေးလှုပ်ရှားသူများအား ပြစ်မှုပြစ်ဒဏ်တပ်ခြင်း၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆက်ဆံရေးကို လျော့ချခြင်း၊ အရပ်ဘက်အဖွဲ့အစည်းများ/ ဆက်စပ်သည့် နိုင်ငံတကာပံ့ပိုးမှုများကို ထိန်းချုပ်ရန်ကြိုးစားခြင်းစသည်တို့ဖြင့် အရပ်ဘက်လှုပ်ရှားမှုမှုဘောင်သည် ဆက်လက်ထိခိုက်ခံနေရဆဲဖြစ်သည်။

၂၀၂၀-ခုနှစ်အစောပိုင်းတွင် သဘာဝပတ်ဝန်းကျင်အရေး တက်ကြွလှုပ်ရှားသူတစ်ဦးအား တရားစွဲဆိုပြီး ညအချိန်စီးနင်းဝင်ရောက်၍ ဖမ်းဆီးရန်ကြိုးပမ်းသည့်ဖြစ်ရပ်တစ်ခုရှိခဲ့ပြီး ၎င်းသည် ကျောက်မီးသွေးသုံးဘိလပ်မြေစက်ရုံ၏ အကျိုးဆက်များမှ ရှောင်ရှားကာကွယ်နိုင်ရန် ဓလေ့အရပြုလုပ်သည့် ဆုတောင်းပွဲနှင့် ဆက်စပ်နေသည်ဟုလည်း သိရသည်[55]။ သဘာဝပတ်ဝန်းကျင်အရေး၊ လူ့အခွင့်အရေးလှုပ်ရှားသူများအား ခေတ်ဟောင်းမှဥပဒေများဖြင့်သော်လည်းကောင်း၊ အသစ်ရေးဆွဲပြဌာန်း၍သော်လည်းကောင်း[56] တရားစွဲဆိုခြင်းများက ဆက်လက် ကြုံတွေ့ရလျက်ရှိသည်။ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်မှုများနှင့် လူထုလှုပ်ရှားမှုများအားအကြမ်းဖက်ဖြိုခွင်းသည့် ဖြစ်ရပ်များစွာကို NLD အစိုးရလက်ထက်၌ပင် တွေ့ရှိရလျက်ရှိသည်။ အစိုးရနှင့် လွှတ်တော်သည် လွတ်လပ်စွာထုတ်ဖော်ခွင့်[57] နှင့် စုစည်းခွင့်များအား ဖိနှိပ်နေသည့်ဥပဒေမူဘောင်များကို ပြင်ဆင်ခြင်းမပြုသည့်အပြင် ၎င်းဥပဒေမူဘောင်များကို ဆက်လက်သုံးစွဲလျက်ရှိသည်။ SRJS မိတ်ဘက်အဖွဲ့များ လုပ်ငန်းဆောင်ရွက်ရာနေရာများတွင် လူထုလှုပ်ရှားမှုများကို အကြောင်းပြု၍ အသက်အန္တရာယ်ကိုခြိမ်းခြောက်ခံရသည့် ဖြစ်ရပ်များမတွေ့ရှိရသော်လည်း အဖွဲ့အစည်းများ တရားဝင်မှတ်ပုံတင်ခြားရှိမရှိ (သို့) အစိုးရ၏ တရားဝင်ခွင့်ပြုချက်ရှိမရှိ စသည့် အခြေအနေများအပေါ် မေးခွန်းထုတ်သည့် ကိစ္စရပ်များရှိခဲ့ပါသည်။

အသင်းအဖွဲ့ဥပဒေအရ မှတ်ပုံတင်ခြင်းကို မဖြစ်မနေလုပ်ရန် မလိုအပ်သော်လည်း မှတ်ပုံမတင်ထားသည့် အဖွဲ့အစည်းများအတွက် ရံပုံငွေရှာဖွေနိုင်သည့် ရင်းမြစ်များနည်းပါးပြီး၊ အရည်အသွေးမြှင့်သည့်ဝန်ထမ်းများအား ထိန်းထားရန်ခက်ခဲခြင်းစသည့် အခက်အခဲများ ကြုံတွေ့ရပါသည်။ ထို့အပြင် အဖွဲ့အစည်းမှတ်ပုံတင်ရေးလုပ်ငန်းစဉ်မှာ ရှုပ်ထွေးပြီး လူ့အခွင့်အရေးကာကွယ်သူများ၊ ဆက်စပ်လုပ်ငန်းဆောင်ရွက်သည့်အဖွဲ့များအတွက် ထောက်ကူပံ့ပိုးမှုရှိသော ရပ်ဝန်းများ မရှိနေပါ။ အဆိုးဆုံးတစ်ခုမှာ အသင်းအဖွဲ့ (သို့) အဖွဲ့အစည်း၏ အဓိပ္ပါယ်ကို ကန့်သတ်ခြင်းဖြစ်သည်။

## ၅.၁.၂။ မူဝါဒများနှင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များ

တိုင်းအတွင်း ဒီမိုကရေစီအလေ့အထများစတင်တွေ့ရှိလာရသော်လည်း လူ့အခွင့်အရေးကာကွယ်မြှင့်တင်ခြင်းဆိုင်ရာ ပိုမိုကောင်းမွန်သည့်မူဝါဒများ၊ ဥပဒေများမှာဖြစ်ပေါ်လာမှု နည်းပါးလျက်ရှိသည်။ မြေစီမံအုပ်ချုပ်မှု၊ သစ်တော/ဇီဝအမျိုးစုံလင်မှုများကိုကာကွယ်ခြင်း၊ ဓလေ့ထုံးတမ်းစနစ်ကျင့်သုံးနေသူများကို ကာကွယ်ပေးခြင်းများအတွက် ဥပဒေများသည် ဌာနေတိုင်းရင်းသား၊ သစ်တော၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဆိုင်ရာ တန်ဖိုး/အခြေခံမှုများဖြင့် ချဉ်းကပ်ထားခြင်းမဟုတ်ပဲစီမံအုပ်ချုပ်မှုရှုထောင့်မှ အစိတ်စိတ်ပိုင်းဖြတ်၍ ချဉ်းကပ်ရေးဆွဲထားခြင်းဖြစ်သည်။

(၂၀၁၀~၂၀၂၀) နိုင်ငံရေးအသွင်ကူးပြောင်းမှုကာလအတွင်း ဥပဒေကြမ်းအနည်းအကျဉ်းအတွက်သာ လူထုဆွေးနွေးမှုများတွေ့ရှိခဲ့ရပြီး အများစုမှာ အချိန်ကာလအကန့်အသတ်အတွင်း၊ ဖိတ်ကြားတက်ရောက်နိုင်သူအကန့်အသတ်အား ချပြခြင်းဖြင့် ဥပဒေများအားရေးဆွဲ အတည်ပြုခဲ့သည်။ SRJS မိတ်ဘက်များအပါအဝင် အရပ်ဘက်အဖွဲ့အစည်းများ၏ ကြိုးစားအားထုတ်မှုများဖြင့် တိုင်းဒေသကြီးအစိုးရ၊ လွှတ်တော်များ၏ အရပ်ဘက်အဖွဲ့အစည်းများ၏ ကျွမ်းကျင်မှုများအပေါ် ပိုမိုယုံကြည်လာစေသည့်အပြင် တရားဝင်လုပ်ငန်းစဉ်များအတွင်း လူထုဆွေးနွေးမှုများကိုလည်း ခေါ်ယူဆောင်ရွက်စေနိုင်ခဲ့သည်။ အခြားတစ်ဖက်တွင်လည်း လုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်လာသည့်တိုင် အပြီးသတ်ရလဒ်များသည် (ဥပမာ - အတည်ပြုမည့် မူဝါဒ/ဥပဒေများ) ပိုမိုကောင်းမွန်မည်၊ စိတ်ကျေနပ်ဖွယ်ဖြစ်မည်ဟု တိုက်ရိုက်အဓိပ္ပါယ်ရခြင်းမဟုတ်ပါ။ အကြောင်းရင်းများတွင် အောက်ပါ အခြေအနေများ ပါဝင်နေနိုင်သည်။

- ❖ တရားဝင်လုပ်ငန်းစဉ်များအတွင်း ဆုံးဖြတ်ချက်ချမည့်လမ်းစဉ်နှင့် အခွင့်အာဏာများမရှင်းလင်းခြင်း။ (ဆွေးနွေးချက်များအား မည်သို့ထည့်သွင်းမည်ဆိုသည်ကို မည်သူက ဆုံးဖြတ်သနည်း?)။ အများအားဖြင့် ဆွေးနွေးညှိနှိုင်းမှုများသည် စကားလုံးအသုံးအနှုန်း ပြင်ဆင်ခြင်းအတွက်သာတွေ့ရတတ်ပြီး ပိုမိုအနှစ်သာရရှိမှုများအတွက် ပြင်ဆင်နိုင်ခြင်းမျိုးကို မတွေ့ရပါ။ ဆွေးနွေးချက်များကို မည်သည့်စည်းမျဉ်းများဖြင့် ထည့်သွင်းမည်/ ငြင်းပယ်မည်ဟူသည့် သတ်မှတ်ချက်မျိုးကိုလည်း မတွေ့ရှိရပါ။
- ❖ ဥပဒေကြမ်းကော်မတီများနှင့် သက်ဆိုင်ရာ လွှတ်တော်တွင်းကော်မတီများ၌ ဥပဒေကြမ်းများ/အဆိုပြုပြင်ဆင်ချက်များကို ဥပဒေရေးဆွဲရေးလုပ်ထုံးလုပ်နည်းများနှင့် ညီမညီစစ်ဆေးရန်သာ တာဝန်ရှိကြပြီး သက်ဆိုင်ရာနယ်ပယ်အလိုက် အစိုးရအနေနှင့်လိုက်နာရမည့် နိုင်ငံတကာစံနှုန်းများ (အထူးသဖြင့်လူ့အခွင့်အရေးများ)၊ လူ/မြေ/သစ်တောများ၏ အမှတ်တကယ်တန်ဖိုးများနှင့်အညီ လိုက်လျောညီထွေမှုရှိ/မရှိအပေါ် ဆန်းစစ်ရန်တာဝန်များ မရှိနေပါ။ ထို့အတွက် ရှိနှင့်ပြီးသား ဥပဒေများနှင့်အညီဖြစ်ရေး၊ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအတွင်းမှ အခြေအနေများအပေါ်၌သာ ဆန်းစစ်ဆွေးနွေးကြသည်။
- ❖ အစိုးရဖွဲ့စည်းပုံအတွင်း အာဏာခွဲဝေမှုသည်လည်း (ဗဟိုနှင့် ပြည်နယ်များ) ဗဟိုချုပ်ကိုင်မှုအားကောင်းလျက်ရှိသည် - အထူးသဖြင့် သယံဇာတခွဲဝေရေးနှင့် စီမံအုပ်ချုပ်မှု။ သယံဇာတထုတ်ယူရန်(သို့)ဆီအုန်းစိုက်ပျိုးရန်အတွက် မြေပမာဏအမြောက်အများခွင့်ပြုပေးခြင်းကို ဗဟို(ပြည်ထောင်စု)အစိုးရက ပြုလုပ်ပြီး တိုင်းဒေသကြီးအစိုးရအနေနှင့် အဆိုပါခွင့်ပြုချက်အတွက် (ဗဟိုမှတောင်းခံလာပါက) သဘောထားမှတ်ချက်သာ ပေးနိုင်သည်။
- ❖ အထက်ပါအချက်များကြောင့် ဆုံးဖြတ်ခွင့်အာဏာနှင့် လုပ်ငန်းစဉ်များသည် (ဥပဒေရေးဆွဲခြင်းအပါအဝင်) ဗဟိုချုပ်ကိုင်မှုအားကောင်းလျက်ရှိပြီး လက်ရှိဖွဲ့စည်းပုံအောက်မှမူဝါဒပြောင်းလဲနိုင်ရေးအတွက် စိန်ခေါ်မှုများစွာရှိနေသည်။

## ၅.၁.၃။ ဥပဒေမူဘောင်နှင့် လွှမ်းခြုံထိရောက်မှု

မြေ/ဥအရ မြေသယံဇာတပိုင်ဆိုင်မှုနှင့် တည်ဆဲဥပဒေများအရ မြေမှတ်ပုံတင်ခြင်းများသည် ကိုယ်ပိုင်စည်းမျဉ်း၊ အလေ့အထများဖြင့် ရပ်ရွာလူထုများကိုယ်တိုင်သစ်တောများအားထိန်းသိမ်းစောင့်ရှောက်ခြင်းအတွက် အထောက်အကူမဖြစ်ပါ။ သာဓကတစ်ခုအနေနှင့် ထိန်ချောင်းအစုအဖွဲ့ပိုင်သစ်တောအတွက် ဝန်ကြီးဌာန ၃-ခုမှ (MONREC, MOALI နှင့် ပြည်ထဲရေး) ဦးစီးဌာန ၄-ခုနှင့် (သစ်တော၊ သစ်လုပ်ငန်း၊ စိုက်/မွေး/ဆည်နှင့် ထွေအုပ်)သက်ဆိုင်လျက်ရှိသည်။ ဝန်ကြီးဌာနတစ်ခုချင်းစီတွင် ၎င်းတို့ကိုယ်ပိုင်မူဝါဒများရှိနေပြီး မြေစီမံအုပ်ချုပ်မှုအတွက် ဥပဒေ/နည်းဥပဒေများ အသီးသီးကို ကိုင်စွဲကျင့်သုံးလျက်ရှိသည်။ တဖက်တွင်လည်း အဆိုပါနည်းဥပဒေများကို လုံလောက်စွာ အကောင်အထည်ဖော်နိုင်ခြင်းမရှိပေ။ ဥပမာ - ၂၀၁၉-သစ်တောနည်းဥပဒေနှင့် အစုအဖွဲ့ပိုင်သစ်တောဆိုင်ရာညွှန်ကြားချက်များအရ အစုအဖွဲ့ပိုင်သစ်တောများအတွင်း ရပ်ရွာလူထုစီမံခန့်ခွဲမှုအစီအစဉ်အရ သစ်ခုတ်ယူနိုင်ပြီး သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် စီးပွားဖြစ်သစ်ထုတ်နိုင်ကြောင်း ပါဝင်သည်[58]။ လက်တွေ့တွင်မူ အနှစ်(၂၀)ကြာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး CF များအတွင်း၌ပင် သစ်ထုတ်ခွင့်မပြုသည့်ကိစ္စများ ကချင်ပြည်နယ်မှဖြစ်ရပ်များကို လေ့လာခဲ့ရကြောင်း GN အဖွဲ့က သက်သေပြုထားသည်။ တနည်းအားဖြင့် တရားဝင်လက်မှတ် ရရှိထားသည့် CF များပင်လျှင် ၎င်းတို့၏ကြိုးစားအားထုတ်မှု

များအတွက် အသီးအပွင့်ကို မည်သည့်အချိန်တွင် မည်သို့ရရှိခံစားရမည်ဆိုသည်မှာ သေချာရေရာခြင်းမရှိသေးဟုပင် ဆိုနိုင်သည်။

သတ္တုနှင့်ဆီအုန်းလုပ်ငန်းများအတွက် လုပ်ငန်းလိုင်စင်/ခွင့်ပြုချက်ပေးရန် လူမှု-ပတ်ဝန်းကျင်အကျိုးဆက်ဆန်းစစ်မှုများ ကြိုတင်ပြုလုပ်၊ စီစဉ်ရေးဆွဲရန်လိုသည်။ "ရလဒ်များနှင့်အောင်မြင်မှုများ" အခန်းပါဖြစ်ရပ်များအရ တနင်္သာရီတိုင်းအတွင်းရှိ မည်သည့် သတ္တု/ဆီအုန်းကုမ္ပဏီကမျှ အမှန်တကယ်ဆန်းစစ်မှုများပြုလုပ်ခြင်း၊ လက်တွေ့ဆောင်ရွက်နိုင်သည့်အစီအစဉ်များချထားခြင်း (သို့) ၎င်းလုပ်ငန်းစဉ်များအတွက် (အနိမ့်ဆုံးအနေနှင့်) ရပ်ရွာလူထုနှင့်ဆွေးနွေးညှိနှိုင်းခြင်းများမပြုခဲ့ဟု ကောက်ချက်ချနိုင်သည်။ သတ္တုတူးဖော်ရေးကုမ္ပဏီများ ၎င်းတို့လိုက်နာသင့်သည့် CSR ဝတ္တရားများနှင့် လူမှုရေးအရ (သို့) ဘာသာရေးအရ လှူဒါန်းမှုများနှင့် ရောထွေးနေသည့်ကိစ္စများမှာလည်း ဥပဒေ/နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ မရှင်းမလင်းဖြစ်နေခြင်းကြောင့်လည်း[59] ဖြစ်နေနိုင်သည်။

ဆီအုန်းကုမ္ပဏီများသည် သစ်အမြောက်အများထုတ်ယူခြင်းမှ အကျိုးအမြတ်များစွာရရှိကြပြီး (တခါတရံတွင် သစ်တောပြန်လည်ထူထောင်ရေးစီမံကိန်းများအောက်မှ)၊ အမှန်တကယ်ဆီအုန်းစိုက်ခြင်းသည် ၎င်း၎င်းတို့ရယူထားသည့် နယ်မြေကိုဆက်လက်ထိန်းသိမ်းရန်နှင့် ချဲ့ထွင်နိုင်ရန်ဖြစ်သည်။ ကုမ္ပဏီနှင့်ရွာလူထုအကြား ပဋိပက္ခကိုဖြေရှင်းနိုင်ရေး မြေပုံရေးဆွဲသည့်လုပ်ငန်းစဉ်တစ်ခုမှ အတွေ့အကြုံအရ ဆီအုန်း ၁-ပင် ၂-ပင် ရှိနေသောအကွက်များကို စိုက်ပျိုးပြီးဇရိယာအဖြစ်သတ်မှတ်ထည့်သွင်းရန် တွန်းအားပေးသည့် အဖြစ်အပျက်များကို ကြားသိရသည်။ စီမံကိန်းခွင့်ပြုချက်ပေးရန် နည်းဥပဒေ/ညွှန်ကြားချက်များက ရှင်းလင်းမှုမရှိနေခြင်း၊ အမှန်တကယ် ကွင်းဆင်းစစ်ဆေးမှုမရှိခြင်းများ၏ သာဓကများပင်ဖြစ်သည်။[60]

သစ်တောနှင့် ဇီဝမျိုးစုံကာကွယ်ရေးဆိုင်ရာ တည်ဆဲဥပဒေများနှင့် (အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏) လက်ရှိစီမံကိန်းများ၏ ချဉ်းကပ်မှုများတွင် လူကို သစ်တော၊ သဘာဝပတ်ဝန်းကျင်တို့မှခွဲထုတ်သည့် ရှုမြင်ပုံနှင့် ပြင်ပမှကျွမ်းကျင်သူများ၏ တွန်းအားများဖြင့် ဒီဇိုင်းရေးဆွဲ အကောင်အထည်ဖော်လျက်ရှိသည်။ အကျိုးဆက်အနေနှင့် လက်တွေ့အကောင်အထည်ဖော်ရာ၌ ထိရောက်မှုမရှိခြင်း၊ ဌာနေတိုင်းရင်းသားလူထုများ၏ အခွင့်အရေးများကို ချိုးဖောက်ခြင်း၊ စစ်မှန်သည့် လူထုထိန်းသိမ်းရေးပုံစံများကို ဖိနှိမ်ပြီး 'သစ်တောကျူး'များအဖြစ် ပုံဖော်ခြင်း စသည်တို့ကို ကြုံတွေ့ရသည်။ ဖော်ပြပါအခြေအနေများအရ ဥပဒေမူဘောင်များအတွင်းတွင် ဌာနေတိုင်းရင်းသားအခွင့်အရေးများ၊ ဓလေ့ထုံးတမ်းစနစ်ကျင့်သုံးကြသည့်ရပ်ရွာလူထုများ၊ လူထုမြေယာအခွင့်အရေးများအတွက် လုံလောက်သည့် အသိအမှတ်ပြု ကာကွယ်ပေးမှုများမရှိနေသည့်အပြင် ၎င်းတို့၏ ဘိုးဘွားပိုင်မြေများအား ဆုံးရှုံးရစေခြင်း၊ အတင်းအဓမ္မရွှေ့ပြောင်းရစေခြင်း၊ ထာဝရ မြေမဲ့ယာမဲ့ဖြစ်စေခြင်းများကို ကြုံတွေ့ရသည်။ တဆက်တည်းမှာပင် မြေယာလက်ဝါးကြီးအုပ်မှုနှင့် မြေအမြောက်အများစုဆောင်းထားနိုင်မှုများကို ပံ့ပိုးပေးလျက်ရှိသည့် ဥပဒေမူဘောင်များ ဖြစ်လျက်ရှိသည်။

## ၅.၁.၄။ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု

တည်ဆဲမြေဥပဒေများသည် စက်မှုစီးပွားရေးလုပ်ငန်းများအတွက် ပံ့ပိုးအားပေးလျက်ရှိပြီး ယဉ်ကျေးမှုနှင့် ဌာနေတိုင်းရင်းသားအခွင့်အရေးများကို ထည့်သွင်းစဉ်းစားထားခြင်းမရှိပါ။[61] ဆီအုန်း(နှင့်ဖွံ့ဖြိုးရေးစီမံကိန်းကြီးများအတွက်) မြေအမြောက်အများချပေးခြင်း၊ သယံဇာတတူးဖော်ရေးအတွက် ခွင့်ပြုချက်ပေးခြင်း၊ သစ်တောကြိုးဝိုင်းသတ်မှတ်ခြင်းနှင့် ဇီဝမျိုးစုံကာကွယ်စောင့်ရှောက်ခြင်းများတွင် လက်တွေ့မြေအသုံးချမှုပုံစံများနှင့် စနစ်များကို ထည့်သွင်းစဉ်းစားခြင်းအလျဉ်းမရှိပါ။ တစ်ဖက်တွင်လည်း ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ စည်းမျဉ်းချိုးဖောက်မှုများအပေါ် လုံလောက်သည့်ကြီးကြပ်မှုများကိုလည်းမတွေ့ရပါ။ ရပ်ရွာလူထုများ၏ စဉ်ဆက်မပြတ်တွန်းအားပေးသည့်၊ တိုင်ကြားမှုများ မကြာခဏပြုလုပ်သည့် ကိစ္စရပ်များကိုသာ တုံ့ပြန်အရေးယူဆောင်ရွက်ခြင်းဖြစ်သည်။ 'တရားဥပဒေစိုးမိုးရေး' အတွက် ပုံမှန်စိစစ် အရေးယူဆောင်ရွက်ခြင်းမျိုးမဟုတ်ပေ။

မြေပြန်လည်ပေးအပ်ခြင်း၊ အစားထိုးပေးခြင်းကိစ္စများမှာလည်း မရေမရာသာရှိနေသေးသည်။ စီမံကိန်းမအောင်မြင်၍ မြေပြန်သိမ်းခြင်း၊ သစ်တောကြိုးဝိုင်းအဖြစ်မှ ပယ်ဖျက်ခြင်း၊ စစ်တပ်မြေပြန်လည်စွန့်လွှတ်ခြင်း (သို့) စုံစမ်းစစ်ဆေးကော်မတီမှ မြေပြန်လည်ပေးရန် ဆုံးဖြတ်ခြင်း -- စသည့်ကိစ္စရပ်များအားလုံးတွင် စွန့်လွှတ်မြေ

သည် မူရင်းပိုင်ရှင်ထံသို့ အလိုအလျောက်ရောက်ရှိသွားခြင်းမဟုတ်ပဲ 'အစိုးရက စီမံခွင့်ရှိသောမြေ' (State land) တနည်းအားဖြင့် ပြန်လည်လျှောက်ထားရယူနိုင်သောမြေအဖြစ် ပြောင်းလဲသွားသည်။ ၎င်းအခြေအနေတွင် စွန့်လွှတ်ခဲ့သည့် ကုမ္ပဏီကပြန်လည်လျှောက်ထားကြသည့်အခါ ပိုမိုရှုပ်ထွေးမှုများပင် ဖြစ်စေသည်။ သတ္တုနှင့်သစ်တောကဏ္ဍများအတွင်း ဥပဒေချိုးဖောက်မှုများအား အရေးယူဆောင်ရွက်ခြင်းများမှာလည်း တိုင်ကြားမှုအမြောက်အများပြုလုပ်သည့်အခါမှသာ (သို့) ပဋိပက္ခများဆိုးဝါးလာသည့်အချိန်မှသာ ပြုလုပ်သည်ကိုတွေ့ရသည်။ MMG ၏ အစီရင်ခံစာများအပေါ် ဆက်လက်အရေးယူဆောင်ရွက်သည့်ကိစ္စများကိုပင် ရပ်ရွာလူထုထံ အသိပေးပြောဆိုခြင်းမျိုးမရှိပေ။

ရောယှက်အုပ်ချုပ်မှုနယ်မြေများရှိ 'တရားဥပဒေစိုးမိုးရေး' ဆိုင်ရာကိစ္စရပ်များတွင် မတူကွဲပြားသည့်အခြေအနေများရှိပြီး ထိရှလွယ်အခြေအနေလည်းဖြစ်သည်။ အဆိုပါနယ်မြေဒေသများရှိ စီးပွားရေးလုပ်ငန်းများ၏ ပြုမူပုံများကို စောင့်ကြည့်နိုင်ရန် (သို့) စည်းကြပ်နိုင်ရန် ပိုမိုခက်ခဲပါသည်။ ဆီအုန်းလုပ်ငန်းများ၏ အလွန်အကျွံ သစ်ခုတ်ယူခြင်းနှင့်/သို့မဟုတ် သတ္တုလုပ်ကွက်များ၏ စွန့်ပစ်မြေ/ပစ္စည်းများကြောင့် ရပ်ရွာလူထုများ၏ ဥယျာဉ်ခြံများ၊ မြစ်ချောင်းများပျက်စီးရသည့်အခါ ရပ်ရွလူထုနှင့် အရပ်ဘက်အဖွဲ့အစည်းများအနေနှင့် ရနိုင်သည့်အချိတ်အဆက်မှန်သမျှထံ ထိတွေ့ကြိုးပမ်းကြရလေ့ရှိသည်။ ဓလေ့ထုံးတမ်းစနစ်အသုံးပြုလျက်ရှိကြသည့်ရပ်ရွာလူထုများအတွက်လည်း အလားတူပင်ဖြစ်သည်။ မြေနှင့် ဌာနေတိုင်းရင်းသားအခွင့်အရေးများရှုထောင့်မှ ကြည့်မည်ဆိုပါက ကေအဲန်ယူ၏ မြေမှတ်ပုံတင်သည် မြေပိုင်ဆိုင်မှုကိုခွင့်ပြုထားပြီး မြန်မာအစိုးရ၏မြေမှတ်ပုံတင်သည် အသုံးပြုခွင့်ကိုပေးထားသည်။ အကြီးစား ဖွံ့ဖြိုးရေးစီမံကိန်းများ၊ သတ္တုနှင့် ဆီအုန်းလုပ်ငန်းများအတွက် အလားအလာများရှိလာသည့်အခါ အုပ်ချုပ်မှုရောယှက်လျက်ရှိသည့်နယ်မြေများရှိ မြေပိုင်ဆိုင်မှုများအတွက်အာမခံချက်သည် ရပ်ရွာလူထုအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာစေသည်။

# ၅.၁.၅။ မိတ်ဘက်အဖွဲ့များ၏ လိုက်လျောညီထွေပြုမူမှု

ပြုပြင်ပြောင်းလဲရန်ခက်ခဲနေဆဲမူဝါဒများ၊ ကျယ်ပြန့်လာမှု အားနည်းနေသေးသော အရပ်ဘက်လူ့ပ်ရှားမှုဘောင်များနှင့် ဗဟိုချုပ်ကိုင်မှုအားကောင်းခြင်းများသည် လူမှုဘဝပြောင်းလဲရေးအတွက် ထောက်ကူပံ့ပိုးပါဝင်လျက်ရှိနေသည့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ရပ်ရွာလူထုများအပေါ် အကျိုးသက်ရောက်မှုကြီးမားသည်။ သို့သော် ပြုမူပုံများပြောင်းလဲလာခြင်း (ဒီမိုကရေစီအလေ့အထများ စတင်ကျင့်သုံးလာကြခြင်း) သည် နောင်တွင် ပိုမိုကောင်းမွန်သည့်မူဝါဒများပြောင်းလဲလာစေမည့် ကနဦးခြေလှမ်းဖြစ်သည်ဟုလည်း အပြုသဘောဖြင့် ရှုမြင်နိုင်ပါသည်။

အရပ်ဘက်လှုပ်ရှားမှုဘောင်များကို ထိန်းထားနိုင်ရန်အတွက် SRJS မိတ်ဘက်များအနေနှင့် ချဉ်းကပ်မှုပုံစံအမျိုးမျိုးဖြင့် ကြိုးစားလျက်ရှိသည်။ ဥပမာအားဖြင့် ချိတ်ဆက်တွန်းအားပေးရန် ရည်ရွယ်ချက်တူသည့် ရပ်ရွာလူအုပ်စုအသီးသီး၊ အဖွဲ့အစည်းအသီးသီးဖြင့် ပူးပေါင်းဆောင်ရွက်ကြခြင်း၊ (တိုင်းဒေသကြီးလွှတ်တော်နှင့် လုပ်ငန်းကဏ္ဍအလိုက် သက်ဆိုင်ရာဌာနများ) နှင့် ပူးပေါင်းဆောင်ရွက်ခြင်းများပါဝင်သည်။ ပူးပေါင်းဆောင်ရွက်မှုပုံစံအမျိုးမျိုးတွင် - လုပ်ငန်းများအတူတကွဆောင်ရွက်ခြင်းအပြင် ပေါင်းစည်းအားဖြင့် ချိတ်ဆက်တွန်းအားပေးခြင်း၊ ကဏ္ဍစုံစကားဝိုင်းများနှင့် စင်္ကြံများ အသက်ဝင်နေရန် ဆက်လက်ထိန်းထားခြင်း၊ မူဝါဒပြုပြင်ပြောင်းလဲရေးဆိုင်ရာ တရားဝင်လုပ်ငန်းစဉ်များအတွင်း ချိတ်ဆက်ပါဝင်ခြင်းနှင့် အခြားရွေးချယ်နိုင်သည့် နည်းလမ်းများပေါ်ထွက်လာစေရန် တိုက်တွန်းအားပေးခြင်း/ စေ့စော်ခြင်းများပါဝင်သည်။

# ၅.၂။ ရင်းမြစ်များနှင့် အဖွဲ့တွင်းစွမ်းရည်များ

SRJS မိတ်ဘက်အဖွဲ့များသည် ၎င်းတို့၏ဦးတည်နယ်မြေများအတွင်းခြုံငုံမိနိုင်ရေး၊ ၎င်းတို့ဦးတည်ဆောင်ရွက်သည့်ကဏ္ဍအတွင်း စဉ်ဆက်မပြတ်ထိစပ်နိုင်ရေး၊ အဖွဲ့အစည်းကိုယ်တိုင်၏ ရှင်သန်နိုင်ရေးတို့အတွက် ဘဏ္ဍာရေးနှင့် လူ့အရင်းအမြစ်အကန့်အသတ်များဖြင့် ဆောင်ရွက်လျက်ရှိနေကြသည်။ လူမှုဘဝအပြောင်းအလဲများအတွက် ချိတ်ဆက်တွန်းအားပေးရသည့်လုပ်ငန်းများတွင် ဆင့်ကဲလုပ်ဆောင်ရသည့်ကိစ္စများ တိုးပွားများပြားပြီး ချက်ချင်းလက်ငင်းအရေးယူ တုံ့ပြန်ရသည့်ကိစ္စများလည်း များပြားသည့်သဘာဝကိုတွေ့ရပါသည်။ ထို့အတွက် အချိန်စီမံခန့်ခွဲမှုနှင့် ဦးစားပေးလုပ်ငန်းများသတ်မှတ်ခြင်းသည် အလွန်အရေးကြီးသည်။ လူမှုဘဝအပြောင်းအလဲအတွက် ရည်ရွယ်သည့်လုပ်ငန်းများ (နှင့် လုပ်ငန်းကဏ္ဍအတွင်း ပြောင်းလဲမှုများ)၊ အဖွဲ့အစည်း၏ကိုယ်ပိုင်ရည်ရွယ်ချက်များ၊ လုပ်ငန်းအကောင်အထည်ဖော်မှု ထိရောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းများအကြား ထိန်းညှိနိုင်ရန် အလွန်အရေးကြီးပါသည်။ သို့မဟုတ်ပါက အရင်းအမြစ်ခန်းခြောက်သည့်ပြဿနာ၊ အဖွဲ့အစည်း၏ရှင်သန်ရေးဆိုင်ရာ ပြဿနာများကြုံတွေ့ရနိုင်သည်။

## ၅.၂.၁။ ရင်းမြစ်အကန့်အသတ်များ

SRJS မိတ်ဘက်အဖွဲ့များအနေနှင့်လည်း အရင်းအမြစ်အကန့်အသတ်များရှိသည့်အခြေအနေများကို ရင်ဆိုင်ရပါသည်။ အထူးသဖြင့် ဦးတည်လုပ်ငန်းကဏ္ဍများအတွင်း ထပ်ဆောင်းဆောင်ရွက်ရမည့် ကိစ္စများရှိလာသည့်အခါတွင်ဖြစ်သည်။ သာဓကတစ်ခုအနေနှင့် ယုဇနဆီအုန်းကုမ္ပဏီ၏ တရားစွဲဆိုခြင်းကိုခံရသည့်ချောင်းမွန်ငါးကျေးရွာ ဒေသခံများအတွက် ဥပဒေရေးရာအကူအညီပံ့ပိုးပေးရာ၌ ထပ်ဆောင်းကုန်ကျစရိတ်များရှိလာသည့်အခါ အခက်အခဲများကြုံတွေ့ခဲ့ရသည်။ GN ၏ သာဓကတစ်ခုမှာ ငါးလုပ်ငန်းကဏ္ဍအတွင်း စည်းကြပ်ထိန်းကျောင်းမှုများ ပိုမိုကောင်းမွန်လာရန်၊ လုပ်ငန်းအရွယ်အစားသတ်မှတ်ချက်များအကြား ပဋိပက္ခများလျော့ချနိုင်ရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်ဖော်ထုတ်နိုင်ရန် ကိစ္စများအတွက် ကဏ္ဍစုံချိတ်ဆက်ဆွေးနွေးမှုများအား ဆက်လက်တွန်းအားပေးနိုင်ရန်အတွက် အရင်းအမြစ်အကန့်အသတ်များ ကြုံတွေ့ခဲ့ရသည်။

SRJS မိတ်ဘက်များအားလုံးမှ တူညီသည့်အရင်းအမြစ်အကန့်အသတ်တစ်ခုမှာ လူ့အရင်းအမြစ်လည်းဖြစ်သည်။ မိတ်ဘက်များအားလုံးသည် ၎င်းတို့၏လုပ်ငန်းထိရောက်မှုအတွက် ကြိုးစားအားထုတ်ကြချိန်တွင် မြောက်များစွာသော ဆွေးနွေးညှိနှိုင်းမှုများ၊ အမျိုးမျိုးသော လုပ်ငန်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများအကြား အချိန်များစွာ မြှုပ်နှံရလျက်ရှိသည်။ အဆိုပါအခြေအနေတွင် ၎င်းတို့၏ အဖွဲ့တွင်းစီမံခန့်ခွဲမှုကိစ္စရပ်များအတွက်လည်း စီစဉ်ဆောင်ရွက်ကြရသည်။ (စီမံကိန်းလုပ်ငန်းများနှင့် ရုံးတွင်းလုပ်ငန်းများအတွက်) စီမံခန့်ခွဲမှုစနစ်များ၊ ဦးဆောင်သည့်ပုံစံများ၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းကိစ္စများ၊ လူ့အရင်းအမြစ်စီမံခန့်ခွဲမှုနှင့် အဖွဲ့၏ အနာဂတ်ခေါင်းဆောင်လျာထားချက်အစီအစဉ်များက အဖွဲ့များအားလုံးအတွက် အလွန်အရေးကြီးပါသည်။

SRJS မိတ်ဘက်များလိုအပ်သည့် ထပ်ဆောင်းလုပ်ငန်းများအတွက် ကုန်ကျစရိတ်များအား SRJS စီမံကိန်းစီမံခန့်ခွဲမှုများအတွင်းမှလည်းကောင်း၊ အဖွဲ့အသီးသီး၏အခြားသော ပူးပေါင်းဆောင်ရွက်မှုရပ်ဝန်းများမှလည်းကောင်း ရှာဖွေကြသည်။ SRJS စီမံကိန်းစီမံခန့်ခွဲမှုအတွင်း၌ မိတ်ဘက်အဖွဲ့များ၏ ဦးစားပေးလုပ်ငန်းများနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရမည့်ကိစ္စများအလိုက် ဘတ်ဂျက်လျာထားချက်ကို ပြုပြင်ပြောင်းလဲခွင့်ပြုထားသည်။ ထို့အပြင် လိုအပ်ပါက 'unforeseen budget' နှင့် 'opportunity fund' ကဲ့သို့သော ထပ်ဆောင်းရယူနိုင်သည့် ဘတ်ဂျက်အမျိုးအစားများကိုလည်း ပံ့ပိုးပေးထားသည်။ ရည်ရွယ်ထားသည့်ဦးတည်ချက်များနှင့်ကိုက်ညီသော်လည်း ကြိုတင်မှန်းဆထားခြင်းမပြုခဲ့သည့် ဦးစားပေးလုပ်ငန်းများရှိလာပါက အဆိုပါဘတ်ဂျက်များကို အသုံးပြုခွင့်ပေးခြင်းဖြစ်သည်။

## ၅.၂.၂။ အဖွဲ့တွင်းစွမ်းရည်များ

SRJS မိတ်ဘက်တစ်ဖွဲ့ချင်းစီသည် အဖွဲ့၏ဦးတည်ချက်နှင့် ရပ်ရွာလူထု ဖွံ့ဖြိုးရေးကိစ္စများအတွက် ယုံကြည်ခံစားချက်ဖြင့် တက်ကြွစွာဆောင်ရွက်ကြသည့် လူငယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ စနစ်ပိုင်းကိုအဓိကအခြေပြု၍ဖွဲ့စည်းထားခြင်းဆိုသည်ထက် လူအချင်းချင်းအကြားချိတ်ဆက်မှုကို ပို၍အခြေပြုသည့်ပုံစံလည်းဖြစ်သည်။ အဖွဲ့အစည်း၏ စီမံကိန်းနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုပိုင်း အတွေ့အကြုံများအရ ထားဝယ်အခြေစိုက်အဖွဲ့များတွင် မူဝါဒနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာ အတွေ့အကြုံများပိုမို ပြည့်စုံသည်ကိုတွေ့ရသည်။

စီစဉ်ရေးဆွဲခြင်း၊ ရန်ပုံငွေရှာဖွေခြင်း၊ စီမံခန့်ခွဲခြင်း၊ အစီရင်ခံစာရေးခြင်း၊ မှတ်တမ်းပြုခြင်း အစရှိသည့် အရည်အချင်းများနှင့်ပြည့်စုံသည့် ဝန်ထမ်းများကိုရှာဖွေနိုင်ရေးသည် မိတ်ဘက်အဖွဲ့များအတွက် (အထူးသဖြင့် ဘတ်ဂျက်မလုံလောက်သည့်ကာလများ၌) စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ထို့အတွက် အဖွဲ့အစည်းအတွင်းတွင် လေ့ကျင့်သင်ကြားပေးရန်သာဖြစ်ပြီး - လေ့ကျင့်ပြီးမြောက်ပြီးသည့် ဝန်ထမ်းများတည်မြဲရေးနိုင်ရေးကလည်း ထပ်ဆောင်းစိန်ခေါ်မှုပင်ဖြစ်သည်။

SRJS စီမံကိန်းကာလအတွင်း တစ်ဖွဲ့ချင်းစီ၏ စွမ်းဆောင်ရည်လိုအပ်ချက်များကို ပုံမှန်ဆန်းစစ်မှုများပြုလုပ်ပြီး အဖွဲ့အားလုံး၏ ဘုံလိုအပ်ချက်များအတွက် ပူးတွဲသင်တန်းများပြုလုပ်ခဲ့ကြသည်။ သို့သော် တစ်ဦးချင်း၏ အခြေခံကျွမ်းကျင်မှုများ (ဘာသာစကားနှင့် ကွန်ပြူတာကဲ့သို့)၊ အဖွဲ့တွင်းလုပ်ငန်းဆိုင်ရာကိစ္စများအတွက် လိုအပ်ချက်များ (ဘတ်ဂျက်ရေးဆွဲခြင်း၊ အစီရင်ခံစာရေးခြင်းနှင့် ဆက်သွယ်ဆက်ဆံခြင်းများ ကဲ့သို့) သည် လူတစ်ဦးချင်း၏ သင်ယူလေ့ကျင့်မှုနှင့် တစ်ဦးချင်းစီ၏ တာဝန်ယူမှုများနှင့် ပို၍သက်ဆိုင်ပြီး အဖွဲ့တစ်ခုလုံး၏ ပုံရိပ်အတွက်လည်း သက်ဆိုင်လျက်ရှိသည်။ IUCN-NL ၏ SRJS မိတ်ဘက်များနှင့် လက်တွဲဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ မိတ်ဘက်အဖွဲ့များအနေနှင့် ၎င်းတို့၏ မျှော်မှန်းချက်များ၊ ကြိုးစားအားထုတ်မှုများနှင့် ရလဒ်များကို ဆက်သွယ်ပြောဆိုကြရာ၌ အစီရင်ခံစာများအတွင်း ရေးသားဖော်ပြခြင်းထက် လူချင်းတွေ့ဆုံပြောဆိုရာ၌ ပို၍ တင်ပြနိုင်စွမ်းရှိသည်ဟု သိရသည်။

အစီရင်ခံတင်ပြခြင်းနှင့်ပတ်သက်သည့် စွမ်းဆောင်ရည်များတွင် စီမံကိန်း၏ လုပ်ဆောင်ချက်များကို မည်သို့တင်ပြမည်၊ မည်သည့်တွေ့ရှိချက်များက ရလဒ်များဖြစ်သည် စသည့် တင်ဆက်ပြနိုင်မှုလည်းပါဝင်သည်။ ရံဖန်ရံခါများ၌ ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်း (output) နှင့် ရလဒ်အကြား (outcome) ကွဲပြားမှုမရှိသည့် အခြေအနေများကိုလည်း မိတ်ဘက်အဖွဲ့များအကြားကြုံတွေ့ရသည်။ မြန်မာနိုင်ငံရှိ လက်ရှိနိုင်ငံရေးအသွင်ကူးပြောင်းမှုအခြေအနေအတွင်းတွင်လည်း ဆိုခဲ့ပါလုပ်ငန်းပြီးမြောက်မှုသည် (ဥပမာ-ပူးတွဲဆွေးနွေးပွဲဖြစ်မြောက်ခြင်း) ပြီးစီးလုပ်ငန်း (သို့) ရလဒ်အဖြစ် ခွဲခြားတင်ပြနိုင်ရန် မိတ်ဘက်အဖွဲ့များအတွက်ခက်ခဲမှုများကြုံတွေ့ရသည်လည်းရှိသည်။ ရလဒ်များရှာဖွေတွေ့ခြင်း(OH) နည်းလမ်းသည် စီမံကိန်းရလဒ်များအား မှတ်သားတင်ပြခြင်းအတွက် ဆိုခဲ့ပါပြဿနာများကို အထိုက်အလျောက်ဖြေရှင်းစေခဲ့သည်။

# ၅.၃။ အခြားအခက်အခဲများနှင့်စိန်ခေါ်မှုများ

## ၅.၃.၁။ ဇာတ်ကောင်အသီးသီးနှင့်အတူ လုပ်ငန်းဆောင်ရွက်ခြင်း

SRJS မိတ်ဘက်အဖွဲ့များ၏ ချိတ်ဆက်တွန်းအားပေးရေးလုပ်ငန်းအများစုသည် အစိုးရပိုင်း၊ မီဒီယာ၊ (ရုံဖန်ရုံခါများ၌ ပုဂ္ဂလိကကဏ္ဍ) များနှင့် ထိတွေ့ရသည်များ၊ ကဏ္ဍစုံ ဆွေးနွေးညှိနှိုင်းရေးစကြံ့ များမှတဆင့် ပူးပေါင်းဆောင်ရွက်ရသည်များ ကြုံတွေ့လေ့ရှိသည်။ လူမှုဘဝပြောင်းလဲမှုများအတွက် ဆောင်ရွက်ရသည့်ကိစ္စရပ်များ အောင်မြင်နိုင်ရေးအတွက် အဆိုပါ ပါဝင်နေသူအသီးသီးနှင့် (ဇာတ်ကောင်များနှင့်) ဆက်ဆံရေးများကို ထိန်းသိမ်းရန်လည်း အရေးကြီးသည်။ ထိုသို့ထိတွေ့ဆက်ဆံရာ၌ (အထူးသဖြင့် အစိုးရဌာနများနှင့် ထိတွေ့ဆက်ဆံခြင်း) ၎င်းတို့၏ အချိန်ပေးမှုနှင့် မဖြစ်မနေဆောင်ရွက်ရမည့်တွန်းအားများ (ဥပမာ - ဗဟိုအစိုးရ၏ လုပ်ငန်းစဉ်ဖြစ်ခြင်း သို့မဟုတ် နိုင်ငံ့အကြီးအကဲများ၏ တိုက်တွန်းအားပေးခြင်း) က အရပ်ဘက်အဖွဲ့အစည်းများအတွက် စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်သည်။

သာဓကတစ်ခုအရ သုံးပွင့်ဆိုင်ညှိနှိုင်းရေးအဖွဲ့၏ အတွင်းရေးမှူးအဖြစ် တာဝန်ယူထားသည့် ထွေ/အုပ်ဦးစီး၏ အစည်းအဝေးတက်ရောက်နိုင်ခြင်းများမရှိသည့်အခါ တိုင်းအဆင့်ကဏ္ဍစုံစကြံ့ အတွင်း အရေးယူဆောင်ရွက်ရမည့်ကိစ္စများ နှောင့်နှေးရသည့်အခြေအနေကို ကြုံတွေ့ကြရသည်။ အခြားသာဓကတစ်ခုမှာ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲရေးလုပ်ငန်းစဉ်အတွင်း ပါဝင်ခဲ့သည့် အဖွဲ့အသီးသီး အကြားတွင် ကိုယ်ပိုင်အချိန်ဇယားများညှိနိုင်ရေး ခက်ခဲသည့်အတွက် နှောင့်နှေးခဲ့ရမှုများဖြစ်သည်။

SRJS မိတ်ဘက်များသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကောင်းမွန်သည့်ဆက်ဆံရေးကိုတည်ဆောက်ထားနိုင်သော်လည်း ယေဘုယျအားဖြင့် အရပ်ဘက်လူပ်ရှားမှုဘောင်ကျုံ့လာခြင်းနှင့် အနိုင်ရပါတီ၏ အရပ်ဘက်အဖွဲ့အစည်းများနှင့်ဆက်ဆံရေးကိုကန့်သတ်ခြင်းများက[62] ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် များစွာစိန်ခေါ်မှုများဖြစ်စေသည်။ ထင်ရှားသည့်ဖြစ်ရပ်တစ်ခုမှာ DDA ၏ ရွေးကောက်ပွဲဆိုင်ရာကဲမ်ပိန်းအတွင်း သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတဆိုင်ရာ ကတိကဝတ်များအတွက် တွေ့ဆုံမေးမြန်းမှုတွင်ပါဝင်ပါမည်ဟု အတည်ပြုထားသော်လည်း အမှန်တကယ်ပါဝင်ခဲ့သည့် NLD အမတ်လောင်း (၂) ဦးသာရှိပါသည်။ မီဒီယာနှင့်ပူးတွဲဆောင်ရွက်ရာ၌လည်း အချိန်ဇယားများ ကိုက်ညှိရခြင်းနှင့် လိုအပ်သည့်ဆောင်းပါး/ကိစ္စရပ်ကို အချိန်မီဖော်ပြနိုင်ရေးများအတွက် စိန်ခေါ်မှုများစွာ ရှိခဲ့သည်။

## ၅.၃.၂။ ကိုဗစ်

SRJS စီမံကိန်းကာလနောက်ဆုံးနှစ်တွင် ကိုဗစ်ကူးစက်မှုများ ကပ်ရောဂါအသွင်ဖြစ်လာသည့်အခါ စီမံကိန်းလုပ်ငန်းများအပေါ်များစွာ အကျိုးသက်ရောက်မှုများရှိခဲ့သည်။ ကိုဗစ်ထိန်းချုပ်မှုဆိုင်ရာ ကနဦးကန့်သတ်ချက်များက ၂၀၂၀-ခုနှစ် မတ်လအတွင်းမှ စတင်ခဲ့ပြီး SRJS မိတ်ဘက်အဖွဲ့များ၏ အစီအစဉ်များ၊ လုပ်ငန်းများအားလုံးကို ရွှေ့ဆိုင်းရခြင်း/ပယ်ဖျက်ရခြင်းများ ပြုလုပ်ခဲ့ရသည်။ စီမံကိန်းစီမံခန့်ခွဲမှုပိုင်းအရ ဘတ်ဂျက်များပြင်ဆင်ရခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို အွန်လိုင်းပုံစံများဖြင့် ပြောင်းလဲရခြင်းများဖြင့် လိုက်လျောညီထွေဆောင်ရွက်ခဲ့ကြသည်။ IUCN-NL အနေနှင့်လည်း စီမံကိန်းကာလကို ၄-လ ထပ်မံတိုးမြှင့်ပေးခဲ့ပြီး SRJS မိတ်ဘက်များ ကိုဗစ်အခြေအနေအတွင်း လိုက်လျောညီထွေတုံ့ပြန်ဆောင်ရွက်နိုင်မည့် ထပ်ဆောင်းဘတ်ဂျက်များကို ပြင်ဆင်ခွင့်ပြုပေးခဲ့သည်။[63]




# ၆။ နိဂုံးနှင့် ဆက်လက်ဆောင်ရွက်ရန်များ

ပုံ-၃၈။ ထားဝယ်မြို့အနီး ပြင်ဆင်နေဆဲလမ်းပိုင်းတစ်နေရာကိုတွေ့ရစဉ်။ ဓါတ်ပုံ - ဇော်ထက်

# ၆.၁။ နိဂုံး

တနင်္သာရီတိုင်းဒေသကြီးအတွင်း ဌာနေတိုင်းရင်းသားရပ်ရွာလူထုများတွင် လူထုအခြေပြုအဖွဲ့များ၊ လူငယ်ခေါင်းဆောင်များ ပေါ်ထွက်လာနေပြီဖြစ်သည်။ ဌာနေအသိပညာနှင့် ထုံးတမ်းစဉ်လာအလေ့အထများကို မိတ်ဘက်အဖွဲ့အစည်းများ၏ နည်းပညာအကူအညီများဖြင့် ပိုမိုအားကောင်းလာစေပြီဖြစ်သည်။ ဤနည်းဖြင့်ပင် ဌာနေတိုင်းရင်းသား အခွင့်အရေးများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွင်း ၎င်းတို့၏အခန်းကဏ္ဍများအား ကာကွယ်မြှင့်တင်နေခြင်းပင်ဖြစ်သည်။ ရပ်ရွာလူထုများအားကောင်းလာခြင်းဖြင့် ပိုမိုကျယ်ပြန့်သည့် လူမှုဘဝအပြောင်းအလဲများနှင့် မူဝါဒအပြောင်းအလဲများအတွက် ချိတ်ဆက်တွန်းအားပေးနိုင်မည့် အင်အားများဖြစ်ထွန်းစေလျက်ရှိသည်။

SRJS စီမံကိန်းကာလအတွင်း မိတ်ဘက်အဖွဲ့များသည် ကဏ္ဍစုံစကားဝိုင်းများ၊ မိတ်ဖွဲ့ဆောင်ရွက်မှုများကို စတင်ခဲ့ခြင်းများရှိသကဲ့သို့၊ ရှိနှင့်ပြီးသား စင်္ကြံ များအား ဆက်လက်ထိန်းသိမ်းတွန်းအားပေးခြင်းများပြုလုပ်ခဲ့ကြပြီး အထူးသဖြင့် ဆီအုန်း၊ သတ္တု၊ သစ်တော၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးများနှင့် ဖွံ့ဖြိုးရေးကဏ္ဍများအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ များစွာသော ရလဒ်များ၊ အောင်မြင်မှုများ ဖြစ်ထွန်းခဲ့သကဲ့သို့ အဆိုပါရလဒ်များ တည်မြဲနိုင်ရေးနှင့် ဆင့်ပွားတွန်းအားပေးနိုင်ရေးများအတွက်လည်း လိုအပ်နေဆဲဖြစ်သည်။ ဆိုလိုသည်မှာ SRJS စီမံကိန်းရလဒ်များ (သို့) မိတ်ဘက်အဖွဲ့များ၏ ကြိုးစားအားထုတ်မှုများသည် ဤမျှနှင့် နိဂုံးတံသွားခြင်းမဟုတ်ပါ။ မြန်မာမိတ်ဘက်အဖွဲ့များအတွက် SRJS သည် တက်လှမ်းခဲ့ပြီးအဆင့်တစ်ဆင့်ဖြစ်သကဲ့သို့ လူမှုဘဝအပြောင်းအလဲများအတွက်၊ အဖွဲ့၏ ပိုမိုအားကောင်းလာရေးအတွက် ဆက်လက်ဆောင်ရွက်သွားကြမည်သာဖြစ်သည်။

မိတ်ဘက်အဖွဲ့များ၏ မျှော်မှန်းချက်လမ်းခရီးအတွင်း လိုအပ်သည့် နည်းလမ်းများ၊ ကျွမ်းကျင်မှုများနှင့် အတွေ့အကြုံများအတွက် အထောက်အကူများရရှိခဲ့သည့် အပြင် ယနေ့အချိန်အထိ ခူးဆွတ်ရရှိသည့် ရလဒ်များ၊ သုံးသပ်ချက်များကိုလည်း ပြုလုပ်နိုင်ခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ ချိတ်ဆက်တွန်းအားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် အစိုးရသက်တမ်းအသစ် (၂၀၂၁~၂၀၂၅ ခုနစ်) ကို ဦးတည်ရည်ရွယ်၍ မဟာဗျူဟာများရေးဆွဲဆောင်ရွက်နိုင်မည်ဖြစ်သည်။

အစိုးရသက်တမ်းအသစ်အတွက် အနိုင်ရပါတီမှာလည်း NLD ပင်ဖြစ်ရာ ရှိနှင့်ပြီး ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆွေးနွေးမှုလုပ်ငန်းစဉ်များအား ဆက်လက်၍ ထိန်းသိမ်းသွားနိုင်ရန် အကောင်းဆုံးအခြေအနေဖြစ်သည်။ အခြားတစ်ဖက်တွင် အရပ်ဘက်လူ့ပ်ရှားမှုဘောင် ကျယ်ပြန့်လာရေး၊ အစိုးရ၏ အရပ်ဘက်အဖွဲ့အစည်းများနှင့်ပူးပေါင်းမှုဆိုင်ရာသဘောထားများ ပိုမိုကောင်းမွန်မှုရှိလာရေး၊ သစ်တော/သယံဇာတထိန်းသိမ်းရေးနှင့် ဌာနေတိုင်းရင်းသားအရေးကိစ္စများအတွက် ကတိကဝတ်ပြုနိုင်မည့် အစိုးရပိုင်းမှ ပြုမူဆောင်ရွက်သူများ ပေါ်ထွက်လာရေးတို့သည် ပိုမိုခက်ခဲဆဲအခြေအနေလည်း ဖြစ်နေနိုင်သည်။ သို့ဖြစ်ရာ အစိုးရသက်တမ်းသစ်အတွင်း ဆောင်ရွက်ကြမည့် ချိတ်ဆက်တွန်းအားပေးရေးလုပ်ငန်းများသည် ၂၀၂၅ -အထွေထွေရွေးကောက်ပွဲကို ဦးတည်သည့်လုပ်ငန်းများဖြစ်ပါက ထိရောက်မည့် မဟာဗျူဟာတစ်ရပ်လည်း ဖြစ်နိုင်ပါသည်။

အထက်ပါသုံးသပ်ချက်များသည် NLD အစိုးရနှင့် ချိတ်ဆက်မှုဆိုင်ရာများအပေါ်တွင် အခြေခံခဲ့ခြင်းဖြစ်ပြီး ၂၀၂၁-ခုနစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့ စစ်တပ်၏အာဏာသိမ်းမှု မတိုင်မီ အထိသာဖြစ်သည်။

# ၆.၂။ ဆက်လက်ဆောင်ရွက်ရန်များ

## ၆.၂.၁။ ရလဒ်များအား ရေရှည်တည်တံ့စေခြင်း

ရပ်ရွာလူထုများအားကောင်းရေးနှင့် လူငယ်ခေါင်းဆောင်များ၏စွမ်းဆောင်ရည် မြှင့်တင်ခြင်းများသည် လူမှုပြောင်းလဲမှုများကို အမှန်တကယ်ဖြစ်စေသည့်အပြင် ရလဒ်များရေရှည်တည်တံ့ရေးအတွက်လည်း လိုအပ်သည့်ဖြစ်ရာ အဆိုပါလုပ်ငန်း များကိုဆက်လက်ဆောင်ရွက်သင့်သည်။ ရပ်ရွာလူထုများ၏တုံ့ပြန်နိုင်စွမ်းအတွက် ဖြည့်ဆည်းပေးခြင်း၊ မြှင့်တင်ဆောင်ရွက်ပေးခြင်းများသည် ဇဟုသုတဝေမျှရုံထက် အမှန်တကယ်ဆောင်ရွက်နိုင်သည်အထိ ပံ့ပိုးသင့်သည်။

တပြိုင်တည်းတွင် ရပ်ရွာအခြေပြုအဖွဲ့များသည် ကောင်းမွန်စွာလည်ပတ်နိုင်သည့် အပြင် ကိုယ်တိုင်ရပ်တည်နိုင်စွမ်းရှိရမည်ဖြစ်သည်။ သတ္တုကဏ္ဍ၊ အစုအဖွဲ့ပိုင် သစ်တောများနှင့် ရပ်ရွာဖွံ့ဖြိုးရေးဆိုင်ရာရပ်ရွာအစုအဖွဲ့များမှာ လက်ရှိတွင် ဆိုင်ရာ လုပ်ငန်းများကို လည်ပတ်နိုင်နေပြီဖြစ်သည်။ MMGs၊ သစ်တောအသုံးပြုသူများ အသင်းနှင့် အစုအဖွဲ့ပိုင်သစ်တောထိန်းသိမ်းရေးအဖွဲ့များကဲ့သို့ ၎င်းတို့၏လုပ်ငန်း ဆောင်ရွက်မှုများအတွက် ခရီးသွားလာစရိတ်များအသုံးပြုရသည့်အဖွဲ့များအတွက် ကိုယ်တိုင်ရပ်တည်နိုင်စွမ်းရှိရေးအတွက်လည်း ကြိုးပမ်းသင့်သည်။ ရပ်ရွာအခြေပြု အဖွဲ့များကို ပံ့ပိုးပေးသည့် ကျွမ်းကျင်မှုသင်တန်းများ (ဥပမာ - ဝင်ငွေရလုပ်ငန်း အတွက် ပေးသည့်သင်တန်း) သည် အဖွဲ့၏လုပ်ငန်းများအား ဆက်လက်ပံ့ပိုးနိုင် ရေးအတွက် အထောက်အကူဖြစ်သော်လည်း အဆိုပါလုပ်ငန်းရွေးချယ်မှုများသည် အဖွဲ့များ၏ ရွေးချယ်မှုဖြစ်ရန်လိုသည့်အပြင် အဖွဲ့ဝင်များအပေါ်၌ ထပ်ဆောင်း ဖိအားများမဖြစ်စေသင့်ပါ။

ရပ်ရွာအခြေပြုအဖွဲ့များအနေနှင့် ၎င်းတို့၏ လုပ်ရှားမှုအဟုန်နှင့် တက်ကြွမှုများကို ထိန်းထားနိုင်မည့် လုပ်ငန်းဆန်းသစ်မှုများ လိုအပ်သည်။ ဤနည်းဖြင့် ရပ်ရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာပြဿနာများ၊ အခွင့်အရေးဆိုင်ရာကိစ္စရပ်များအတွက် တောင်းဆို ရာ၌ ပိုမိုထိရောက်သည့်နည်းလမ်းများ၊ ချဉ်းကပ်မှုများ ဖြစ်ထွန်းစေသည့်အပြင် အဖွဲ့ဝင်များ၏ စိတ်အားထက်သန်မှုကိုထိန်းထားနိုင်ပြီး ရပ်ရွာလူထု၏ ယုံကြည် အားကိုးမှုများကို ရရှိစေမည်ဖြစ်သည်။

ရပ်ရွာအဖွဲ့အတွင်းဦးဆောင်မှုကဏ္ဍများ၌ အမျိုးသမီးများနှင့် လူငယ်များပါဝင်မှု သည်လည်းအလွန်အရေးကြီးပါသည်။ တက်ကြွ၍ ရဲရင့်သောဆုံးဖြတ်ချက်များဖြင့် ပေါ်ထွက်လာသည့်အဖွဲ့များတွင် လူငယ်အများစု (သို့) လူငယ်ဦးဆောင်မှု ပါဝင် လျက်ရှိသည်ကို SRJS မိတ်ဘက်များ၏ အဝန်းအဝိုင်းအတွင်း တွေ့ရှိနိုင်သည်။ SRJS မိတ်ဘက်များ၏ လုပ်ငန်းဆောင်ရွက်မှုများအတွင်း ဂျဲန်ဒါအရေးနှင့် အမျိုး သမီးဦးဆောင်မှုများအား ပိုမိုအလေးထားလျက်ရှိသည်ကိုတွေ့ရသည်။ SRJS မိတ်ဘက်အဖွဲ့များအတွင်းမှ ဆုံးဖြတ်ချက်ချမှုလုပ်ငန်းများ၌လည်း အမျိုးသမီးများ နှင့် လူငယ်များ၏အခန်းကဏ္ဍများကို ဆက်လက်မြှင့်တင်သွားရန် လိုအပ်ပါသည်။

## ၆.၂.၂။ ရှေ့ဆက်ချိတ်ဆက်ခြင်း

SRJS မိတ်ဘက်များသည် ကဏ္ဍစုံဆွေးနွေးညှိနှိုင်းမှုဆိုင်ရာစကြာ်များ၊ စောင့်ကြည့် ရေးယန္တရားများနှင့် ပတ်သက်၍ ရှင်းလင်းသည့် လျာထားချက်များ (milestones) ချမှတ်ထားရန်လိုသည်။ သို့မှသာ ရပ်ရွာလူထုအပါအဝင် ပါဝင်ပတ်သက်နေသူ များ၏ အဆိုပါယန္တရားများအပေါ် ယုံကြည်မှုကို ထိန်းထားနိုင်မည်ဖြစ်ပြီး ထိရောက် အောင်မြင်နိုင်မည်ဖြစ်သည်။

ချိတ်ဆက်တွန်းအားပေးသည့်ချဉ်းကပ်မှုများက အစိုးရပိုင်းမှဆောင်ရွက်သူများ၏ ယုံကြည်မှုနှင့် လူထုအပေါ်တာဝန်ခံမှုများကို ထောက်ကူလှုံ့ဆော်ပေးသည့်ပုံစံများ ဖြစ်သင့်သည်။ အစိုးရပိုင်းအနေနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုလာကြပြီး ရှုမြင်ပုံများပြောင်းလဲလာကြပြီဖြစ်သော်လည်း အဆိုပါ ပြောင်းလဲမှုများသည် မဲဆန္ဒနယ်များအပေါ် တာဝန်ခံခြင်းမျိုးထက် ဇဟိုအစိုးရ၏

လွှမ်းမိုးမှု၌သာ မှီတည်နေဆဲဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ တာဝန်အရ အဆိုပါ ဒီမိုကရေစီစံနှုန်းများကို ချိန်ညှိပေးရန်လည်းလိုအပ်သည်။

တိုင်းအတွင်းလူမှုဘဝပြောင်းလဲရေးလုပ်ရှားမှုများ၊ လုပ်ငန်းများသည် အမျိုးသားအဆင့် (နိုင်ငံအဆင့်)နှင့် နိုင်ငံတကာ လှုပ်ရှားမှုများနှင့် ဗျူဟာမြောက်ချိတ်ဆက်ရန်လိုသည်။ ထိုသို့ချိတ်ဆက်ခြင်းဖြင့် ကြိုးစားအားထုတ်မှုများ၏ထုထည်ကို ပိုမိုတိုးမြှင့်နိုင်ပြီး အနာဂတ်ကာလအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများ၊ အရင်းအမြစ်ရှာဖွေနိုင်ခြင်းများနှင့် ချိတ်ဆက်တွန်းအားပေးလျက်ရှိသည့် လုပ်ငန်းကဏ္ဍအတွင်း အသိအမှတ်ပြုခံရမှုများ ပိုမိုတိုးပွားနိုင်မည်ဖြစ်သည်။

SRJS စီမံကိန်းဘောင်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အဖွဲ့များအား ဦးတည်ထားသည့် လျာထားချက်များပါဝင်သော်လည်း မိတ်ဘက်အဖွဲ့များ၏ ချိတ်ဆက်တွန်းအားပေးသည့်လုပ်ငန်းများသည် အလှူရှင်အဖွဲ့များနှင့် နိုင်ငံတကာအဖွဲ့အစည်းများကို ဦးတည်ဆောင်ရွက်ခြင်းများမပါဝင်ခဲ့ပါ။ အဆိုပြု အမျိုးသားညယျာဉ်စီမံကိန်းနှင့် R2R စီမံကိန်းဆိုင်ရာ လူထုလှုပ်ရှားမှုများ၌ အစိုးရပိုင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများအား ဦးတည်တွန်းအားပေးခဲ့ခြင်း ဖြစ်သကဲ့သို့ပင် အလှူရှင်များ၊ နိုင်ငံတကာရပ်ဝန်းများကို တွန်းအားပေးမည့် လျာထားချက်များ ပိုမိုထားရှိသင့်သည်။

## ၆.၂.၃။ ပြောင်းလဲနေသည့်ရပ်ဝန်းအလိုက် ပြုပြင်ပြောင်းလဲခြင်း

စဉ်ဆက်မပြတ်ပြောင်းလဲလျက်ရှိသည့် ပတ်ဝန်းကျင်၊ အဖွဲ့တွင်းစီမံခန့်ခွဲမှု၊ အဖွဲ့ပြင်ပဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ထိရောက်မှုရှိသော ချိတ်ဆက်တွန်းအားပေးရေး စသည့် အခြေအနေများအတွက် အရပ်ဘက်အဖွဲ့များ၏ လိုက်လျောညီထွေဖြစ်မှုသည် အဓိကကျပါသည်။ အစိုးရသက်တမ်းအသစ်၏ ၅-နှစ်တာကာလအတွင်း ချိတ်ဆက်တွန်းအားပေးရန် ချဉ်းကပ်မှုများ၊ ဗျူဟာများကို ပြင်ဆင်နိုင်မည့် အချိန်ကာလဖြစ်ခြင်းကလည်း SRJS မိတ်ဘက်အဖွဲ့များအတွက် အခွင့်အလမ်းပင်ဖြစ်သည်။ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းဆဲ ကနဦးကာလ၌ စစ်အုပ်ချုပ်ရေးကာလများမှ နစ်နာခဲ့ရမှုများ၊ နာကျည်းခဲ့ရမှုများ ကျန်ရှိနေဆဲဖြစ်သည့်အပြင် စီးပွားရေးနှင့် ဖွံ့ဖြိုးရေးတွန်းအားများ၏ စိန်ခေါ်မှုများကိုလည်း ကြုံတွေ့နေရပြီဖြစ်သည်။ စီမံကိန်းများစီစဉ်ရေးဆွဲ အကောင်အထည်ဖော်ခြင်း (သို့) အဓိပ္ပါယ်ပြည့်ဝပြီး လူထုပါဝင်မှုရှိသည့် ဆုံးဖြတ်ခွင့်များအား ကာကွယ်မြှင့်တင်ရာ၌ အဆိုပါ အခင်းအကျင်းများကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။

နယ်မြေဖြန့်ကျက်မှုအတွေ့အကြုံ၊ ချိတ်ဆက်တွန်းအားပေးနေသည့် လုပ်ငန်းကဏ္ဍအတွင်း ကျွမ်းကျင်မှု၊ ပေါင်းစည်းထားသည့် လုပ်ငန်းများ၊ ခိုင်မာသည့် စီမံခန့်ခွဲမှု၊ အမျှော်အမြင်ရှိသည့် ဦးတည်ချက်နှင့် ရှင်းလင်းသည့် လမ်းညွှန်ချက်များသည် အရပ်ဘက်အဖွဲ့အစည်းများအတွက် မရှိမဖြစ်လိုအပ်သည့်အချက်များဖြစ်သည်။ ထို့အပြင် သတင်းနည်းပညာခေတ်တွင် အိုင်တီနည်းပညာများကို ထိရောက်စွာ အသုံးချနိုင်ခြင်းသည်လည်း အားသာချက်ပင်ဖြစ်သည်။ တယ်လီကွန်းလုပ်ငန်းကဏ္ဍဆိုင်ရာ ဖြေလျှော့မှုများပြုလုပ်ပြီးနောက်ပိုင်း (လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း) မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုမှု၊ ဆက်စပ်သည့် ဆက်သွယ်ဆက်ဆံရေးလမ်းကြောင်းအသုံးပြုမှုများ မြှင့်တက်လာခဲ့သည်။ စက်ပစ္စည်းများ (ဂျီပီအက်စ်ကိရိယာများ၊ ကွန်ပြူတာများ၊ ရုပ်သံစက်များနှင့် ဒရုန်းများ ကဲ့သို့)၊ အီလက်ထရောနစ်စနစ်များ (အွန်လိုင်းဘဏ်စနစ်၊ အွန်လိုင်းဆက်သွယ်ရေး၊ အွန်လိုင်းမှအစီရင်ခံတင်ပြခြင်းစနစ်များကဲ့သို့)၊ အချက်အလက်စီမံခန့်ခွဲမှုစနစ်များ (မြေပုံရေးဆွဲထိန်းသိမ်းခြင်း၊ အချက်အလက်ကောက်ယူခြင်းနှင့် ဆန်းစစ်ခြင်းများ ကဲ့သို့) တိုးတက်လာပြီဖြစ်သည်။ (SRJS မိတ်ဘက်များအပါအဝင်) များစွာသော အရပ်ဘက်အဖွဲ့အစည်းများအနေနှင့် နည်းပညာအားသာချက်များမှ အစိတ်အပိုင်းအနည်းငယ်ကိုသာ အသုံးပြုလျက်ရှိနေသေးသည်။ အနာဂတ်စီမံကိန်းပုံစံများ၊ လုပ်ငန်းများအတွင်း ထိရောက်၍ လုံခြုံသော အချက်အလက်စီမံခန့်ခွဲမှုစနစ်များ၊ ဆက်သွယ်ဆက်ဆံရေးနည်းလမ်းများအပါအဝင် နည်းပညာအားသာချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။

လိုက်လျောညီထွေဖြစ်မှုသည် အဖွဲ့၏ ရှင်သန်ရပ်တည်ရေးအတွက်လည်း အလွန်အရေးကြီးပါသည်။ တိုင်းအတွင်း ချိတ်ဆက်တွန်းအားပေးရေးအတွေ့အကြုံများ တိုးပွားလာခြင်းသည် တန်ဖိုးတစ်ခုဖြစ်လာသကဲ့သို့ အဖွဲ့တစ်ဖွဲ့ချင်း (သို့မဟုတ် ခေါင်းဆောင်တစ်ဦး) အပေါ်တွင် များမြောင်လှသော တာဝန်များကျရောက်လာ

တတ်ပါသည်။ ကောင်မွန်သောကြိုတင်စီစဉ်မှုများနှင့် ထိရောက်သော စီမံခန့်ခွဲမှု မရှိပါက (အချိန်၊ ဘဏ္ဍာ၊ လူ) အရင်းအမြစ်များ ခမ်းခြောက်ကုန်ဆုံးလွယ်မည် ဖြစ်သည်။ ရှင်းလင်းပြတ်သားသော ရှုမြင်ချက်များ/လမ်းညွှန်ချက်များ၊ ဦးစားပေး လုပ်ငန်းများ၊ လုပ်ငန်းတာဝန်ခွဲဝေမှုများ၊ အဖွဲ့တွင်းလေ့ကျင့်သင်ကြားမှုများ၊ ဆက်ခံသူ (ခေါင်းဆောင်အသစ်) စီစဉ်မွေးထုတ်ခြင်းများဖြင့် ထိရောက်စွာ စီမံခန့်ခွဲနိုင်မည်ဖြစ်သည်။ စဉ်ဆက်မပြတ်ပြောင်းလဲနေသည့် လူမှု-နိုင်ငံရေးရပ်ဝန်း အတွင်း အလျင်အမြန် ပြန်လည်တုံ့ပြန်နိုင်ခြင်း၊ အရင်းအမြစ်များ၏ (ဘဏ္ဍာရေး၊ နည်းပညာ စသဖြင့်) ရင်းမြစ်များကို ဖြန့်ကျက်ထားခြင်း၊ ပွင့်လင်းစွာဆက်သွယ် ဆက်ဆံခြင်းများက အားသာချက်များဖြစ်လာနိုင်ပါသည်။ ပွင့်လင်းစွာဆက်သွယ် ဆက်ဆံရေးတွင် အဖွဲ့၏မျှော်မှန်းချက်များ၊ ဆောင်ရွက်ချက်များအား အဖွဲ့တွင်း၌ သာမက ပြင်ပဆက်ဆံရေးများအတွက် ထိရောက်စွာပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ပါသည်။



**ပုံ-၃၉။ ရွှေ့ပြောင်းတောင်ယာအတွင်း စပါးကြဲနေသည့်အမျိုးတစ်ဦး။**
**ဓါတ်ပုံ - SY**



ပုံ-၄၀။ တနင်္သာရီတိုင်းအတွင်းမှ သတ္တုလုပ်ကွက်တစ်နေရာ။ ဓါတ်ပုံ - DDA

# နောက်ဆက်တွဲများ



ပုံ-၄၁။ ၂၀၁၉-ခုနှစ်ဖေဖော်ဝါရီလအတွင်း ထိန်ချောင်းကျေးရွာသို့ ကွင်းဆင်းခရီးစဉ်ပြုလုပ်ခဲ့သည့် IUCN-NL နှင့် SRJS မြန်မာ မိတ်ဘက် အဖွဲ့များ။ ဓါတ်ပုံ - GN

# နောက်ဆက်တွဲ-၁။ မိတ်ဘက်အဖွဲ့များအကြောင်း

## Green Network Mergui Archipelago

၂၀၁၂-ခုနှစ် နိုဝင်ဘာလတွင် Green Network Mergui Archipelago အဖွဲ့သည် EITI (Extractive Industries Transparency Initiative) ကို အကြောင်းပြုပြီး အကျိုးအမြတ်မယူသော ကျေးလက်လူထုအခြေပြုလှုပ်ရှားသူများနှင့်စတင်ဖွဲ့စည်းခဲ့ပြီး လက်ရှိဒါရိုက်တာတာဝန်ထမ်းဆောင်နေသည့် ဦးပိုအင်မှ ဦးဆောင်လျက်ရှိသည်။ ၎င်းအသင်းအဖွဲ့မထူထောင်မီ ၂၀၁၂-ဇွန်လ၌ IFI Watch Myanmar[64] ၏ အဖွဲ့ဝင်ဖြစ်ပြီး IFI Watch (Kyun Su) တာဝန်ခံအဖြစ် ဆောင်ရွက်ပြီး ကျွန်းစုမြို့နယ်အခြေစိုက် ဒေသခံစေတနာ့ဝန်ထမ်းအဖြစ် လူထုဗဟိုပြုစီမံကိန်း လေ့လာစောင့်ကြည့်သုံးသပ်ခြင်း၊ အကြံပြုခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်မှစတင်၍ IUCN-NL နှင့် ဆက်လက်၍ လက်တွဲလုပ်ဆောင်ခဲ့ပါသည်။ သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဥပဒေရေးရာ၊ ဌာနေတိုင်းရင်းသားများရေးရာနှင့် သဘာဝသယံဇာတရေးရာများကို ဒေသတွင်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ ဒေသအရေးဆောင်ရွက်နေသော အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်၍ ဒေသအရေးကိစ္စရပ်များကို အတူတကွချိတ်ဆက်ဆောင်ရွက်ရန်အတွက် SRJS အစီအစဉ်တွင် လက်တွဲပါဝင်ရခြင်းဖြစ်ပါသည်။

### ရည်မှန်းချက်ပန်းတိုင်

လူသားများနှင့်တကွ ဇီဝမျိုးစုံမျိုးကွဲ စသော မျိုးနွယ်စုရှင်သန်နေသည့် ဂေဟာစနစ်များရေရှည်ဖွံ့ဖြိုးတိုးတက်၍ အစိမ်းရောင်စီးပွားရေးစနစ် ဖြစ်ထွန်းစေမည့် သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်ဖြစ်လာရေး။

### အခြေခံရည်ရွယ်ချက်များ

(က) သဘာဝ ပတ်ဝန်းကျင်နှင့် သယံဇာတများ မပျက်သုဉ်းသည့် အစိမ်းရောင် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်၊ တာဝန်နှင့်ရပိုင်ခွင့်ညီတူညီမျှခံစားနိုင်ရေး အသိပညာပေးခြင်း၊ လေ့ကျင့်သင်ကြားခြင်း၊ စည်းရုံးခြင်းစီမံခြင်းများ ဆောင်ရွက်ရန်။

(ခ) ကမ်းရိုးတန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလူထုစားဝတ်နေရေး အလုပ်အကိုင် အခွင့်အလမ်းရှိရေး ကြိုးပမ်းဆောင်ရွက်ရန်။

(ဂ) အရင်းအမြစ်များရေရှည်ဖွံ့ဖြိုးတိုတက်ရေးနှင့် တန်ဖိုးမြင့်ကုန်များ ထုတ်လုပ်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိသော ပြည်တွင်းပြည်ပ INGOs, NGOs, CSOs များနှင့်ချိတ်ဆက်ပြီး ဒေသတွင်း စီးပွားရေး၊ လူမှုရေး မြှင့်တင်လာစေရေး ဆောင်ရွက်ရန် ။

### SRJS အစီအစဉ်အနေဖြင့်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ

- ❖ သစ်တောသယံဇာတများ (ဒီရေတော၊ တောင်ပေါ်ရေဝေရေလဲတော)၊ ရေသယံဇာယတများနှင့် သဘာဝသယံဇာတများကို ရေရှည်တည်တံ့နိုင်ရေးနှင့် ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ဒေသခံရပ်ရွာလူထုများအား အသင်းအဖွဲ့များ ထူထောင်ပေးခြင်း၊ အသိပညာပေးအမြင်ဖွင့်ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ပုံမှန်အစည်းအဝေးများပြုလုပ်ခြင်းနှင့်သင်တန်းများပြုလုပ်ပေးခြင်း။ (ဥပမာ - ဒေသခံ အစုအဖွဲ့ပိုင်သစ်တောအသင်း၊ သစ်တောအသုံးပြုသူများ အသင်း၊ ရေလုပ်သားမိတ်ဖက်အဖွဲ့၊ သတ္တုမိုင်းစောင့်ကြည့်ရေးအဖွဲ့)
- ❖ ထိန်းသိမ်းကာကွယ်ထားသော ဒီရေတောများအတွင်း ပျိုးပင်ချခြင်းနှင့် အပင်စိုက်ခြင်း (ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ အစားထိုးစိုက်ပျိုးခြင်း) နှင့် စောင့်ကြည့်ကင်းလှည့်ခြင်း။
- ❖ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်သူလွှတ်တော်၊ အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များနှင့် ဒေသခံလူထုများ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပေးခြင်း။

## မြိတ်ရှေ့နေများကွန်ရက် (Myeik Lawyers Network)

မြိတ်ရှေ့နေများကွန်ရက်ကို ၂၀၁၃-ခုနှစ်တွင် ရှေ့နေ(၇)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ ဒေသအတွင်း မတရားမြေသိမ်းခံရသည့် ပြဿနာများ၊ အမျိုးသမီး၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာပြဿနာများ စသည်တို့ကို ဥပဒေကြောင်းအရ အကြံပေးခြင်း၊ အကူအညီပေးခြင်းများအပြင် လိုအပ်ပါက အမှုလိုက်ပါကူညီ ဆောင်ရွက်ပေးလျှက်ရှိပါသည်။ (MSPP,ASIA WORLD, MAC, SURISUBAN) ကုမ္ပဏီများမှ မတရား မြေယာသိမ်းယူခြင်းများတွင် မြိတ်ရှေ့နေများကွန်ရက်ဖွဲ့ဝင် ရှေ့နေများမှ ဥပဒေကြောင်းအရ ကူညီလိုက်ပါဆောင်ရွက်ခဲ့ပါသည်။၂၀၁၆-ခုနှစ်တွင် မြန်မာနိုင်ငံရှေ့နေများကွန်ရက်နှင့် စတင်ချိတ်ဆက် ပူးပေါင်းလုပ်ဆောင်ခဲ့ပါသည်။ ၂၀၁၇-ခုနှစ် မတ်လတွင် မြန်မာနိုင်ငံရှေ့နေများကွန်ရက်၏ တနင်္သာရီတိုင်းကိုယ်စားပြုသောရုံးအနေဖြင့် မြိတ်ရုံးခွဲအား မြိတ်ရှေ့နေများကွန်ရက်မှ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ယခုအခါ မြိတ်ရှေ့နေများကွန်ရက်တွင် တနင်္သာရီတိုင်း စိတ်ဝင်တစားပူးပေါင်းပါဝင်လာကြသည့် ရှေ့နေအဖွဲ့ဝင်ပေါင်း(၃၀)ကျော် ရှိလာပြီဖြစ်ပါသည်။

### မြိတ်ရှေ့နေများကွန်ရက်၏ မျှော်မှန်းချက်များ

- တရားဥပဒေစိုးမိုးသည့် ဒေသတစ်ခုဖြစ်ပေါ်လာစေရန်။
- စစ်မှန်သောတရားစီရင်ရေးစနစ် ပေါ်ပေါက်လာစေရန်။
- ဥပဒေနှင့်အညီအခွင့်အရေးများ အပြည့်အဝရစေရန်။
- တိုင်းရင်းသားဒေသခံလူ့အခွင့်အရေးကို ကာကွယ်မြင့်တင်ပေးရန်။
- သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးနေမှုများအား ဥပဒေအရ အကာအကွယ်ပေးရန်။

### မြိတ်ရှေ့နေများကွန်ရက်၏ လှုပ်ရှားမှုများ

ဒေသအတွင်း မြေယာဥပဒေ၊ ကလေးဥပဒေ၊ အမျိုးသမီးအခွင့်အရေးဥပဒေ၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်များ စသည့် ဥပဒေရေးရာကိစ္စရပ်များအား ပြည်သူလူထုများ ပိုမိုသိရှိနားလည်စေရန်အတွက် ဥပဒေအသိပညာပေးခြင်းများ လုပ်ဆောင်လျှက်ရှိပါသည်။ ဒေသတွင်းဥပဒေအထောက်အကူပြုသူများ ပေါ်ထွက်လာရန်အတွက် ဥပဒေအထောက်အကူပြုသင်တန်း (၁၆)ကြိမ်ပြုလုပ်ခဲ့ပြီး သင်တန်းသားများအားပြန်လည်စုစည်းကာ ဥပဒေအထောက်အကူပြုသူများ ဖိုရမ်အား ပြုလုပ်ကျင်းပခဲ့ပါသည်။ ထိုဖိုရမ်မှတစ်ဆင့် ဒေသအလိုက် ဦးဆောင်ချိတ်ဆက်ဆောင်ရွက်မည့် ဥပဒေအထောက်အကူပြုသူများအား ရွေးချယ်ခဲ့ပြီး ယခုအချိန်အထိ ဒေသတွင်းပြဿနာများတွင် ဥပဒေကြောင်းအရ ချိတ်ဆက်ကူညီဆောင်ရွက်လျှက်ရှိပါသည်။ ဒေသအတွင်းရှိ ရှေ့နေများအား စွမ်းရည်မြင့်သင်တန်းများ၊ ဆရာဖြစ်သင်တန်းများနှင့် ဥပဒေပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံရှေ့နေများကွန်ရက် စသော မြန်မာနိုင်ငံအတွင်းရှိ ဥပဒေပညာရှင်များအား ခေါ်ယူ၍ သင်ကြားပို့ချစေခြင်းများ ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ မြိတ်ရှေ့နေများကွန်ရက်အဖွဲ့ဝင်ရှေ့နေများမှ မတရားခံရသောအမှုများတွင် အမှုပြီးဆုံးသည်အထိ အခမဲ့ရှေ့နေလိုက်ပေးခြင်း၊ ဥပဒေကြောင်းအရ ဆွေးနွေးအကြံပြုခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျှက်ရှိပါသည်။ ဒေသတွင်းအရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များတွင် ဥပဒေအရအကြံပေးခြင်းများ၊ မြေပြင်ကွင်းဆင်းစစ်ဆေးပေးခြင်း၊ ရပ်ရွာများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဥပဒေများ ဆွေးနွေးခြင်း သင်တန်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်လျှက်ရှိပါသည်။

### မြိတ်ရှေ့နေများကွန်ယက်၏ အောင်မြင်မှုများ

- ချောင်းမွန်(၅)ကျေးရွာတွင် ရွာသားများအား ယုဇနဆီအုန်းကုမ္ပဏီမှ တရားစွဲဆိုမှုတွင် ရွာသားများဖက်မှအမှုလိုက်ပါဆောင်ရွက်ပေးခဲ့ပြီး အမှုအနိုင်ရခြင်း
- Surisuban ကုမ္ပဏီ၏တရားစွဲဆိုမှုများတွင်လည်း ရွာသားများ မြေယာပြန်လည်ရရှိစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း။
- MSPP, Asia ကုမ္ပဏီများမှ ရွာသူရွာသားများ၏ မြေယာအတွင်း လုပ်ကိုင်ခွင့်လျှောက်ထားမှုတွင် နစ်နာသူရွာသားများအတွက် ဥပဒေအကြံဉာဏ်များပေးခြင်း၊ အစိုးရအား Advocacy လုပ်ခြင်းများဆောင်ရွက်ပေးနိုင်ခဲ့။
- သက်ငယ်မုဒိန်းမှုများနှင့် အမျိုးသမီးအမှုများတွင်လည်း နစ်နာသူများဖက်မှနေ၍ အခမဲ့အမှုလိုက်ပါဆောင်ရွက်ကာ ရာနှုန်းပြည့် အောင်မြင်မှုများရရှိခြင်း

# တောင်ပိုင်းလူငယ်ဖွံ့ဖြိုးရေးအဖွဲ့

## ကျွန်ုပ်တို့၏ ပန်းတိုင်

- ❖ သဘာဝပတ်ဝန်းကျင်သာယာဖွံ့ဖြိုးရေးနှင့် ကျေးလက်လူထုဖွံ့ဖြိုးရေးဆိုင်ရာ လက်တွေ့အစီအမံများကို ဖော်ထုတ် ရေးဆွဲ အကောင်အထည်ဖော်ကြမည့် လူငယ်များ၏ တွေးခေါ်မြော်မြင်မှုနှင့်စွမ်းဆောင်ရည် မြှင့်မားစေရန်။

## ကျွန်ုပ်တို့၏ယုံကြည်ချက်လမ်းစဉ်

- ❖ လူငယ်များသည် မိမိတို့၌ရှိသောအရင်းအမြစ်များ၊ အခြားရရှိနိုင်သော အရင်းအမြစ်/အင်အားများဖြင့် ဒေသအတွင်း ကြုံတွေ့ရသည့် အခက်အခဲ/ပြဿနာများကို ဒေသခံပြည်သူများနှင့်အတူပူးပေါင်း၍ ရေရှည်တည်တံ့နိုင်မြဲသော ဒေသဖွံ့ဖြိုးရေးကိုရရှိစေရန်။

## ကျွန်ုပ်တို့ဦးတည်ဆောင်ရွက်သည့်လုပ်ငန်းများ

- ❖ ဌာနတိုင်းရင်းသားများ၊ ကျေးလက်လူထုများသည် စနစ်တကျစုစည်းမှုဖြင့် ၎င်းတို့၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာစေခြင်း
- ❖ ဌာနေတိုင်းရင်းသားများ၏ စွမ်းဆောင်ရည်မြင့်မားလာစေခြင်းနှင့် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အဓိကနေရာမှ ပါဝင်စေခြင်း
- ❖ သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့ရေးနှင့် ကောင်းမွန်သောစီမံခန့်ခွဲခြင်းစနစ်များအတွင်း ဌာနေတိုင်းရင်းသားများကိုယ်တိုင် စနစ်တကျလုပ်ကိုင်ဆောင်ရွက်ခြင်း
- ❖ ဌာနေတိုင်းရင်းသားများ၏ ဆုံးရှုံးသွားသော အခွင့်အရေးများအတွက် ပြန်လည်ကုစားမှုရရှိစေခြင်း၊ ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုအစဉ်အလာများကို ကာကွယ်ထိန်းသိမ်းပေးသည့် ဖွံ့ဖြိုးရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်စေခြင်း

Southern Youth Development Organization

## ကျွန်ုပ်တို့၏ ဌာနေတိုင်းရင်းသားများဆိုင်ရာ ကတိကဝတ်

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျောက်မီးသွေးစက်ရုံများ တည်ဆောက်ခြင်း၊ လမ်းများဖောက်လုပ်ပြုပြင်ခြင်း၊ သတ္တုမိုင်းတူးဖော်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ခြင်း၊ ဆီအုန်းအပါအဝင် သစ်တောအပြောင်ရှင်းစနစ်များဖြင့် စက်မှုသီးနှံများအား တွန်းအားပေးခြင်း၊ အဆိုပြုအမျိုးသား ဥယျာဉ်ထူထောင်ခြင်းကဲ့သို့သော လူထုပူးပေါင်းပါဝင်မှုမရှိသည့်ထိန်းသိမ်းရေးလုပ်ငန်းများကို ၂၀၁၂ခုနှစ်နောက်ပိုင်းကာလတွင်တရစပ်ကြုံတွေ့လာရပါသည်။ ၎င်းစီမံကိန်းများသည် ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်များကို ကိုင်စွဲအသုံးပြုလျက်ရှိသော်လည်း အမှန်တကယ်တွင် သစ်တောနှင့်သဘာဝပတ်ဝန်းကျင်များကို ပျက်စီးပြုန်းတီးစေခြင်း၊ ဌာနေတိုင်းရင်းသားအခွင့်အရေးများချိုးဖောက်ခံရခြင်းနှင့် ဒေသနေတိုင်းရင်းသားများ၏ ရိုးရာဓလေ့များတည်ရှိမှု/ကျင့်သုံးမှုများအား ခြိမ်းခြောက်နေလျက်ရှိသည်။

ဒေသခံဌာနေတိုင်းရင်းသားများသည် သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတအရင်းအမြစ်များကို ၎င်းတို့ကိုယ်တိုင် ရိုးရာအစဉ်အလာအရ စီမံခန့်ခွဲလျက်ရှိသည်။ တောင်ပိုင်းလူငယ်ဖွံ့ဖြိုးရေးအဖွဲ့ (Southern Youth Development Organization) သည် ကျေးရွာလူထုအဖွံ့ဖြိုးရေး၊ ဌာနေတိုင်းရင်းသား အခွင့်အရေးများကာကွယ်မှုမြှင့်တင်ရေး၊ လူငယ်များ၏အရည်အသွေးမြှင့်တင်မှုကဏ္ဍအတွက် ဒေသနေတိုင်းရင်းသားများနှင့် ပူးပေါင်းလုပ်ဆောင်ရေးများကို ဆောင်ရွက်လျက်ရှိသည်။

## Tenasserim River and Indigenous Peoples' Network

TRIP NET သည် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ သစ်တောများကို အမှီပြုနေထိုင်လျက်ရှိကြသည့် ကရင်ဌာနေတိုင်းရင်းသားများ၏ သစ်တောနှင့် သယံဇာတစီမံခန့်ခွဲမှုစနစ်များအား မှတ်တမ်းပြုခြင်း၊ တရားဝင်ဖြစ်စေခြင်း၊ ၎င်းတို့၏ အခွင့်အရေးများအား ကာကွယ်မြှင့်တင်ခြင်းနှင့် မူဝါဒပြုပြင်ပြောင်းလဲမှုအတွက် တိုက်တွန်းအားပေးခြင်းများအတွက် ဆောင်ရွက်လျက်ရှိသည်။ တနင်္သာရီတိုင်းအတွင်းရှိ ဌာနေတိုင်းရင်းသားများသည် ဆယ်စုနှစ်များစွာကြာသည့် ပြည်တွင်းစစ်အပြင် သယံဇာတထုတ်ယူရေးလုပ်ငန်းများ (ခဲမဖြူ၊ ကျောက်မီးသွေးနှင့် ရွှေ) နှင့် တစ်မျိုးတည်းသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ (ဆီအုန်းနှင့် ရာဘာ) ၏ ပြဿနာများကို ရင်ဆိုင်ကြုံတွေ့ရသည်။ ထို့အပြင် အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ တွန်းအားပေးဆောင်ရွက်သည့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကလည်း ရပ်ရွာလူထုများ၏ သယံဇာတစီမံခန့်ခွဲမှုစနစ်များနှင့် ဓလေ့ထုံးတမ်း မြေအခွင့်အရေးများကို ထိခိုက်စေလျက်ရှိသည်။

ရပ်ရွာလူထု ၆-ခုနှင့် အတူလက်တွဲဆောင်ရွက်သည့် TRIP NET ၏ လုပ်ငန်းများတွင် လူထုအခြေပြု ဇီဝမျိုးကွဲသုတေသနပြုလုပ်ခြင်း၊ ဓလေ့ထုံးတမ်းမြေအသုံးချမှုနှင့် သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ မြေပုံရေးဆွဲသတ်မှတ်ခြင်း၊ လူထုထိန်းသိမ်းကာကွယ်တောများသတ်မှတ်ခြင်း၊ သွင်းအားစုနည်း၍ အထွက်တိုးသည့် ဂေဟစိုက်ပျိုးရေးစနစ်များကို အားပေးမြှင့်တင်ခြင်း၊ မျိုးစေ့ဘဏ်ထူထောင်ခြင်းများပါဝင်သည်။ ကရင် ဓလေ့ထုံးတမ်း မြေအခွင့်အရေးများကို အသိအမှတ်ပြုမည့် မူဝါဒ၊ ဥပဒေများပေါ်ပေါက်လာရေးအတွက် ဒေသန္တရလုပ်ငန်းများကို အမျိုးသားအဆင့် ချိတ်ဆက်တွန်းအားပေးသည့် ချဉ်းကပ်မှုများနှင့်ပေါင်းစပ်၍ ဌာနေတိုင်းရင်းသားများ၏ နယ်မြေနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆုံးဖြတ်ချက်ချသည့် ကိစ္စများတွင် ၎င်းတို့ကိုယ်တိုင်စေပါသည်။

မြန်မာမြေဥပဒေအသစ်ရေးဆွဲရေးအတွက် လိုအပ်လျက်ရှိသည့် အမျိုးသားအဆင့် ဌာနများအကြားမူဝါဒညှိနှိုင်းရေးလုပ်ငန်းစဉ်အတွက် ကရင်ဓလေ့ထုံးတမ်းစဉ်လာ သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ အချက်အလက်များ ပံ့ပိုးပေးနိုင်ရန်အတွက် ၂၀၁၈-ခုနှစ်တွင် TRIP NET အား ဖိတ်ကြားခဲ့ခြင်းရှိခဲ့သည်။ TRIP NET သည် လျင်မြန်စွာပြောင်းလဲလျက်ရှိပြီး သေချာမှုနည်းပါးသည့် နိုင်ငံရေးအခြေအနေတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် အပစ်အခတ်ရပ်စဲရေးစာချုပ်ဖြင့် တည်ငြိမ်လျက်ရှိနေသည့် မြန်မာ့အရှေ့တောင်ပိုင်းသည် ၁၉၄၀-ခုနှစ်များတဝိုက်မှ စတင်ခဲ့သည့် လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားရာနေရာဖြစ်ခဲ့သည်။ မြန်မာ့ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများအတွက် မြေသယံဇာတစီမံအုပ်ချုပ်မှုအပါအဝင် ဖက်ဒရယ်စီမံအုပ်ချုပ်မှုဖော်ဆောင်ရေးက အဓိကကျလျက်ရှိသည်။ ကာလရှည်ကြာ ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများရှိခဲ့ပြီး၊ လက်ရှိနိုင်ငံရေးဆွေးနွေးမှုများအတွင်း ဒေသခံလူထုများ၏ အကျိုးစီးပွားများကို လျစ်လျူရှုထားခံရသည့်အခြေအနေများကြုံတွေ့ရသည့်အတွက် မိတ်ဘက်ရပ်ရွာလူထုများ၏ စွမ်းဆောင်ရည်များအားမြှင့်တင်ပေးခြင်း၊ ၎င်းတို့၏အခွင့်အရေးများအတွက် ရပ်တည်လာနိုင်စွမ်းရှိစေခြင်းတို့အတွက် TRIP NET က ပံ့ပိုးဆောင်ရွက်လျက်ရှိသည်။

လက်ရှိအချိန်တွင် TRIP NET ၏ လုပ်ငန်းဆောင်ရွက်ရာဒေသများရှိ သစ်တောနှင့် သဘာဝသယံဇာတများအား ဓလေ့ထုံးတမ်းစနစ်များအတွင်းမှ စီမံခန့်ခွဲလျက်ရှိနေသည် (မြန်မာ့ဥပဒေ၊ မူဝါဒ သို့မဟုတ် အလေ့အထများတွင်မူ အဆိုပါ စနစ်များအား အသိအမှတ်ပြုထားခြင်းမရှိသေးပါ)။ သို့ဖြစ်ရာ ဒေသခံလူထုများ၏ စနစ်များအား တရားဝင်ဖြစ်လာစေရန်၊ ၎င်းတို့၏ စီမံခန့်ခွဲမှုနှင့်ကျင့်သုံးမှုပုံစံများအား ဥပဒေမူဘောင်ပြုပြင်ပြောင်းလဲရေးများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွင်း ထည့်သွင်းစဉ်းစားနိုင်ရန် အလွန်အရေးကြီးလျက်ရှိသည်။

# Dawei Development Association


Dawei Development Association (DDA) သည် အကျိုးအမြတ်မယူသော အရပ်ဘက်အဖွဲ့အစည်းအဖြစ် ၂၀၁၁-ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံတောင်ပိုင်းဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်မြို့တွင် အခြေစိုက်ပါသည်။ ဆောင်ရွက်သည့်လုပ်ငန်းများတွင် စည်းရုံးခြင်းလုပ်ငန်းများ၊ ချိတ်ဆက်တွန်းအားပေးခြင်းနှင့် ကဲမ်ပိန်းများ၊ သုတေသနများ၊ လူငယ်စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ၊ မြေနှင့်သဘာဝပတ်ဝန်းကျင်အရေးကိစ္စများ၊ လူထုပူးပေါင်းပါဝင်မှုမြှင့်တင်ခြင်းများ၊ ကော်ပိုရိတ်လုပ်ငန်းများ၏ တာဝန်ခံမှုမြှင့်တင်ရေးလုပ်ငန်းများ၊ ကောင်းမွန်သော သယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအတွက် ရပ်ရွာလူထုများ၊ အစိုးရဌာနများ၊ လွှတ်တော်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် နိုင်ငံတကာအဲန်ဂျီအိုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**မျှော်မှန်းချက်။** တရားမျှတ၍ဆောင်ရွက်နိုင်စွမ်းမြှင့်သောလူမှုအသိုက်အဝန်း

**လုပ်ငန်းစဉ်။** ရပ်ရွာလူထုများ အားကောင်းစေခြင်း၊ ဒီမိုကရေစီတန်ဖိုးများ၊ ဓလေ့များနှင့် လူထုပါဝင်ခွင့်များ မြှင့်တင်ခြင်း၊ ထောက်ကူပံ့ပိုးမှုရှိသောရပ်ဝန်းဖြစ်စေခြင်း (ချိတ်ဆက်တွန်းအားပေးခြင်း)။

**ပန်းတိုင်။** ကောင်းမွန်သောသယံဇာတစီမံအုပ်ချုပ်မှုနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိရောက်မှုရှိသော လူထုပါဝင်ဆောင်ရွက်ခြင်းနှင့် ထောက်ကူပံ့ပိုးမှုရှိသောရပ်ဝန်းဖြစ်လာရေး။

**DDA ၏ မဟာဗျူဟာ**



# နောက်ဆက်တွဲ-၂။ အဓိကပုံနှိပ်ထုတ်ဝေမှုများ

အောက်ဖော်ပြပါ ပုံနှိပ်ထုတ်ဝေမှုများသည် DDA, TRIP NET, SY, GN နှင့် MLN တစ်ဖွဲ့(သို့)တစ်ဖွဲ့ထက်ပို၍ ပူးပေါင်းထုတ်ဝေသည့် အစီရင်ခံစာများဖြစ်သည်။ SRJS စီမံကိန်းကာလအတွင်း တွေ့ရှိရသည့် ရလဒ်များသည် အဆိုပါ အစီရင်ခံစာများနှင့် ဆက်နွယ်မှုများရှိသော်လည်း SRJS ၏ ပံ့ပိုးမှုဖြင့်ပြုလုပ်သည်ဟု မှတ်ယူရန်မလိုပါ။

- ❖ **We Will Manage Our Own Natural Resources:** Karen Indigenous People in Kamoethway Demonstrate the Importance of Local Solutions and Community–Driven Conservation. TRIP NET & RKIPN (2016). https://www.burmapartnership.org/wp-content/uploads/2016/03/Book_We-Will-Manage-Our-Own-Natural-Resources.pdf
- ❖ **Green Desert:** Communities in Tanintharyi renounce the MSPP Oil Palm Concession (2016)
  Tarkapaw, TRIP NET, Southern Youth, Candle Light, Khaing Myae Thitsar, Myeik Lawyer Network and Dawei Development Association.
  https://eia-international.org/wp-content/uploads/Green-Desert-FINAL.pdf
- ❖ **Behind Oil-Palm:** Consequences of International Investment in Oil Palm Plantations
  ALARM, SY, MLN, Future Light, Green Network, Candle Light (2018)
  https://eia-international.org/wp-content/uploads/Behind-the-Oil-Palm.pdf
- ❖ **Our Forest, Our Life:** Protected Areas in Tanintharyi Region Must Respect the Rights of Indigenous Peoples
  Conservation Alliance of Tanawthari (CAT) - TRIP NET, CSLD, TKP, CL, SY, KESAN & TN (2018)
  https://www.iccaconsortium.org/wp-content/uploads/2018/07/Our-Forest-Our-Life-BURMA.pdf.
- ❖ **Blocking A Bloodline:** Communities along the Tanintharyi River Fear the Impacts of Large-Scale Dams
  Southern Youth (2019). https://progressivevoicemyanmar.org/2019/08/09/blocking-a-bloodline-communities-along-the-tanintharyi-river-fear-the-impacts-of-large-scale-dams/
- ❖ **Beyond the River:** Overcoming Challenges with Indigenous Ecological Knowledge
  TRIP NET (2019). https://progressivevoicemyanmar.org/2019/08/09/beyond-the-river-overcoming-challenges-with-indigenous-ecological-knowledge/
- ❖ **Tanawthari Landscape of Life:** A Grassroots Alternative to Top-Down Conservation in Tanintharyi Region
  Candle Light, Southern Youth & Tarkapaw Youth Group (on Conservation Alliance of Tanawthariy) (2020)
  https://www.iccaconsortium.org/wp-content/uploads/2020/05/Tanawthari-Landscape-of-Life-A-grassroots-alternative-to-top-down-conservation-in-Tanintharyi-Region.pdf

# နောက်ဆက်တွဲ-၃။ သတင်းမီဒီယာများ၏ ကိုးကားချက်များ

## အထက်မှအောက်သို့ တွန်းအားပေးဆောင်ရွက်သည့် ထိန်းသိမ်းရေးစီမံကိန်းများအပေါ် ဌာနေတိုင်းရင်းသားများ၏ လှုပ်ရှားမှုများ


- ICCA Consortium (13 July 2018), "Burma/Myanmar – Stop the Ridge to Reef project", https://www.iccaconsortium.org/index.php/2018/07/13/stop-the-ridge-to-reef-project-in-burma-myanmar/
- Conservation Alliance Tanawthari (CAT) (16 July 2018), *"Global Environment Facility conservation project in Myanmar violates indigenous rights"*, Press Release posted by Progressive Voice, https://progressivevoicemyanmar.org/wp-content/uploads/2018/07/CAT-GEF-Press-Release-English.pdf
- Chris Lang (18 July 2018), "If the national park comes, how will we survive?" Karen indigenous peoples make formal complaint to the Global Environment Facility about the Ridge to Reef conservation project in Myanmar. https://medium.com/conservationwatch/if-the-national-park-comes-how-will-we-survive-e660c46968a
- Rina Chandran (6 August 2018), "Myanmar's indigenous people fight 'fortress' conservation". [Reuters] https://www.reuters.com/article/us-myanmar-landrights-environment-idUSKBN1KR00G
- Joshua Caroll (2 Nov 2018), "Displaced villagers in Myanmar at odds with UK charity over land conservation - Karen people in Tanintharyi region fear project to protect 800,000-acre area will cut them off from ancestral lands". [The Guardian] https://www.theguardian.com/global-development/2018/nov/02/displaced-villagers-myanmar-at-odds-with-uk-charity-over-land-conservation-tanintharyi
- Conservation Alliance Tanawthari and Accountability Counsel (24 July 2019), *"UN Watchdog Visits Myanmar to Investigate Conservation Project Jeopardizing Indigenous Peoples Rights"*. Press Release uploaded by KESAN, https://kesan.asia/for-immediate-release-un-watchdog-visits-myanmar-to-investigate-conservation-project-jeopardizing-indigenous-peoples-rights/
- Kyaw Soe Htet (9 August 2019), "UN team meets locals to discuss issues with Tanintharyi conservation project". [Myanmar TIMES] https://www.mmtimes.com/news/un-team-meets-locals-discuss-issues-tanintharyi-conservation-project.html
- Anirudha Nagar (20 August 2019), "Indigenous Communities in Myanmar Take Action Against Top-Down Conservation - Why the Karen people are fighting against the $21 million UNDP "Ridge to Reef" project". [The Diplomat] https://thediplomat.com/2019/08/indigenous-communities-in-myanmar-take-action-against-top-down-conservation/
- Conservation Alliance Tanawthari (21 May 2020), *"Tanawthari Landscape of Life"*. [YouTube] https://www.youtube.com/watch?v=Oz9PsKlTcsA&feature=emb_logo

- Conservation Alliance Tanawthari and Accountability Counsel (22 May 2020), "Karen Indigenous groups launch their conservation vision for Myanmar's Tanintharyi Region, rejecting the harmful 'Ridge to Reef' Project". Joint Statement. https://www.accountabilitycounsel.org/2020/05/karen-indigenous-groups-launch-their-conservation-vision-for-myanmars-tanintharyi-region-rejecting-the-harmful-ridge-to-reef-project/
- Chris Lang (22 May 2020), "Tanawthari Landscape of Life: Indigenous communities in Myanmar propose alternative to top-down conservation". [REDD-Monitor] https://redd-monitor.org/2020/05/22/tanawthari-landscape-of-life-indigenous-communities-in-myanmar-propose-alternative-to-top-down-conservation/
- Jack Jenkins Hill (22 May 2020), "Communities in biodiverse Tanintharyi Region are spurning big, top-down projects and seeking recognition for their own approach to conservation". [the FRONTIER Myanmar] https://www.frontiermyanmar.net/en/in-tanintharyi-an-indigenous-alternative-to-big-conservation/
- Daniel Quinlan (27 May 2020), "Campaigners in Myanmar's Tanintharyi region oppose $21m conservation project". https://news.mongabay.com/2020/05/campaigners-in-myanmars-tanintharyi-region-oppose-21m-top-down-conservation-project/
- Skylar Lindsay (3 June 2020), "Southern Myanmar's indigenous groups say the UN should scrap $21 million conservation plan". https://www.aseantoday.com/2020/06/southern-myanmars-indigenous-groups-say-the-un-should-scrap-21-million-conservation-plan/
- Victoria Milko (19 August 2020), "Indigenous activists clash with UN over proposed park". [AP] https://www.washingtonpost.com/world/asia_pacific/indigenous-activists-clash-with-un-over-proposed-park/2020/08/19/3bce73d8-e1d6-11ea-82d8-5e55d47e90ca_story.html


## တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာဆောင်းပါးများ


- Taylor Weidman (4 January 2017), "The human cost of palm oil production in Myanmar" - Aggressive expansion of plantations enacted in southern provinces largely ignoring environment and workers' rights. [Aljazeera]. https://www.aljazeera.com/gallery/2017/1/4/the-human-cost-of-palm-oil-production-in-myanmar
- Ei Phyu Mon (12 Jan 2017), "မလေးရှားတွင် အချမ်းသာဆုံးစာရင်းဝင် Samling Strategic အုပ်စုပိုင်ကုမ္ပဏီသည် မြိတ်ဒေသ၌ လူ့အခွင့်အရေး ချိုးဖောက် နေကြောင်း အရပ်ဘက်အဖွဲ့များက ထောက်ပြ". [7 Day News] https://7day.news/detail?id=86161
- EIA-International (12 January 2017), "Myanmar communities fight back against palm oil impact". https://eia-international.org/news/myanmar-communities-fight-back-palm-oils-impact/
- Earthsight (20 January 2017), "Oil palm plantation in South Myanmar conflict zone wreaks havoc on local communities and forests". https://www.earthsight.org.uk/news/idm/oil-plantation-south-myanmar-conflict-zone-wreaks-havoc-local-communities-forest

- Sai Ko Ko Tun (5 December 2017), "တနင်္သာရီတိုင်းရှိ ဆီအုန်းကုမ္ပဏီငါးခု၏ လုပ်ငန်းများရပ်နားထား". [7Day News] https://7day.news/detail?id=114834
- Htet Shine (21 March 2018), "မြေကေသိန်းချီရသော်လည်း ဆီအုန်းအနည်းငယ်သာ စိုက်ပျိုးထားသည့်ကုမ္ပဏီ" [Myanmar Time] https://myanmar.mmtimes.com/news/108690.html
- Tun Tun Min & Pyi Thein (23 March 2018), "တနင်္သာရီတိုင်း ဆီအုန်းစိုက်ပျိုးရေးစီမံကိန်း ငါးခုကို ပြန်လည်သိမ်းရန်စီစဉ်". [7 Day News] https://7day.news/detail?id=123203
- Phyo Phyo Wai (4 April 2018), "ပြန်လည်သိမ်းယူမည့် ဆီအုန်းစိုက်ပျိုးရေး စီမံကိန်း ငါးခုရှိ မြေများကို မြေလွတ်မြေလပ်မြေရိုင်းဥပဒေဖြင့် လျှောက်ပါက ဒေသခံများအား ဦးစားပေးခွင့်ပြုမည်". [7 Day News] https://7day.news/detail?id=124089
- Pyi Thein (25 April 2018), "တိုင်းအစိုးရ စစ်ဆေးပြီးမှ ဆီအုန်းစိုက်ပျိုးမြေနေရာများ ပြန်သိမ်းနိုင်မည်ဟု MIC တာဝန်ရှိသူပြော". [7 Day News] https://7day.news/detail?id=125140
- Dawei Watch (1 December 2018), "MIC ခွင့်ပြုထားသည့်ဆီအုန်းမြေ တိုင်းအစိုးရ အဆိုပြုသည့် ဧရိယာအတိုင်း ပြန်သိမ်းမည်". http://www.daweiwatch.com/2018/12/01/news/dawei/15212/
- Sai Ko Ko Tun (7 December 2018), "တနင်္သာရီဒေသတွင် ဆီအုန်းစိုက်ပျိုးရန် ကုမ္ပဏီငါးခုကို မြေကေငါးသောင်းခန့်သာ ပြန်လည်ခွင့်ပြုမည်ဟုဆို".[7 Day News] https://7day.news/detail?id=144119


## ရွှေကမ္ဘောဇဆီအုန်းကုမ္ပဏီနှင့် ကိစ္စရပ်များ


- Myat Htut (24 October 2017), "တနင်္သာရီမြို့နယ်တွင် တောင်သူများ တရားစွဲဆိုခံရမှု သတင်းစာရှင်းလင်းပွဲ ပြုလုပ်". [DVB] http://burmese.dvb.no/archives/235126
- RFA (8 July 2018), "*ရွှေကမ္ဘောဇကုမ္ပဏီ လုပ်ငန်းမလုပ်တော့တဲ့ မြေတွေပြန်ပေးဖို့ တောင်းဆို*". https://www.rfa.org/burmese/news/land-problem-in-tanintharyi-07082018070834.html
- De Moe Thway (9 July 2018), "Farmers in Tanintharyi Stage Protest Against Shwe Kanbawza Oil-Palm Company". [the Mizzima] https://www.burmalink.org/farmers-in-tanintharyi-stage-protest-against-shwe-kanbawza-oil-palm-company/
- "တနင်္သာရီမြို့နယ်တွင် ဆီအုန်းကုမ္ပဏီစီမံကိန်းများကြောင့် မြေသိမ်းဆည်းခံထားရသည့် ကျေးရွာခြောက်ရွာမှတောင်သူများ ဆန္ဒထုတ်ဖော်" https://news-eleven.com/news/67353
- De Moe Thway (24 November 2018), "ကုမ္ပဏီဆီအုန်းစီမံကိန်းနှင့် ပတ်သက်၍ တရားစွဲဆိုခံထားရသည့် တောင်သူများက အစိုးရမှ ကြားဝင်ဖြေရှင်းပေးရန် တောင်းဆို".[the Mizzima] http://www.mizzimaburmese.com/article/52663
- Myeik Online Tv (20 December 2020), "ဆီအုန်း စီမံကိန်းကြောင့် ဒေသခံ တောင်သူများ တရားစွဲဆိုခံနေရခြင်း အပြင် ခြိမ်းခြောက်မှုများလည်း ရှိနေ၍ တောင်သူများ သတင်းစာ ရှင်းလင်းပွဲ ပြုလုပ် (မြိတ်၊ ၁၉ ဒီဇင်ဘာ ၂၀၂၀)" [On Facebook] https://www.facebook.com/2216707851889615/posts/3090716251155433/
- BETV Business (24 December 2020), "ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းများကြောင့် ဒေသခံတောင်သူများ တရားစွဲခံရခြင်း ရင်ဆိုင်နေရ". [Broadcast on BETV YouTube] https://www.youtube.com/watch?v=Q8HQ7Yz7xeM

**ကန်ပေါက်ဒေသ LNG စီမံကိန်းနှင့်ပတ်သက်သည့် ဆောင်းပါးများ**

- Ye Htut Win (14 March 2019), "Gas power project involving Total and Siemens angers fishing communities". [the Frontier Myanmar] https://www.frontiermyanmar.net/en/gas-power-project-involving-total-and-siemens-angers-fishing-communities/
- Kyaw Ye Lynn and Thomas Kean (17 June 2019), "*Total, Siemens propose scaled-back LNG project in Tanintharyi*". [the Frontier Myanmar] https://www.frontiermyanmar.net/en/total-siemens-propose-scaled-back-lng-project-in-tanintharyi/
- Chan Mya Htwe (24 June 2019), "*Negotiations still underway over Kanbauk LNG Project*". [the Myanmar Times] https://www.mmtimes.com/news/negotiations-still-underway-over-kanbauk-lng-project.html

**Myanmar Energy Monitor မှ ဆောင်းပါးများ (*ဝယ်ယူထားသူများသာ*)**

- *Kanbauk* residents request information about LNG project – 10 July 2018 https://energy.frontiermyanmar.com/news/communities/kanbauk-residents-request-information-about-lng-project
- LNG pipeline survey draws opposition from fishermen - 20 September 2018 https://energy.frontiermyanmar.com/news/communities/lng-pipeline-survey-draws-opposition-fishermen
- Tanintharyi fishermen claim disruption from *Kanbauk* survey – 19 December 2018 https://energy.frontiermyanmar.com/news/communities/tanintharyi-fishermen-claim-disruption-kanbauk-survey

## စာညွှန်းများ

[1] Myanmar Alliance for Transparency and Accountability, (MATA for short) တွင် ပြည်နယ်/တိုင်း ၁၄-ခုမှ အရပ်ဘက်အဖွဲ့အစည်းနှင့် တစ်သီးပုဂ္ဂလ ၄၅၀-ကျော် ပါဝင်သည်။ သယံဇာတ လုပ်ငန်းကဏ္ဍစီမံအုပ်ချုပ်မှုဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုများအတွက် ချိတ်ဆက်တွန်းအားပေးရန်နှင့် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ပူးပေါင်းဆန်းစစ်နိုင်ရန် ပံ့ပိုးလျက်ရှိသည်။ https://www.mata-nrg.org

[2] TCVS အစီအစဉ် https://www.youtube.com/watch?v=8xOAX7VwG8A&ab_channel=TripNet

[3] Point B - Design-Thinking Centre for Community Engagement, http://www.pointb.is/

[4] Conservation Alliance Tanawtharyi (CAT) သည် TRIP NET နှင့် Southern Youth အပါအဝင် ကရင်အဖွဲ့အစည်း ၆-ခု မဟာမိတ်ပြုထားခြင်းဖြစ်သည်။

[5] Indigenous and Community Conserved Area | ICCA from the North, East, West & South

[6] The ICCA Consortium (17 June 2019), *"Myanmar ICCA Working Group Grows Stronger and Plans Further Actions"*. https://www.iccaconsortium.org/index.php/2019/06/17/myanmar-icca-working-group-grows-stronger-and-plans-further-actions/

[7] မြေသဘာဝကြောင့် ကဘင်းချောင်းမှ ဂဏန်းစမ်းသပ်မွေးမြူရေးမှာ မအောင်မြင်ခဲ့ပါ။ လိပ်ကြွယ်မှ ငါးကန်နှင့် ကဘင်းချောင်းနှင့် တီးပုတို့မှ ဂုံးစမ်းသပ်မွေးမြူမှုများလည်း မအောင်မြင်ခဲ့ပါ။

[8] လေညာ၊ မနီးရုံး၊ သာရဘွင်တို့သည် ပြည်တွင်းစစ်အားတိမ်းရှောင်ပြီးနောက်ပိုင်းတွင် ပြန်လည်စုစည်းထားသည့် နေရာဒေသ(ကျေးရွာအစုများ)ဖြစ်ကြသဖြင့် အစိုးရ၏ ကျေးရွာအမည်ပေါက်စာရင်းများနှင့် ကွဲလွဲမှုရှိနိုင်ပါသည်။

[9] Zaw Htet Aung (2019), "သတ္တုလုပ်ကွက်စောင့်ကြည့်ရေးအဖွဲ့များအား ပြန်လည်သုံးသပ်ခြင်း", Facilitated & Supported by MATA & DDA. [p-30].

[10] Win Zarni Aung & Ye Htut Win (11 March 2019), *"Tanintharyi villagers keep up fight against tin mine"*. [the Frontier Myanmar]. https://www.frontiermyanmar.net/en/tanintharyi-villagers-keep-up-fight-against-tin-mine/

[11] KNU မြေယာမူဝါဒ (December 2015) https://www.tni.org/files/article-downloads/knu_land_policy_eng.pdf

[12] Kramer, T. (2015). *"Ethnic Conflict and Lands Rights in Myanmar"*. Social Research, 82(2), 355-374. http://www.jstor.org/stable/44282108

[13] Zaw Htet Aung, "သတ္တုလုပ်ကွက်စောင့်ကြည့်ရေးအဖွဲ့များအား ပြန်လည်သုံးသပ်ခြင်း". [p-29].

[14] ပုံနှိပ်မီဒီယာများမှ အကိုးအကားများအား မှတ်တမ်းပြုရန်လိုအပ်နေပါသေးသည်။ ယခုအစီရင်ခံရေးချိန်တွင် အချို့သော လင့်ခ်များကို ကြည့်ရှုနိုင်ခြင်းမရှိတော့ပါ။

[15] ၂၀၂၁-ဖေဖော်ဝါရီလ(၁၈)ရက်နေ့တွင် EITI ဘုတ်အဖွဲ့က မြန်မာ၏အဖွဲ့ဝင်ဖြစ်မှုကို ဆိုင်းငံ့ထားခဲ့ပါသည်။ https://eiti.org/myanmar, https://eiti.org/board-decision/2021-05

[16] ဒို့မြေကွန်ရက် (LIOH) သည် မြန်မာ့မြေယာအရေးလှုပ်ရှားသည့် တိုင်းရင်းသားပေါင်းစုံပါဝင်သော အမျိုးသားအဆင့်ကွန်ရက်ဖြစ်သည်။ https://lioh.org

[17] Karen Peace Support Network (KPSN) က လက်ရှိငြိမ်းချမ်းရေးဆွေးနွေးမှုများသည် လမ်းဆုံးလျက်ရှိနေပြီး နိုင်ငံရေးဆွေးနွေးမှုမှုဘောင်အသစ်လိုအပ်လျက်ရှိသည်ဟု သုံးသပ်ထားသည်။ KPSN (July 2018), "Burma's Dead-End Peace Negotiation Process: A Case Study of the Land Sector". https://progressivevoicemyanmar.org/wp-content/uploads/2018/07/Eng-Burmas-Dead-End-Peace-Negotiation-Process-KPSN-report-web.pdf

[18] ICCA Consortium ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ "ပါဝင်မှုရှိသော ထိန်းသိမ်းရေး" ဆိုသည်မှာ ဌာနေတိုင်းရင်းသားလူထုများအနေနှင့် ၎င်းတို့၏ထိန်းသိမ်းရေးစနစ်များအတွင်း၌ အခြားသူများအား မည်သို့ပါဝင်စေမည်၊ မည်သူကဆုံးဖြတ်မည်ဆိုသည်ကို ၎င်းတို့ကိုယ်တိုင်ရှုမြင်သည့်ပုံစံဖြစ်သည်။ ဌာနေတိုင်းရင်းသားများနှင့် ရပ်ရွာလူထုများက ၎င်းတို့၏မြေ၊ သစ်တော၊ ဇီဝအမျိုးစုံလင်မှုများကို ထိန်းသိမ်းစောင့်ရှောက်၊ စီမံအုပ်ချုပ်ရေးတွင် အဓိကကျသူများဖြစ်ပြီး အခြားသူများပူးပေါင်းပါဝင်နိုင်ရန် ဖိတ်ခေါ်နိုင်သည့်အပြင် ၎င်းတို့၏ကိုယ်ပိုင်ပုံစံများအား ပံ့ပိုးထောက်ကူပေးရန် အကူအညီတောင်းခံနိုင်သည်။

[19] John Patrick Baskett (January 2016), *"Myanmar Oil Palm Plantations: A productivity & sustainability review"* – [p-52], Report of Fauna & Flora International (FFI), http://www.supplychainge.org/fileadmin/reporters/all_files/Myanmar-Oil-Palm-Plantations-productivity-and-sustainability-review-en.pdf

[20] Ibid. Annex-2: Tanintharyi Oil Palm Plantation Area Statement 2015

[21] Doh Eain | https://www.doheain.com/en/about

[22] Evelien van den Broek (19 May 2020), "Inclusive community engagement for environmental justice". [IUCN-NL] https://www.iucn.nl/en/updates/inclusive-community-engagement-for-environmental-justice

[23] ၂၀၁၂-ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မြေနှင့်ဆိုင်သောဥပဒေအသစ်များတွင် လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေလပ်မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေ တို့ပါဝင်ပြီး မြေယာမှတ်ပုံတင်ရေးကို တွန်းအားပေးထားသည်။ လယ်ယာမြေဥပဒေ(၂၀၁၂)အရ တောင်သူများအား ချုပ်နှောင်/တရားစွဲဆိုခြင်းအား ကာကွယ်ပေးထားသည့် တောင်သူလယ်သမားအခွင့်အရေး အကာအကွယ်ပေးသည့်ဥပဒေ (၁၉၆၃) ကို ပယ်ဖျက်လိုက်သည်။ တောင်သူလယ်သမားအခွင့်အရေးများနှင့် အကျိုးစီးပွားများအား ကာကွယ်ပေးသည့်ဥပဒေကို ၂၀၁၃-ခုနှစ်တွင် အသစ်ရေးဆွဲပြဋ္ဌာန်းခဲ့သော်လည်း တောင်သူလယ်သမားများအပေါ် လုံလောက်သည့် ဥပဒေကြောင်းအရကာကွယ်ပေးမှုများ မရှိပါ။

[24] TRIP NET & RKIPN (2016), "We Will Manage Our Own Natural Resources: Karen Indigenous People in Kamoethway Demonstrate the Importance of Local Solutions and Community–Driven Conservation". https://www.burmapartnership.org/wp-content/uploads/2016/03/Book_We-Will-Manage-Our-Own-Natural-Resources.pdf

[25] Conservation Alliance of Tanawthari (2018), "Our Forest, Our Life: Protected Areas in Tanintharyi Region Must Respect the Rights of Indigenous Peoples". [p-30]

[26] ***"Our Forest, Our Life"***. https://www.iccaconsortium.org/wp-content/uploads/2018/07/Our-Forest-Our-Life-BURMA.pdf.

[27] R2R စီမံကိန်းအချက်အလက်များ https://www.mm.undp.org/content/myanmar/en/home/projects/ridge-to-reef.html

[28] GEF သို့ ပေးပို့ခဲ့သည့် တိုင်ကြားစာ https://info.undp.org/sites/registry/secu/SECU_Documents/CAT%20GEF%20complaint6b1aeaed2a624c7bbe55ab0498e6ef51.pdf

[29] SECU ၏ အမှုလက်ခံမှတ်တမ်း https://info.undp.org/sites/registry/secu/SECUPages/CaseFile.aspx?ItemID=28

[30] Press release of the Conservation Alliance Tanawthari (CAT) (16 July 2018) – *"Global Environment Facility conservation project in Myanmar violates indigenous rights"*. https://progressivevoicemyanmar.org/wp-content/uploads/2018/07/CAT-GEF-Press-Release-English.pdf

[31] Joint press release of the Conservation Alliance Tanawthari and Accountability Counsel (24 July 2019) – *"UN Watchdog Visits Myanmar to Investigate Conservation Project Jeopardizing Indigenous Peoples Rights"*. https://kesan.asia/for-immediate-release-un-watchdog-visits-myanmar-to-investigate-conservation-project-jeopardizing-indigenous-peoples-rights/

[32] Joint Statement of the Conservation Alliance Tanawthari and Accountability Counsel (22 May 2020) - "Karen Indigenous groups launch their conservation vision for Myanmar's Tanintharyi Region, rejecting the harmful 'Ridge to Reef' Project". https://www.accountabilitycounsel.org/2020/05/karen-indigenous-groups-launch-their-conservation-vision-for-myanmars-tanintharyi-region-rejecting-the-harmful-ridge-to-reef-project/

[33] The research report "Tanawthari Landscape of Life": https://www.iccaconsortium.org/wp-content/uploads/2020/05/Tanawthari-Landscape-of-Life-A-grassroots-alternative-to-top-down-conservation-in-Tanintharyi-Region.pdf

[34] A short documentary of *"Tanawthari Landscape of Life"*. https://www.youtube.com/watch?v=Oz9PsKlTcsA&feature=emb_logo

[35] Thompson Chau (11 Mar 2019), *"Tanintharyi landholders sued under new law"*. [The Myanmar Times]. https://www.mmtimes.com/news/tanintharyi-landholders-sued-under-new-law.html

[36] "ဘုတ်ပြင်းမြို့နယ် ချောင်းမွန်ရွာရှိအိမ်ခြေ ၁၃၀ ကို ကျူးကျော်ဟုဆိုကာ ဆီအုန်းကုမ္ပဏီက ပြောင်းရွှေ့ခိုင်းထားသည့်ရက် နီးကပ်လာသဖြင့် ရွာသားများစိုးရိမ်နေ" [Broadcast on ELEVEN] https://elevenmyanmar.com/broadcast/11990

[37] Myanmar Auto Corporation – A joint venture of Auto Industrial Co. Ltd. (AIC) (Korea) and Resources & Resources Ltd. (Singapore)

[38] Myanmar Investment Commission

[39] Ben Dunant and Kyaw Ye Lynn (8 April 2019), "Dispossessed: the human toll of Myanmar's land crisis" - A highly centralised regime for governing "wasteland" is being expanded, with devastating effects on communities trying to reclaim their land after decades of war. [the Frontier Myanmar] https://www.frontiermyanmar.net/en/dispossessed-the-human-toll-of-myanmars-land-crisis/

[40] MAC's Project location: https://ejatlas.org/conflict/mac-oil-palm-plantation-tanintharyi-region-myanmar

[41] Advancing Life and Regenerating Motherland (ALARM)

[42] "တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ပျိုးရန်ချပေးထားသောမြေများအနက် အမှန်တကယ်စိုက်ပျိုးခြင်းမရှိသည့် မြေဧကတစ်သိန်းကျော်ကို ပြန်လည်သိမ်းယူမည်" Eleven Myanmar (31 August 2018) http://www.elevenmyanmar.com/business/14840

[43] Dawei Watch (21 August 2018), *"တနင်္သာရီတွင် ဆီအုန်းစိုက်မြေဧက တစ်သိန်းခွဲကျော် ပြန်သိမ်းရန် MIC ပြင်"* [MRTV]. https://www.mrtv.gov.mm/mm/news-20471

[44] Tarkapaw et al., (Dec 2016), "Green Desert" - Communities in Tanintharyi renounce the MSPP Oil Palm Concession. Tarkapaw, TRIP NET, Southern Youth, Candle Light, Khaing Myae Thitsar, Myeik Lawyer Network and Dawei Development Association. https://eia-international.org/wp-content/uploads/Green-Desert-FINAL.pdf

[45] MSPP location: https://ejatlas.org/conflict/mspp-oil-palm-plantation-tanintharyi-region-myanmar

[46] Soe Moe Aung (11 March 2015), "ဆီအုန်းကုမ္ပဏီ မြေတိုးချဲ့နေမှု အစိုးရပြန်လည်သုံးသပ်ရန် KNU တင်ပြထား". [7 Day News] https://7day.news/detail?id=33511

[47] Joint Monitoring Committee (JMC) သည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) အကောင်အထည်ဖော်နိုင်ရေး ယန္တရားတစ်ခုဖြစ်သည်။ ပထမယန္တရားတစ်ခုမှာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် မြေယာအရေးများကို ဆွေးနွေးနိုင်မည့် UPDJC ဖြစ်ပြီး ဒုတိယယန္တရားမှာ အပစ်အခတ်ရပ်စဲရေးကို စောင့်ကြည့်ရန်၊ အရပ်သားထိခိုက်မှုများကို ကာကွယ်ရန်အတွက် ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ဖြစ်သည်။ JMC ကို ပြည်ထောင်စုအဆင့်၊ တိုင်း/ပြည်နယ်အဆင့်နှင့် ဒေသန္တရအဆင့် - အလိုက် ဖွဲ့စည်းထားသည်။

[48] ပထမအကြိမ်လျော်ကြေးကို တစ်ဧကေ ၃၀၀,၀၀၀ ကျပ်နှုန်းဖြင့် ၈၉.၇၈ ဧကအတွက် စုစုပေါင်းငွေကျပ် ၂၆,၉၃၄,၀၀၀ ပေးလျော်ခဲ့ပြီး ဒုတိယအကြိမ်တွင် တစ်ဧကေ ၇၀,၀၀၀ ကျပ်နှုန်းဖြင့် ၁၃၇.၇ ဧကအတွက် စုစုပေါင်းငွေကျပ် ၉,၆၃၉,၀၀၀ ပေးလျော်ခဲ့သည်။

[49] ရေအရင်းအမြစ်များအား ညစ်ညမ်းစေပြီး ကျွဲနွားများသေဆုံးရခြင်း၏ အကြောင်းရင်းဖြစ်သည့် ထပ်ဆင့်သန့်စင်စက်အား ဖယ်ရှားပေးပါရန် ခိုင်မြဲသစ္စာအဖွဲ့က ၂၀၁၈-ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် ကုမ္ပဏီအား ပန်ကြားစာပေးပို့ခဲ့သည်။

[50] Zaw Htet Aung (March 2020), *"There is no VFV in Our area: Movement Compilation of LIOH & Allies"*. [LIOH] https://lioh.org/wp-content/uploads/2020/12/VFV_report_ENG_v2_.pdf

[51] IUCN (2018), *"Communities, Conservation and Livelihood Conference"*. https://www.iucn.org/commissions/commission-environmental-economic-and-social-policy/resources/events/communities-conservation-and-livelihood-conference

[52] Info of 8th EITI Global Conference. https://eiti.org/conference/2019-paris

[53] IUCN NL Conference Report - Environmental Defenders | https://www.iucn.nl/app/uploads/2021/04/24-7_brochure_conference_digitaal.pdf

[54] DW (2016), *"Myanmar's civilian government takes charge"*. https://www.dw.com/en/myanmars-civilian-government-takes-charge/a-19151103

[55] Karen News (12 March 2020), *"Sued Karen Environmental Activist to Fight His Case"*. http://karennews.org/2020/03/sued-karen-environmental-activist-to-fight-his-case/

[56] 'The government actors closely monitor CSO and control the authorization process required to convene meetings & operate programs'. 'Following the protests over stopping the war, several civil society members were arrested'. (Page-32, 33) "The Role of CSOs in the Myanmar Peace Process" – research report of EMReF & IPTI (21 January 2019). https://reliefweb.int/sites/reliefweb.int/files/resources/2nd-edit-the_role_of_csos_in_the_myanmar_peace_process-english_0.pdf

[57] Athan (March 2020), *"A Chance to Fix in Time"* - Analysis of Freedom of Expression in Four Years Under the Current Government. Research Report of Athan – Freedom of Expression Activist Organization. https://crd.org/wp-content/uploads/2020/09/Eng-A-Chance-to-Fix-in-Time.pdf

[58] Open Development Myanmar (11 February 2020), *"Forest Policy & Administration"*. https://opendevelopmentmyanmar.net/topics/forest-policy-and-administration/

[59] CSR is demanded vaguely without specific policy or known notifications although "the Union Minister for Investment and Foreign Economic Relations mentioned that the businesses accredited by Myanmar Investment Commission spend 2% of the net profit for CSR; " appeared in an article from MIR. (16 July 2020). http://miradio.com.mm/news/pyithu-hluttaw's-discussion-about-csr-myanmar

[60] မြေလွတ်/လပ်/ရိုင်းနည်းဥပဒေ ပုဒ်မ-၄၅(က)အရ ". . . ၄-နှစ်အတွင်း စီမံကိန်းအကောင်အထည်ဖော်ရမည်၊ ပထမနှစ်တွင် ၁၅%၊ ဒုတိယနှစ်တွင် ၃၀%၊ တတိယနှစ်တွင် ၃၀% နှင့် လေးနှစ်မြောက်တွင် ရာနှုန်းပြည့် ပြီးစီးရမည် . . " ဟုပြဌာန်းထားသော်လည်း ပြီးမြောက်မှုအား မည်သို့တိုင်းတာမည်ဆိုသည်ကို (မြေရှင်းလ

စိုက်ပျိုးပြီးစီးမှု၊ သို့မဟုတ် ထုတ်ကုန် မည်သည်ကိုအခြေခံထားသည်ကို) ရှင်းလင်းစွာမသိရှိပါ။ ထို့အပြင် အရေးယူဆောင်ရွက်ရာ၌ ခွင့်ပြုချက်အလုံးစုံအားရုတ်သိမ်းမည်၊ သို့မဟုတ် အပင်မစိုက်ထားသည့် မြေကိုသာ ပြန်လည်ရုတ်သိမ်းမည်ဆိုသည်ကိုလည်း ရှင်းလင်းစွာမသိရပါ။

[61] Zaw Htet Aung (2018), "*Pro-Business Circles vs. Individual & Civil Rights – A perspective on land rights in Myanmar.*" Paper presented on 13th International Burma Studies Conference. Abstract on page-12: https://13ibsc2018.weebly.com/abstracts.html

[62] Ei Ei Toe Lwin (11 June 2018), *"Sidelining CSOs is not the right path"*. [the Myanmar Times]. https://www.mmtimes.com/news/sidelining-csos-not-right-path.html

[63] SRJS CCA ရန်ပုံငွေမှ အောက်ပါကိစ္စများအား ခွင့်ပြုပေးထားသည် -

i. အွန်လိုင်းဆက်သွယ်ရေး၊ အိမ်မှအလုပ်လုပ်ခြင်းတို့နှင့် ဆက်နွယ်သည့် လုပ်ငန်းကုန်ကျစရိတ်များ (လက်ရှိဘတ်ဂျက်အတွင်း မပါဝင်ပါက)
ii. တဆင့်ခံစာချုပ်ချုပ်ဆိုထားသည့် အရပ်ဘက်/ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် ရပ်ရွာလူထုများ၏ အွန်လိုင်းဆက်သွယ်ရေး
iii. အသွားအလာကန့်သတ်ထားသည့်ကာလအတွင်း ဥပဒေနှင့်ဆန့်ကျင်သည့်ဖြစ်ရပ်များအား စောင့်ကြည့်လျော့ချနိုင်ရန်လုပ်ငန်းများ (ဥပမာ - စောင့်ကြည့်ရေး နည်းလမ်းများ၊ app များ၊ ကဲမ်ပိန်းများ၊ ဥပဒေအထောက်အကူများနှင့် ပတ်ဝန်းကျင်အရေးတက်ကြွလှုပ်ရှားသူများအတွက် ထပ်ဆောင်းပံ့ပိုးမှုများ)
iv. စီမံကိန်းဒေသများနှင့်နိုင်ငံတွင်းမိတ်ဘက်အဖွဲ့များ၏ ရပ်ရွာလူထုများအတွင်း အရပ်ဘက်လှုပ်ရှားမှုမှုဘောင်ကိုထိခိုက်လာစေမည့် (ကိုရိုနာဗိုင်းရပ်စ်ထိန်းချုပ်ရေး ကြောင့်ဖြစ်စေ) အခြေအနေများအတွက် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် တွန်းအားပေးခြင်းလုပ်ငန်းများ
v. ပိုမိုကောင်းမွန်သောစနစ်များထူထောင်ခြင်း၊ ပြန်လည်စိမ်းလန်းစေခြင်း၊ ရေရှည်တည်တံ့ပြီး ရာသီဥတုပြောင်းလဲမှုအပေါ် အကျိုးသက်ရောက်မှုမရှိစေသည့် စီးပွား ရေး၊ ပိုမိုကောင်းမွန်ပြီး ရေရှည်တည်တံ့သည့် ဂေဟစနစ်ကာကွယ်ရေး အသက်မွေးမှုများအတွက် ချိတ်ဆက်တွန်းအားပေးသည့်လုပ်ငန်းများ
vi. ကိုဗစ်ဒဏ်ထိခိုက်ရသည့် စီမံကိန်းဒေသများရှိ ရပ်ရွာလူထုများနှင့် အမျိုးသမီးများ၏အခွင့်အရေးများအား ကာကွယ်ပေးခြင်းဆိုင်ရာ လုပ်ငန်းများ
vii. မိတ်ဘက်ရပ်ရွာလူထုများအတွင်း ကိုရိုနာဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ၊ ၎င်းတို့၏ သစ်တော/သားရိုင်း/မြစ်ချောင်း/သယံဇာတများအပေါ် ကိုရိုနာ၏ ဖြစ်နိုင်သည့်အကျိုးသက်ရောက်များအတွက် အသိပညာပေးခြင်းများ
viii. မိတ်ဘက်အဖွဲ့များ၏ ဝန်ထမ်းများနှင့် အန္တရာယ်မြင့်သည့်ရပ်ရွာလူထုများအတွက် ကာကွယ်ရေးပစ္စည်းများ (ဥပမာ - နှာခေါင်းစည်း၊ လက်သန့်ဆေး၊ လက်အိတ် စသဖြင့်)
ix. ဒီဂျစ်တယ်လုံခြုံရေးတိုးမြှင့်ခြင်း
x. စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာဒေသများရှိ မိတ်ဘက်ရပ်ရွာလူထုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကာလတို/အရေးပေါ်ပံ့ပိုးမှုအဖြစ် ဒေသ(region) တစ်ခုချင်းတွင် သက်ဆိုင်ရာဒေသတွင်း CCA ရန်ပုံငွေ၏ အများဆုံး ၁၀% ကို ချန်ထားနိုင်သည်။

[64] IFI Watch | https://www.ifiwatchmyanmar.org/



မိတ်ဘက်အဖွဲ့များ၏ လုပ်ငန်းများ၊ ပူးပေါင်း
ဆောင်ရွက်မှုများနှင့် ရလဒ်များကို မှတ်တမ်း
ပြုထားနိုင်ရန်၊ အဆိုပါရလဒ်များရေရှည်တည်တံ့ရေး
အတွက် ဆက်လက်လုပ်ဆောင်သင့်သည့်
အကြံဉာဏ်များကိုနှီးဆွေးနိုင်ရန် ဤအစီရင်ခံစာကို
ပြုစုရခြင်းဖြစ်ပါသည်။

**SRJS မြန်မာ မိတ်ဘက်အဖွဲ့များ**

Supported by -

“အရင်းအမြစ်ဝေမျှ ပူးပေါင်းအဖြေရှာ” (SRJS) စီမံကိန်းသည် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ IUCN-နယ်သာလန် နှင့် WWF-နယ်သာလန် တို့အကြား ၅-နှစ်တာ မိတ်ဘက်ပြုဆောင်ရွက်သည့် စီမံကိန်းဖြစ်သည်။ စီမံကိန်း အတွင်း ဝင်ငွေနည်းနိုင်ငံများနှင့် အလယ်အလတ်ဝင်ငွေ ရှိသည့် နိုင်ငံပေါင်း ၁၆-နိုင်ငံမှ အဲန်ဂျီအို ၅၀-ကျော်နှင့် အရပ်ဘက်အဖွဲ့အစည်းများစွာ ပါဝင်သည်။ စီမံကိန်း၏ ရည်ရွယ်ချက်မှာ ရာသီဥတုပြောင်းလဲမှုကို ကာကွယ်နိုင်ရန်၊ ရေနှင့် စားနပ်ရိက္ခာ ဖူလုံရန်အတွက် ဇီဝအမျိုးစုံလင်မှုနှင့် ဂေဟစနစ်များကို ကာကွယ်ရန်ဖြစ်သည်။ စီမံကိန်းလုပ်ငန်းများအတွင်း အစိုးရများနှင့် စီးပွားရေးလုပ်ငန်းများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်း/ဥပဒေများကို လေးစားလိုက်နာမှု၊ ပွင့်လင်းမြင်သာမှုတို့ အတွက် ဦးတည်ဆောင်ရွက်ကြမည့် အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းဆောင် ရည်များကို တိုးမြှင့်စေခြင်းများလည်း ပါဝင်သည်။

